# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၁၀၉)


**ရာဂသည် ဖောက်ဝင်နိုင်၏**

အိမ်ကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို (သမထ၊ ဝိပဿနာတို့ဖြင့်) ကောင်းစွာ မပွားထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင် နိုင်၏။

ယမကဝဂ်(ဓမ္မပဒ-၁၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၁၀၃)ကြိမ်မြောက် စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာအောင်ဆုနှင်းသဘင်အခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၀၃) ကြိမ်မြောက် စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်အောင်မြေရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော်ရင်ပြင် ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း စုရပ်မှ (၁၀၃)ကြိမ်မြောက် စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကြီးတွင် ဖြေဆိုအောင်မြင်တော်မူကြသည့် သံဃာတော်များအား ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအကျိုးတော်ဆောင်များ၊ အလှူရှင်များနှင့်

*စာမျက်နှာ ၇ ကော်လံ ၄* ❁



ရုရှားနိုင်ငံမှ ဝယ်ယူထားသည့် Sputnik Light ကိုဗစ်-၁၉ ကာကွယ်ဆေးများ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာမှုကို တွေ့ရစဉ်။

# ရုရှားနိုင်ငံမှ ဝယ်ယူထားသည့် Sputnik Light ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထပ်မံရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ရုရှားနိုင်ငံမှ ဝယ်ယူထားသည့် Sputnik Light ကိုဗစ်-၁၉ ကာကွယ်ဆေး Doses ၅၁၂၀၀၀ သည် ယနေ့နံနက်၅နာရီတွင် QATAR လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ထပ်မံရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ရုရှားနိုင်ငံမှ ထုတ်လုပ်သည့် Sputnik Light ကာကွယ်ဆေးများသည် လူတစ်ဦးလျှင် တစ်ကြိမ်သာ ထိုးနှံရန်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ပိုမိုလျင်မြန်စွာ လွှမ်းခြုံနိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် ဝယ်ယူထားသော Sputnik Light ကိုဗစ်ကာကွယ်ဆေး Doses တစ်သန်းအား ရုရှားနိုင်ငံ မော်စကိုမြို့မှ မြန်မာနိုင်ငံသို့ နှစ်ကြိမ်ခွဲပြီး ပို့ဆောင်ပေးခဲ့သဖြင့် ပထမအသုတ် ကာကွယ်ဆေး Doses ၄၈၈၀၀၀ ကို

*စာမျက်နှာ ၃ ကော်လံ ၁* ❒


**ယနေ့ ဖတ်စရာ**

ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း(တူနီးရှားနိုင်ငံ) — ဆောင်းပါး — စာ - ၁၀

ဟွန်ဒူးရပ်စ်နိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူ လူအုပ်ကြီး အမေရိကန်သို့ ဦးတည်ထွက်ခွာ — နိုင်ငံတကာသတင်း — စာ - ၁၃





အိုမီခရွန်ကူးစက်မှုများလာချိန် အမေရိကန်ရှိ ဈေးဝယ်စင်တာများတွင် စားသောက်ကုန်ပြတ်လပ်မှုများ ဖြစ်ပေါ် — နိုင်ငံတကာရေးရာ — စာ - ၁၄




## လစဉ်ပေးဆောင်ရသည့် ဓာတ်အားခ လျှော့နည်းသက်သာကြရလေအောင်

နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိသုံးစွဲလျက်ရှိသော အိမ်ထောင်စုများ ဓာတ်အားချွေတာသုံးစွဲကြရေးအတွက် သက်ဆိုင်ရာက နှိုးဆော်တိုက်တွန်းထားသည်။ မိမိတို့နိုင်ငံတွင် အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၉ သန်းခန့်ရှိရာ လက်ရှိအချိန်တွင် အိမ်ထောင်စုပေါင်း ၆ ဒသမ ၆ သန်းခန့်က နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိသုံးစွဲနေကြသည်။ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် အိမ်ထောင်စု စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်း မီးရနေခြင်းပင်ဖြစ်သည်။

ဓာတ်အားရရှိသုံးစွဲနိုင်ခြင်းဖြင့် လူနေမှုအဆင့်မြင့်တက်သွားသည်။ နေအိမ်များတွင် မီးထွန်း၊ ချက်ပြုတ်၊ တီဗွီကြည့်၊ ပန်ကာ၊ လေအေးပေးစက်၊ အဝတ်လျှော်စက်တို့ တပ်ဆင် စသည်ဖြင့် ခနအင်အား တတ်နိုင်လျှင် တတ်နိုင်သလောက် သုံးစွဲလာကြသည်။ ကျေးရွာများတွင် အသေးစားစက်မှုလုပ်ငန်းများ၊ အလုပ်ရုံငယ်များ ထူထောင်လာနိုင်ကြသည်။ ဓာတ်အားသုံးစွဲမှုက နှစ်စဉ်တိုးတက်နေသကဲ့သို့ ထုတ်လုပ်ဖြန့်ဖြူးမှုအပိုင်းကလည်း နှစ်စဉ်တိုးတက်နေစေရန် အားထုတ်ကြိုးပမ်းနေကြရသည်။ မြန်မာနိုင်ငံတွင် ဓာတ်အားထုတ်လုပ်မှု အများစုကို ရေအားလျှပ်စစ်စနစ်ဖြင့် ထုတ်လုပ်နေခြင်းဖြစ်ပြီး သဘာဝဓာတ်ငွေ့၊ LNG၊ နေရောင်ခြည်စွမ်းအင်နှင့် အခြားနည်းလမ်းများဖြင့် ဓာတ်အားထုတ်လုပ်မှုများရှိသော်လည်း အနည်းစုသာဖြစ်သည်။ ရေအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ပြန်ပြည့်မြဲစွမ်းအင်ဖြစ်ခြင်း၊ ထုတ်လုပ်မှုစရိတ်သက်သာခြင်း စသည့်အားသာချက်များရှိသလို စီမံကိန်းကုန်ကျစရိတ် ကြီးမားခြင်း၊ တည်ဆောက်မှုအချိန်ကာလကြာမြင့်ခြင်း၊ ဓာတ်အားထုတ်လုပ်သည့် နေရာများနှင့် မြို့ပြဒေသများ အလှမ်းဝေးခြင်းစသည့် အားနည်းချက်များလည်းရှိသည်။ အဓိကအားနည်းချက်မှာ ရာသီဥတုအပေါ် မှီခိုနေရခြင်း ဖြစ်သည့်အတွက် မိုးရာသီကုန်ဆုံးခြင်း၊ မိုးရွာသွန်းမှုပုံမှန်ထက်လျော့နည်း၍ ဆည်တမံများတွင် ရေဝင်ရောက်မှုနည်းပါးခြင်း စသည့်အခါများတွင် ဓာတ်အားထုတ်လုပ်မှုကို ပုံမှန်အောက်သာ လျှော့ချထုတ်လုပ်နိုင်ခြင်းပင်ဖြစ်သည်။

ယခုနှစ် မိုးရာသီကုန်ဆုံးချိန်တွင် ယခင်နှစ်များအတိုင်း ရေအားလျှပ်စစ်ထုတ်လုပ်မှုကို လျှော့ချရသည့်အပြင် အခြားသော အကြောင်းအရာများကြောင့် ဓာတ်အားထုတ်လုပ်မှု လျော့ကျနေသည့်အတွက် သုံးစွဲမှုအပိုင်းကလည်း ချွေတာသုံးစွဲကြရေး၊ ဓာတ်အားဖြုန်းတီးမှုများကို သတိပြုရှောင်ကြဉ်ကြရေးအတွက် သက်ဆိုင်ရာက မီဒီယာများမှတစ်ဆင့် နှိုးဆော်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိသုံးစွဲနေသည့် အိမ်ထောင်စု ၆ ဒသမ ၆ သန်းတို့ ဓာတ်အားချွေတာသုံးစွဲခြင်းဖြင့် မိမိတို့မိသားစုရော နိုင်ငံတော်အတွက်ပါ နှစ်ဦးနှစ်ဝ အကျိုးရှိစေမည့် ချွေတာရေးနည်းလမ်းကိုလည်း အကြံပြုလမ်းညွှန်ထားသည်ကို တွေ့ရသည်။ ဓာတ်အားသုံးစွဲနေကြသည့် အိမ်ထောင်စုများတွင် ရိုးရိုးမီးလုံး၊ မီးချောင်းများအစား LED မီးလုံး၊ မီးချောင်းများကို လဲလှယ်သုံးစွဲကြရန်နှင့် မလိုအပ်သောနေရာများမှ မီးခလုတ်များကို ပိတ်ထားကြရန်ဖြစ်ရာ လွန်စွာရိုးရှင်းလွယ်ကူသည့်အပြင် မိသားစုအတွက် လျှပ်စစ်မီတာခ လျှော့နည်းသက်သာစေမည့် အကျိုးကျေးဇူးကို လက်ငင်းရရှိနိုင်ကြမှာဖြစ်သည်။

**LED (light emitting diodes)** မီးလုံး၊ မီးချောင်းများသည် သမားရိုးကျမီးလုံး၊ မီးချောင်းများနှင့် နှိုင်းယှဉ်ပါက စွမ်းအင်လိုအပ်ချက် ၈၅ ရာခိုင်နှုန်းအထိ လျော့နည်းသည့်အတွက် ဝပ်အား အတူတူသုံးစွဲလျှင်ပင် အလင်းအားပိုမို၍မြင့်မားသည်။ ထို့ပြင် တာရှည်လည်းခံသည်။ သာမန်မီးလုံး၊ မီးချောင်းများထက် ဈေးပိုကြီးသော်လည်း လွန်စွာမြင့်မားသည့် ဈေးနှုန်းမဟုတ်သည့်အပြင် ဓာတ်အားခသက်သာခြင်းနှင့် သက်တမ်းတာရှည်ခြင်းတို့ကြောင့် ပို၍တွက်ခြေကိုက်သည်။ လူမရှိဘဲ မီးထွန်းထားခြင်း၊ တီဗွီဖွင့်ထားခြင်း၊ ပန်ကာလေအေးပေးစက်များ ဖွင့်ထားခြင်း၊ မီးဖို၊ ရေတင်သည့်မော်တာ၊ မီးပူ အစရှိသည့် ဓာတ်အားသုံးစွဲမှုမြင့်မားသည့်ကိရိယာများကို တစ်ပြိုင်တည်း သုံးစွဲခြင်း စသည်တို့ကို ဆင်ခြင်ရှောင်ကြဉ်ခြင်းအားဖြင့် ဓာတ်အားခလျှော့နည်းသက်သာစေမည်ဖြစ်သည်။ မိသားစုအတွက်ရော နိုင်ငံအတွက်ပါ အကျိုးရှိစေမည့် လျှပ်စစ်ဓာတ်အားချွေတာရေး ကျင့်စဉ်များကို လက်တွေ့ကျကျ ကျင့်သုံးခြင်းဖြင့် အကျိုးဆောင်နိုင်ကြပါစေကြောင်း။ ။

---

ပြည်ထောင်စုအကျိုး သယ်ပိုးဖို့
အသိပညာ မြှင့်တင်စို့

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့်
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့်

**စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် မှ ၃၁ ရက်
ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ နေပြည်တော်။

---

## ရေအားလျော့နည်းပြတ်တောက်မည့် အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သည် ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မြို့တွင်းမြို့နယ်များသို့ ရေပေးဝေလျက်ရှိသော ကုက္ကိုင်းရေလှောင်ကန်သို့ ရေပြည့်ဝစွာရောက်ရှိနိုင်ရန်အတွက် ရေကူးရေတွန်းစက်ရုံဝင်းအတွင်းရှိ ဂျိုးဖြူပိုက် (၅၆" Ø MS) ယိုစိမ့်မှုအား ပိုက်အသစ်အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ၁၈-၁-၂၀၂၂ ရက်နေ့ မွန်းတည့် (၁၂:၀၀) နာရီမှ ည (၂၄:၀၀) အထိ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂။ လုပ်ငန်းဆောင်ရွက်နေစဉ် ကာလအတွင်းနှင့် ၁၉-၁-၂၀၂၂ ရက်နေ့ မွန်းတည့် (၁၂:၀၀) နာရီအထိ ရေကူးရေတွန်းစက်ရုံမှတစ်ဆင့် ရေပေးဝေလျက်ရှိသော တောင်ဥက္ကလာပ၊ ရန်ကင်း၊ မရမ်းကုန်း၊ ဗဟန်း၊ ကမာရွတ်မြို့နယ်များနှင့် ကုက္ကိုင်းရေလှောင်ကန်မှတစ်ဆင့် ရေပေးဝေလျက်ရှိသော စမ်းချောင်း၊ အလုံ၊ ကြည့်မြင်တိုင်၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံ၊ လသာ၊ လမ်းမတော်၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်နှင့် ပုဇွန်တောင်မြို့နယ်များတွင် ရေအားလျော့နည်းပြတ်တောက်မှုများ ဖြစ်ပေါ်နိုင်ပါသဖြင့် ရေသုံးစွဲသူပြည်သူများအနေဖြင့် ရေကြိုတင်စုဆောင်းထားနိုင်ပါရန် ကြိုတင်အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## လဟယ်မြို့တွင် ၂၀၂၂ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုပြတိုက်သစ်ဖွင့်ပွဲကျင်းပ

**လဟယ် ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်သည့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် နာဂရိုးရာယဉ်ကျေးမှု ပြတိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရိုးရာယဉ်ကျေးမှုကွင်း၌ ကျင်းပသည်။



ရှေးဦးစွာ နာဂဒေသစီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးနေမင်းသူ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇာနည်ဝင်း၊ နာဂစာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးပေါင်ခု (**အပေါ်ယာပုံ**) တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး နာဂရိုးရာဆုတောင်းတိုင်ကို စိုက်ထူကာ နာဂဒေသစီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူးက နှစ်သစ်ကူးနှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ထို့နောက် လဟယ်မြို့ နာဂစာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီနာယက ဦးမောင်ညာဏ်က ကျေးဇူးတင်စကား ပြောကြားကာ နှစ်သစ်ကူးလက်ဆောင်များကို တာဝန်ရှိသူများက ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာသူများက ရိုးရာပန်တုံးကို တီးခေါက်ပြီး ရိုးရာအစားအစာများနှင့် ညှော့ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**ပါမင်းလှိုင်(လဟယ်)**

---

## ကျောက်တန်းမြို့နယ် သမဝါယမအသင်းစုက ဒေသထွက်ဆန်များ ဖြန့်ဖြူးရောင်းချ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး စဉ်ဆက်မပြတ် လုပ်ငန်းများလည်ပတ်နိုင်စေရန်နှင့် စားသုံးသူအသင်းသားပြည်သူများသို့ စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဖြန့်ဖြူးရောင်းချရာတွင် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ပေါင်းစပ်ပေးမှုဖြင့် ကျောက်တန်းမြို့နယ် သမဝါယမအသင်းစုမှ ဒေသထွက် ကြားပျံပေါ်ဆန်း ၂၄ ပြည်ပါအိတ် ၂၀၀ ကို မှော်ဘီ၊ ရန်ကင်း၊ သန်လျင်၊ မြောက်ဥက္ကလာပ၊ ကျောက်တံတား၊ မရမ်းကုန်း၊ တာမွေနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် သမဝါယမအသင်းစုများမှတစ်ဆင့် မြို့နယ်များရှိ အသင်းသားပြည်သူများသို့ ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လွတ်လပ်ရေးဆုံးရှုံးရသည်ထက် ကြီးမားသည့်ဆုံးရှုံးမှု မရှိ

နိုင်ငံတော်အနေဖြင့် လွတ်လပ်ရေးဆုံးရှုံးရန်အတွက် ရက်ပိုင်း လပိုင်းမျှသာ ကြာမြင့်နိုင်သော်လည်း ဆုံးရှုံးသွားသည့်လွတ်လပ်ရေးကို ပြန်လည်ရယူရန်အတွက် ကြိုးပမ်းရာတွင် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ရပါသည်။ အသက်ပေါင်းများစွာလည်း ပေးဆပ်ခဲ့ရပါသည်။ နိုင်ငံ တစ်နိုင်ငံတွင် လွတ်လပ်ရေးဆုံးရှုံးရသည်ထက် ကြီးမားသည့်ဆုံးရှုံးမှု မရှိသောကြောင့် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားအားလုံးတွင် ထိန်းသိမ်းစောင့်ရှောက်ရန် အပြည့်အဝ တာဝန်ရှိပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၄-၁-၂၀၂၂ ရက်နေ့တွင် ပေးပို့သည့် (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Conference Room ၌ ရုပ်သံလိုင်းများမှ သတင်းဖတ်ကြားသူများ၊ သတင်းအယ်ဒီတာများနှင့် တွေ့ဆုံသည်။ (အောက်ဝဲပုံ)



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မီဒီယာကဏ္ဍသည် အလွန်အရေးပါပြီး နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးအောင် တည်ဆောက်ရာတွင် အရေးကြီးပါကြောင်း၊ ခေတ်နှင့်လျော်ညီသော၊ နှုပျိုသစ်လွင်သော စိတ်ဝင်စားဖွယ် အစီအစဉ်ကောင်းများ စီစဉ်ထုတ်လွှင့်နိုင်ရေးအတွက် MRTV News Channel ကို တိုးချဲ့စမ်းသပ်ထုတ်လွှင့်ပေးလျက် ရှိကြောင်း၊ နုပျိုသစ်လွင်သည့် တင်ဆက်မှုများကို အများပြည်သူဝန်ဆောင်မှု မီဒီယာပုံစံဖြင့် ပြည်သူ့အတွက် ဦးစားပေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် ပြည်သူများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည့်အတွက် ပြည်သူများ အသိမှန်၊ အမြင်မှန်၊ အတွေးမှန်စေရန် မီဒီယာနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာမြင့်မားရေး၊ ဌာန၏ ဂုဏ်သိက္ခာမြင့်မားရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်မီဒီယာနည်းလမ်းများဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအတွက် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ ညွှန်ကြားရေးမှူး (ရုပ်မြင်) ဒေါ်မိုးသူဇာအောင်က လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက် တည်ဆောက်ပြီးစီးမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့သည်။ **သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

ဇန်နဝါရီ ၁၃ ရက်နှင့် ဒုတိယအသုတ် ကာကွယ်ဆေး Doses ၅၁၂၀၀၀ ကို ဇန်နဝါရီ ၁၆ ရက် **(ယနေ့)** တွင် ထပ်မံပို့ဆောင်ပေးခဲ့ခြင်းသည်။

**ဆက်လက်**
**ဖြန့်ဝေသွားမည်**

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေး သိုလှောင်ခန်း၌ ထားရှိပြီး တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကန့်ဘလူမြို့နယ်တွင် နွေစပါးစိုက်ပျိုးမည့်အကျိုးဆောင်တောင်သူများအား ဓာတ်မြေဩဇာများ ဖြန့်ဖြူးရောင်းချပေး

**ကန့်ဘလူ ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် လာမည့်နွေစပါး စိုက်ပျိုးရာသီ၌ ဒေသခံအကျိုးဆောင်တောင်သူ လယ်သမားများအား ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ယူရီးယားဓာတ်မြေဩဇာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်က အကျိုးဆောင် တောင်သူများကို ယူရီးယား ဓာတ်မြေဩဇာများ ရောင်းချပေးရခြင်း ရည်ရွယ်ချက်များ၊ အထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြရန်နှင့် စိုက်ပျိုးရေများ အသုံးပြုရာတွင် အလေအလွင့်မဖြစ်စေရေး စနစ်တကျ ဆောင်ရွက်ကြရန်ကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစံအောင်က စပါးအထွက်နှုန်း တိုးတက်စေရန် မြေယာပြုပြင်ခြင်း လုပ်ငန်းများ၊ မြေဩဇာနှင့် ပိုးသတ်ဆေး အသုံးပြုသည့် နည်းစနစ်များ၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရမည့် နည်းလမ်းများ၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့် နည်းစနစ်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် နွေစပါးစိုက်ပျိုးမည့် ဒေသခံတောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ၆၉၅ အိတ်ကို ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း၊ ဆက်လက်ပြီး ယူရီးယားဓာတ်မြေဩဇာများကို ဖြန့်ဖြူးရောင်းချပေးသွားမည် ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစံအောင်က ပြောသည်။

ကန့်ဘလူမြို့နယ်၌ ၂၀၂၁-၂၀၂၂ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါး ၂၉၅၁၀ ဧကလျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# စက်မှုမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် စက်မှုဝန်ကြီးဌာန၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီတို့မှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေအတိုင်း ဆောင်ရွက်နိုင်မည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

စက်မှုမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် စက်မှုဝန်ကြီးဌာန၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီတို့မှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေအတိုင်း ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၄ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သလ္လာဝတီလမ်းရှိ Center of Excellence ၌ ကျင်းပသည်။

ရှေးဦးစွာ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုလွင်က စက်မှုမှတ်ပုံတင်ခြင်း၊ စက်မှုလုပ်ငန်းများ စစ်ဆေးခြင်း၊ ဘွိုင်လာစစ်ဆေးခြင်း၊ လျှပ်စစ်စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ နိုင်ငံတော်မှ မူဝါဒချမှတ်ထားသည့်အခြေအနေ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေး စီမံဆောင်ရွက်နေမှုနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်မှုမှတ်ပုံတင်ပြုလုပ်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ဆွေးနွေးတင်ပြသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌက ကောင်စီနည်းဥပဒေ ပြဋ္ဌာန်းချက်များပါ တားမြစ်ထားသောလုပ်ငန်းများ၊ ကန့်သတ်ခွင့်ပြုထားသောလုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် တွဲဖက်အတွင်းရေးမှူးက စက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ အသင်းမှ ခေတ်မီစက်မှုနည်းပညာများ ပြန့်ပွားရေးအတွက် ဆောင်ရွက်နေမှု၊ ပြည်တွင်းပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များကို လိုအပ်သောအကူအညီများ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ပြည်တွင်းရှိ စက်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးမီ ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဒုတိယဝန်ကြီး ဦးကိုကိုလွင်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး နိုင်လယိတမတို့နှင့်အတူ မွန်ပြည်နယ် ဘီးလင်းမြို့ရှိ အမှတ်(၂၂)အကြီးစားစက်ရုံ(ဘီးလင်း) သို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်မှ အားပေးကူညီလျက်ရှိကြောင်း၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းချိုသာစွာ ရောင်းချနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ယူနစ်ထုတ်လုပ်မှုစရိတ် လျှော့နည်းသက်သာစေရေးအတွက် အလေအလွင့်မရှိရန်နှင့် အသုံးစရိတ်များ ခြိုးခြံချွေတာရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းတာယာ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေးအတွက် ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်စေရေးအတွက် အရည်အသွေးအာမခံသည့် စနစ်များ ထူထောင်ထားရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ဈေးကွက်သုတေသနပြုလုပ်သည့်လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ သုံးစွဲသူများ၏ လိုအပ်ချက်များကို အချိန်မီ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း မှာကြားပြီး ရေဒီယယ်တာယာအမျိုးမျိုး ထုတ်လုပ်နေသည့် လုပ်ငန်းအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အရက်ချက်စက်ရုံ (ဘီးလင်း)သို့ ရောက်ရှိပြီး စက်ရုံ၌ ရှိပြီးဖြစ်သည့် အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရန်၊ ပုဂ္ဂလိကနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားမှု အဆိုပြုလွှာ (EoI) ခေါ်ယူရန်၊ စက်ရုံ၌ ရှိသည့် စက်ပစ္စည်းကိရိယာများ ပျက်စီးဆုံးရှုံးမှု မရှိစေရေး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အစဉ်အမြဲဆောင်ရွက်ရန် မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ သကြားစက်ရုံ (ဘီးလင်း) သို့ ရောက်ရှိပြီး စက်ရုံအတွင်း ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆင်ပေါင်ဝဲမြို့နယ်၌ ကွန်ကရစ်လမ်းခင်းနေမှုအခြေအနေကို ကွင်းဆင်းစစ်ဆေး

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲ ၃ နာရီက ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေး ခြောက်လ ဘတ်ဂျက်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (VDP) စီမံကိန်းဖြင့် ဆောင်ရွက်နေသည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(အောက်ပုံ)**

ထိုသို့ စစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် လယ်ကျိုးကျေးရွာတွင် အကျယ် ၁၂ ပေ၊ ထု ၆ လက်မ၊ ပေ ၇၀၀ ကွန်ကရစ်လမ်းဆောင်ရွက် ပြီးစီးမှုအခြေအနေများနှင့် မကြီးစမ်းကျေးရွာ ကွန်ကရစ်လမ်းအရှည်ပေ ၁၄၀၀ ဆောင်ရွက်နေမှုအခြေအနေများအား မြေပြင်ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်း(ပြန်/ဆက်)**



**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**


လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၂၄)နာရီ HELP LINE ဝန်ဆောင်မှု

အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် ကျားမရေးရာအခြေပြု အကြမ်းဖက်မှုဖြစ်ရပ်များ၊ သက်ငယ်မုဒိမ်းဖြစ်ရပ်များ၊ ကလေးသူငယ်များ၊ ဆယ်ကျော်သက်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အို တို့နှင့် ပတ်သက်၍ လူမှုရေးနည်းလမ်းအရ ဖြေရှင်း ဆောင်ရွက်ပေးရန်လိုအပ်ပါက

✓ ကာယကံရှင်ကိုယ်တိုင်သော်လည်းကောင်း၊

✓ သိရှိသူ ပြည်သူများမှလည်းကောင်း

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Helpline တယ်လီဖုန်းနံပါတ် ၀၆၇-၄၀၄၂၂၂ နှင့် ၀၆၇-၄၀၄၉၉၉** သို့ ယုံကြည်စိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ပြီး၊ Viber နံပါတ် **၀၉- ၈၈၉၉၁၁၁၄၄** သို့ Viber Message ပေးပို့၍လည်းကောင်း၊ Helpline-DSW Page Messenger သို့ Message ပေးပို့၍လည်းကောင်း တိုင်ကြားနိုင်ပါသည်။

**Viber နှင့် Messenger များသို့ ပေးပို့တိုင်ကြားပါက အမည်၊ လိပ်စာ၊ ဖုန်းနံပါတ် ထည့်သွင်းဖော်ပြပေးပါရန်**

၀၆၇-၄၀၄၂၂၂ ၊ ၀၆၇-၄၀၄၉၉၉
**Viber နံပါတ် ၀၉- ၈၈၉၉၁၁၁၄၄**
**Page Messenger – Helpline-DSW**

TOP SECRET CONFIDENTIAL TOP SECRET

တိုင်ကြားသူများ၏ သတင်းအချက်အလက် မပေါက်ကြားရေးကို အထူးအလေးထား ကာကွယ်ပေးသွားမှာဖြစ်ပြီး တိုင်ကြားမှုများအား လူမှုရေးနည်းလမ်းများဖြင့် ကူညီဖြေရှင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည်များကို ညွှန်းပို့ချိတ်ဆက်ပေးခြင်းတို့ဖြင့် ဝန်ဆောင်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို နန်းဦးကျောင်းတိုက်ဆရာတော်အား သွားရောက်ဖူးမြော် ကျောင်းဝင်းအတွင်း ရှေးဟောင်းသာသနိက သစ်သားဘုန်းတော်ကြီးကျောင်း ပြုပြင်မွမ်းမံပြီးစီးမှုအား ကြည့်ရှုစစ်ဆေး



မန္တလေး ဇန်နဝါရီ ၁၆

**မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် ချမ်းအေးသာစံမြို့နယ် နန်းဦးကျောင်းတိုက်သို့ ယနေ့မွန်းလွဲပိုင်းကရောက်ရှိပြီး တိုက်အုပ်ဆရာတော်နှင့် ဆရာတော်များအားဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ကျောင်းအတွင်း နှစ်ပေါင်း ၁၃၀ ကျော်ရှိ ရတနာပုံခေတ်လက်ရာ ရှေးဟောင်းသာသနိက သစ်သားဘုန်းကြီးကျောင်းဆောင် ပြုပြင်မွမ်းမံပြီးစီးမှုအား ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်နေမှုကို တင်ပြလျှောက်ထားပြီး နန်းဦးကျောင်းတိုက် ဒုတိယတိုက်အုပ်ဆရာတော်ကြီးက သာသနာအစွန့်ရှည်တည်တံ့နေရေးဆိုင်ရာ ကိစ္စရပ်များကို ပြန်လည်မိန့်ကြားသည်။

**ပြန်လည်ပြုပြင်ဆောင်ရွက်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆရာတော်များအား သင်္ကန်း၊ ဝတ္ထုနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းဝင်းအတွင်း နှစ်ပေါင်း ၁၃၀ ကျော်ရှိ ရတနာပုံခေတ်လက်ကျန် သာသနိက သစ်သားဘုန်းတော်ကြီးကျောင်းဆောင်ကို ကြည့်ရှုစစ်ဆေးကာ ကျောင်းအားရှေးမူမပျက်ပြင်ဆင်ရေး၊ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေး၊ မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးသွယ်တန်းမှုများအား စနစ်တကျ ပြန်လည်ပြုပြင်ဆောင်ရွက်ရန် မှာကြားသည်။(ဝဲပုံ)

**သတင်းစဉ်**

# လှိုင်မြစ်-လှော်ကား ရေအားဖြည့်စီမံကိန်း ရန်ကုန်မြို့တော်ဝန်နှင့် စီးပွားရေးရာဝန်ကြီး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၆

**ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦးတို့သည် ယနေ့ နံနက် ၇ နာရီခွဲတွင် မှော်ဘီမြို့နယ် ဆန်စပါးသုတေသနဌာန မြေနေရာဝင်းအတွင်း ဆောင်ရွက်နေသော လှိုင်မြစ်-လှော်ကား ရေအားဖြည့်စီမံကိန်းသို့ ရောက်ရှိပြီး ယခုကာလသည် နွေစပါးအတွက် ရေခေါ်မြောင်း၊ ရေသွင်းမြောင်းများ Upgrade လုပ်နေရသည့် အချိန်ဖြစ်၍ ဧက ၁၀၀ အတွက် အကျိုးပြုနိုင်သည့်အပြင် ရန်ကုန်မြို့အတွက် လိုအပ်သည့်သောက်သုံးရေ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်းနှင့် မှော်ဘီမြို့အား ဖြတ်သန်းဆောင်ရွက်ရခြင်းဖြစ်၍ ပြန်လည်ပြုပြင်ဆောင်ရွက်မှုများကို မူလကထက် ပိုမိုကောင်းမွန်ရန် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်းမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။**



ထို့နောက် စီမံကိန်းလုပ်ငန်းခွင်အတွင်း မြေသားအကြို အနည်ထိုင်ကန် တည်ဆောက်ပြီးစီးမှု၊ ရေဝင်မြောင်း တူးဖော်နေမှု၊ ရေတွန်းစက်ရုံ Basement Wall သံချည်သံကွေး လုပ်ငန်းနှင့် ရေဂိတ်တံခါး Base Slab Lean Concrete လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ရေသန့်စင်ရန် Chemical Dosing Facilities တည်ဆောက်နေမှု၊ ရေတွန်းစက်ရုံ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ယင်းနောက် မြို့ချောင်းလမ်းနှင့် ရေပေးမြောင်းဆုံရာ ကားလမ်းကူးတံတားနှင့် Pipe Syphon တည်ဆောက်ထားမှု၊ မြို့ချောင်းရွာအနီး ရေပေးမြောင်းတွင် Trifurcation, Bifurcation နှင့် မြောင်းခွဲအဆောက်အအုံ ဆောင်ရွက်နေမှုနှင့် ၎င်းမှ မြို့ချောင်းရွာ လှိုင်မြစ်ကမ်းဘေးရှိ ကန်ကလေး ရေတင်စခန်း ရေပို့လွှတ်မည့်နေရာတွင် အချင်း ၃၀ လက်မ MS မြစ်ရေတင်ပိုက်လိုင်း ခြောက်လိုင်း သွယ်တန်းထားမှု၊ ပန့်နှင့် မော်တာများ တပ်ဆင်အသုံးပြုနိုင်ရန် Pontoon သုံးခု တည်ဆောက်ထားမှုနှင့် 33/3.3KV, 2.5MVA ကန်ကလေး လျှပ်စစ်မြစ်ရေတင် ဓာတ်အားခွဲရုံ တည်ဆောက်နေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် မင်္ဂလာကန်သို့ သွားရောက်၍ မင်္ဂလာကန်ရေပိုလွှဲ Spill Way နှင့် ရေထုတ်မြောင်းအနီး အလျား ပေ ၁၂၀၊ အနံပေ ၅၀၊ ရေစုကန် တူးဖော်ပြီးစီးမှု၊ ခရေပင်လမ်း မျက်နှာစာ ကန်ပေါင်ပေါ်တွင် လူသွားစင်္ကြံ စက်ဘီးလမ်း ပြုလုပ်ရန် အရှည် ပေ ၁၂၀၀၊ အကျယ် ပေ ၂၀၊ မြေညှိပြုပြင်ပြီးစီးမှု၊ သစ်တောဦးစီးဌာန၊ မင်္ဂလာဒုံ ပျိုးဥယျာဉ်ဘက်အခြမ်း Aqua-marine နှင့် Amphibious Excavator ယာဉ်များဖြင့် ဗေဒါ၊ ဒိုက်၊ ရေမှော်၊ ကိုင်းတောများ ရှင်းလင်းနေမှု၊ ကန်ပတ်လည် မြက်ပင်၊ ချုံနွယ်များ ရှင်းလင်းပြီးစီးမှုနှင့် အရိပ်ရအပင်များ၏ အုပ်မိုးကိုင်းများ ရှင်းလင်း အလင်းဖွင့်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု ယာဉ်တစ်စီးဖြင့် နှာခေါင်းစီး (Mask) ငါးတန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## မော်လိုက်မြို့အနီး အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ဇန်နဝါရီ ၁၆ ရက် မြန်မာစံတော်ချိန် ၁၇ နာရီ ၂၁ မိနစ် ၀၄ စက္ကန့် အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၄၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (မော်လိုက်မြို့၏ အရှေ့မြောက်ဘက် ၂၉ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၈၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၈၃ ဒီဂရီ၊ အနက် ၆၃ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်(ချ်)တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။




**မြန်မာ့အလင်း**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း မောင်တောခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**စစ်တွေ ဇန်နဝါရီ ၁၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက မောင်တောခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မောင်တောခရိုင် မြင်းလွတ်မြို့ ကျောက်ပန္နူ ကျေးရွာအုပ်စု ကျောက်ပန္နူ- စေတီပြင်ကားလမ်းဘေးရှိ မြေနေရာတွင် တိုက်ပွဲရှောင် မြို့တိုင်းရင်းသားအိမ်ထောင်စု ၁၅၀ အား နေရာချထားမည့် မြေနေရာအား သွားရောက်ကြည့်ရှုကြရာ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခရေမြိုင်ကျေးရွာအနီး ရှင်းလင်းဆောင်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးက ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ် သန်း ၁၅၀ ဒသမ ၁၉၀ ဖြင့် ဝေသာလီ- ဥဒေါင်းလမ်း ၁၃ မိုင်တွင် ကွန်ကရစ်လမ်းပိုင်းပျက်စီးနေမှုများကို ပြန်လည်ပြုပြင်နေမှု၊ လမ်းပခုံးဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကြပြီး နယ်စပ်ကုန်သွယ်ရေးအတွက် အချက်အချာကျသည့် ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည့်အတွက် လမ်းကြံ့ခိုင်ကောင်းမွန်ရေး အထူးအလေးထားဆောင်ရွက်ပေးကြရန် မှာကြားကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ မောင်တောမြို့ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းသို့ သွားရောက်ပြီး အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ် (၂)တွင် တက်ရောက်သင်ကြားလျက်ရှိသော သင်တန်းသူများနှင့် သင်တန်းနည်းပြများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ သင်တန်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သင်တန်းသူများအိပ်ဆောင်နှင့် စားရိပ်သာများအား လှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မောင်တောမြို့ မြို့မကျောင်းတိုက်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော မဟာကျန် ဗုဒ္ဓရုပ်ပွားတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ကျောင်းတိုက်အတွင်း၌ မောင်တောမြို့ပေါ်မှ ဆရာတော် သံဃာတော်များအား ဖူးမြော်ကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မောင်တောနယ်စပ် - ကညင်ချောင်း စီးပွားရေးဇုန် တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ပြီး စီးပွားရေးဇုန်ကြီးကြပ်ရေးကော်မတီရုံးခန်းမ၌ ဌာနဆိုင်ရာများ၊ စီးပွားရေးဇုန်တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ တွေ့ဆုံစဉ် မောင်တောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ကညင်ချောင်းစီးပွားရေးဇုန် ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ နယ်စပ်စီးပွားရေး ဆောင်ရွက်မည့်အခြေအနေနှင့် နွားပွဲဈေး သတ်မှတ်ဆောင်ရွက်မည့်အခြေအနေများကိုလည်းကောင်း၊ ခရိုင်လမ်းဦးစီးမှူးက ကညင်ချောင်းစီးပွားရေးဇုန် ပင်မလမ်းရေရှည်ကောင်းမွန်စေရေး ပြုပြင်ဆောင်ရွက်ရမည့် အခြေအနေများအားလည်းကောင်း၊ ကညင်ချောင်းစီးပွားရေးဇုန် ဒုတိယဥက္ကဋ္ဌ၊ ဦးအောင်မြင့်သိန်းက ကညင်ချောင်းစီးပွားရေးဇုန် တည်ဆောက်နေမှု၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် နိုင်ငံခြားဝင်ငွေရရှိမှု၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့်အညီ ဆောင်ရွက်နေမှုစသည့် ကိစ္စများနှင့်ပတ်သက်၍ လည်းကောင်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက စီးပွားရေးဇုန် ဆောင်ရွက်မှုများနှင့်လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့ကအကြံပြုဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မောင်တော- ကညင်တန်း- အလယ်သံကျော်- အငူမော်လမ်းပိုင်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေနှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြို့တော်ဘိလပ်မြေစက်ရုံ(ပြည်ညောင်) တိုးချဲ့တည်ဆောက်လျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီသည် ကော်မတီဝင် ဒေါက်တာ ငွေစန်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြည်ညောင်ကျေးရွာအနီး မြေဧရိယာ ၅၁၅ ဧကပေါ်ရှိ တစ်နေ့တန် ၅၀၀ ကျ Wet Process မြို့တော်ဘိလပ်မြေစက်ရုံ (ပြည်ညောင်) အား Yadanar Sai Kaung Myat Kyaw Mining Co.,Ltd မှ တာဝန်ယူ၍ တစ်ရက်လျှင် ဘိလပ်မြေ တန် ၆၀၀၀ ကျ နှစ်လိုင်း တိုးချဲ့တည်ဆောက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းများကို လိုက်လံစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များအား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်အတွင်း၌ Excellent Fortune Development Group ၏ ဒါရိုက်တာ ဦးတေဇက စက်ရုံအဆင့်မြှင့်တင် တိုးချဲ့ဆောက်ရွက်သွားမည့်အစီအစဉ်၊ နိုင်ငံတကာ အဆင့်မီ နောက်ဆုံးနည်းစဉ်ဖြစ်သည့် New Dry Process ဖြင့် တစ်ရက်လျှင် တန် ၆၀၀၀ ကျ နှစ်လိုင်း ဘိလပ်မြေစက်ရုံ စီမံကိန်း အကောင်အထည်ဖော်မည့် လျာထားချက်များ၊ တိုးချဲ့ဆောင်ရွက်မည့် စီမံကိန်းဧရိယာနှင့် မလွတ်ကင်းသည့် မူလအဆောက်အအုံများစာရင်း မူလတစ်ရက်တန် ၅၀၀ ကျ စက်၏ အဆောက်အအုံများ၊ တိုးချဲ့စီမံကိန်းတွင် ထည့်သွင်းဆောက်လုပ်မည့် အဆောက်အအုံများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယမြို့တော်ဝန်မှ လုပ်ငန်းများ ဆောလျှင်စွာ အမြန် အကောင်အထည်ဖော်ဆောင်ရွက်ရေးကို မှာကြားပြီး တင်ပြချက်များအပေါ် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် စက်ရုံတည်ဆောက်မည့် မြေနေရာ ပြုပြင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက ၅၁၅ ဧကအနက်မှ ၁၈၅ ဧကတွင် မြေပြင်ပြုပြင်ထားရှိမှု၊ ကျောက်မီးသွေးစုပုံကွင်း၊ ကျောက်ခွဲစက်၊ ဘိလပ်မြေကြိတ်စက်၊ အရာရှိအိမ်ရာ၊ ရုံးခန်းနှင့် ထမင်းစားဆောင် တည်ဆောက်မည့် မြေနေရာများ၊ မြေပြင်ပြုပြင်ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ မလွတ်ကင်းသည့် အဆောက်အအုံများ၊ တည်ဆောက်ပြီး စက်ရုံဟောင်း အခြေအနေများကို လိုက်လံရှင်းလင်းပြသရာ ဒုတိယမြို့တော်ဝန်က လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ ဘိလပ်မြေစက်ရုံ တိုးချဲ့တည်ဆောက်ရေးစီမံကိန်းတွင် Kiln Head & Central Control Room (CCR) တစ်လုံး၊ ဝန်ထမ်းအိမ်ရာ၊ နှစ်လုံး၊ အုပ်ချုပ်မှုအဆောက်အအုံ တစ်လုံး၊ ဝန်ထမ်းစားရိပ်သာ တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ၃၅ ပေ၊ အမြင့် ၁၂ ပေ နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ လေးလုံး၊ အလျား ပေ ၁၂၀၊ အနံ ၃၂ ပေ၊ အမြင့် ၁၂ ပေ ဝန်ထမ်းအမျိုးသားဆောင် သုံးလုံး၊ အလျား ၁၁၂ ပေ၊ အနံ ၃၂ ပေ၊ အမြင့် ၁၂ ပေ လူပျိုဆောင် သုံးလုံး၊ အလျား ပေ ၁၀၀၊ အနံ ၃၆ ပေ၊ အမြင့် ၁၂ ပေ လေးခန်းတွဲဝန်ထမ်းအိမ်ရာ ခုနစ်လုံး၊ အလျား ပေ ၁၀၀၊ အနံ ၃၆ ပေ၊ အမြင့် ၁၂ပေ ငါးခန်းတွဲ ဝန်ထမ်းအိမ်ရာ လေးလုံး စုစုပေါင်း ၂၅ လုံး ထည့်သွင်းတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်းနှင့် 10MW Waste Heat Power Generation တစ်ခုစီပါရှိသည့် နိုင်ငံတကာအဆင့်မီ နောက်ဆုံးနည်းစဉ်ဖြစ်သည့် New Dry Process ဖြင့် တစ်ရက်လျှင် ဘိလပ်မြေတန် ၆၀၀၀ ကျ နှစ်လိုင်းကို သတ်မှတ်ကာလငါးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခ များများကျသင့်ခြင်းမှ ရှောင်ရှားပါ**

# ဟိုပန်၌ အသက် ၈၅ နှစ်အထက် အဘိုးအဘွားများအား လူမှုရေးပင်စင် ထောက်ပံ့

**ဟိုပန် ဇန်နဝါရီ ၁၆**

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်၌ အသက် ၈၅ နှစ်အထက် အဘိုးအဘွားများအား ကျန်းမာရေးကောင်းမွန်၍ အာဟာရဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး လူမှုရေးပင်စင်ငွေနှင့် အာဟာရမုန့်များ ထောက်ပံ့ခြင်းကို ဇန်နဝါရီ ၁၅ ရက်က အိမ်တိုင်ရာရောက် ကွင်းဆင်းပေးအပ်သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်ဖြစ်သည့် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများအတွက် လူမှုရေးပင်စင်ထောက်ပံ့ကြေးငွေ တစ်လလျှင် တစ်သောင်းကျပ်နှုန်းဖြင့် သုံးလစာ သုံးသောင်းကျပ်စီကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး ဟိုပန်မြို့နယ်အတွင်းတွင် အသက် ၈၅ နှစ်အထက် အဘိုးအဘွား စုစုပေါင်း ၇၆ ဦးရှိရာ ၎င်းတို့အား သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကျေးစာရေးများမှတစ်ဆင့် ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ဟိုပန်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**



## ပုသိမ်မြို့၌ (၉၅)ကြိမ်မြောက် မြတ်စွာဘုရားရှင်နှင့် ရဟန္တာ ၅၀၀ တို့အား ၅၀၁ ဆူ စတုမဓု ဆေးဆွမ်းတော် ကပ်လှူပူဇော်ပွဲပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ (၉၅) ကြိမ်မြောက် မြတ်စွာဘုရားရှင်နှင့် ရဟန္တာ ၅၀၀ တို့အား ၅၀၁ ဆူ စတုမဓု ဆေးဆွမ်းတော် ကပ်လှူပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၌ပြုလုပ်ရာ ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဩဝါဒဆရာတော်ကြီးများက စေတီတော်ကြီး၏ ရာဟုထောင့် ဇေတဝန်စံကျောင်းရှေ့၌ ဗုဒ္ဓါဘိသေက အနေကဇာတင် ဆင်ယင်ကျင်းပသည်။ ထို့နောက် (၉၅) ကြိမ်မြောက် မြတ်စွာဘုရားရှင်နှင့် ရဟန္တာ ၅၀၀ တို့အား ၅၀၁ ဆူ စတုမဓု ဆေးဆွမ်းတော် ကပ်လှူပူဇော်ပွဲကို စေတီတော်ကြီး၏ ဦးမောင်ကြီး အာရုံခံတန်ဆောင်း၌ပြုလုပ်ရာ တက်ရောက်လာကြသူများက ပုသိမ်မြို့ နိဂြောဓါရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား စတုမဓုဆေးတော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပုသိမ်မြို့ မောင်းထောင်ကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်) အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာဓိကထံမှ အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၆**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်၊ အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ သီလဓမ္မကုန်းသာတောရကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်ရှိ သာသနဝိပုလကာရီကျောင်းတိုက်၊ မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာရှိ မဟာရတနာလေထီးတပ်ဦးကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ပညာဝတီကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ ပြည်ဘုန်းတော်ကြီးကျောင်းတိုက်နှင့် ဘန်းတောင် ဘုန်းတော်ကြီးကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မဟာဓမ္မပါလနန်းဦးကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရတနာမာန်အောင်ရပ်ကွက်ရှိ ကြားတောရကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❁ ရှေ့ဖုံးမှ

သံဃာတော်များ၏ ဆွမ်းတော်မျိုးတော်များက ရွှေတိဂုံစေတီတော်ရင်ပြင်၌ လှည့်လည်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ညောင်တုန်း ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပဝရာဘိဝံသထံမှ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်း၊ ဂေါပကအဖွဲ့ဝင်များနှင့် ဒေဝ်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ စေတိယင်္ဂဏ စာအောင်ဆုနှင်းသဘင်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဦးဌေးလှိုင်က ပူဇော်ပွဲကျင်းပရခြင်းအကြောင်း ဂုဏပူဇာမင်္ဂလာ လျှောက်ထားလွှာကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် (၁၀၃)ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲတွင် သီးခြားစာချတန်းအောင် သံဃာတော်သုံးပါးဖြစ်သည့် အောင်စဉ်(၁) မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဓမ္မဒါယာဒကျောင်း မစိုးရိမ်တိုက်သစ်မှ အရှင်ဝါယာမိန္ဒာလင်္ကာရာဘိဝံသ၊ အောင်စဉ်(၂) မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်ချမ်းသာပရိယတ္တိစာသင်တိုက်မှ အရှင်ပညာသာရာလင်္ကာရာဘိဝံသနှင့် အောင်စဉ် (၃) မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မနောရထပူရဏီမြစကြာတောရကျောင်းမှ အရှင်အဂ္ဂညာဏ လင်္ကာရာဘိဝံသတို့အား “ စေတိယင်္ဂဏ ပရိယတ္တိဓမ္မာစရိယ ဂဏဝါစကဘွဲ့ ” ကိုလည်းကောင်း၊ သီးခြားစာသင်တန်းအောင် သံဃာတော် နှစ်ပါးဖြစ်သည့် အောင်စဉ်(၁) မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်ချမ်းသာပရိယတ္တိစာသင်တိုက်မှ အရှင် ကောသလ္လာလင်္ကာရနှင့် အောင်စဉ်(၂) မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်ချမ်းသာပရိယတ္တိစာသင်တိုက်မှ အရှင်ကေတုဝံသလင်္ကာရ တို့အား “ စေတိယင်္ဂဏ အဘိဝံသဘွဲ့” ကိုလည်းကောင်း ဂေါပကအဖွဲ့ဝင်များက ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်နှင့် နဝကမ္မ ချီးမြှင့်ပူဇော်ငွေတို့ကို ဆက်ကပ်ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စေတိယင်္ဂဏနာယက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် စာထောက်စာမဆရာတော်များအား သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး ညွှန်ကြားရေးမှူး ဦးထွန်းမြင့်ဦး၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ သ.စ.အ ဓမ္မာစရိယ (ဝဋ္ဋံသကာ) ပါဠိပါရဂူ၊ စေတိယင်္ဂဏ ပဝရသိရီ မဟာဓမ္မဂုရု ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ) ဆရာတော်ထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဒေဝ်ပရိသတ်များက အနုမောဒနာတရား နာကြား၍ ကောင်းမှုကုသိုလ် အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စေတိယင်္ဂဏနာယက ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

စေတိယင်္ဂဏ အသင်းကြီးသည် ၁၉၁၉ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ကို အမှီပြုလျက် ပရိယတ္တိစာမေးပွဲကျင်းပကာ စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲများ ကျင်းပဆောင်ရွက်ခဲ့ပြီး ၁၉၈၄ ခုနှစ်မှ ယခု ၂၀၂၂ ခုနှစ်အထိ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က အစဉ်အလာကောင်းများကို ကုသိုလ်ဆက်ကာ ကြိုးပမ်းပူဇော်လျက်ရှိရာ (၁၀၃) ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာနုဂ္ဂဟ စာအောင် ဆုနှင်းသဘင်ပွဲ အခမ်းအနားတွင်လည်း နဝကမ္မချီးမြှင့်ပူဇော်ငွေအဖြစ် သီးခြားစာချတန်းတွင် အောင်စဉ်(၁) သံဃာတော်အား နဝကမ္မအလှူတော်ငွေကျပ် ၃၅ သိန်း၊ အောင်စဉ်(၂) သံဃာတော်အား နဝကမ္မ အလှူတော်ငွေကျပ် ၃၃ သိန်း၊ အောင်စဉ်(၃) သံဃာတော်အား နဝကမ္မ အလှူတော်ငွေကျပ် ၃၁ သိန်းနှင့် သီးခြားစာသင်တန်းတွင် အောင်စဉ်(၁) သံဃာတော်အား နဝကမ္မအလှူတော် ငွေကျပ်သိန်း ၃၀၊ အောင်စဉ်(၂) သံဃာတော်အား နဝကမ္မအလှူတော်ငွေကျပ် ၂၉ သိန်း စုစုပေါင်း လှူဒါန်းငွေကျပ် ၁၅၈ သိန်းတိတိအား လှူဒါန်းချီးမြှောက်ခဲ့ကြောင်း သိရသည်။



**ကိုကိုဇော်**

**ဓာတ်ပုံ-လတ်လတ်(MNA)**

## အင်းတော်မြို့၌ နွေစပါး(GAP)ကွင်းသရုပ်ပြပွဲ ကျင်းပ

**အင်းတော် ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အင်းရွာကျေးရွာ ကွင်းအမှတ် (၁၀၃၄) အတွင်းရှိ တောင်သူ ဦးတင်ငွေ၏ လယ်၌ နွေစပါး(GAP)စနစ်ဖြင့် ကွင်းသရုပ်ပြပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းကကျင်းပသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ အင်းတော်မြို့နယ် စီမံခန့်ခွဲမှုဥက္ကဋ္ဌ ဦးမင်းနိုင်အောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းခိုင်နှင့် စိုက်ပညာရှင်ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ



**ဘားအံ ဇန်နဝါရီ ၁၆**

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီခန့်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပြိုင်ပွဲတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးသော ဘားအံမြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့အား လည်းကောင်း၊ ပြည်နယ်အမျိုးသမီး အားကစားဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာသီသီဝင်းက ဒိုင်အဖွဲ့အားလည်းကောင်း ဂုဏ်ပြုငွေများပေးအပ်ပြီး ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က ငါးယောက်တွဲပြိုင်ပွဲတွင် တတိယဆုရ လှိုင်းဘွဲမြို့နယ်အသင်း၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က ဒုတိယဆုရ ကော့ကရိတ်မြို့နယ်အသင်းတို့အား တစ်ဦးချင်းလည်ဆွဲနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြကာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ငါးယောက်တွဲပြိုင်ပွဲ ပထမဆုရ ဘားအံမြို့နယ်အသင်းအား တစ်ဦးချင်းလည်ဆွဲဆု၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၏ဇနီးက အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသော ကြာအင်းဆိပ်ကြီးမြို့နယ်အသင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး၏ဇနီးက ဒုတိယဆုရရှိသော ကော့ကရိတ်မြို့နယ်အသင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်နန်းဘေဘီမြင့်က ပထမဆုရရှိသော ဘားအံမြို့နယ်အသင်းအား တစ်ဦးချင်း လည်ဆွဲဆု၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်သယံဇာတရေးရာဝန်ကြီး၏ဇနီးက အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် တတိယဆုရရှိသော ကြာအင်းဆိပ်ကြီးမြို့နယ်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီးဦးဇော်ဝင်းက ဒုတိယဆုရရှိသော ဖာပွန်မြို့နယ်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဦးသိန်းကိုကိုက ပထမဆုရရှိသော ဘားအံမြို့နယ်တို့အား ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသောအသင်းများက ပြန်လည်သရုပ်ပြတင်ဆက်ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အားကစားသမားများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ဘားအံမြို့နယ် လှိုင်ကမ္ဘာကျေးရွာအုပ်စုရှိ ရေတံခွန်ရေလှောင်ကန် လက်ယာမြောင်း တူးဖော်နေမှုနှင့် ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဦးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရေတံခွန်ရေလှောင်ကန်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေလှောင်ကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ တတိယရေလှောင်ကန်နှင့် စတုတ္ထရေလှောင်ကန်များ ဆောင်ရွက်ပေးနိုင်ရေး၊ စျေးဆိုင်ခန်းများ စနစ်တကျဖြစ်စေရေး မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လယ်ဧက ၅၀၀ ခန့်အား အကျိုးပြုနိုင်မည့် ဖအွံ့-ကော့ကျိုက်၊ ဖဲကတာ၊ တောင်သူကုန်း ကျေးရွာအုပ်စုများ၏ ဖိကလန်ချောင်းရိုးဟောင်း အရှည် ပေ ၉၃၅၀ ရေသွင်း/ ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း၊ လယ်ဧက ၁၅၀ ခန့်အား အကျိုးပြုနိုင်မည့် အရှည် ပေ ၆၃၀၀ ခန့်ရှိ ကော့ကျိုက်(ဖအွံ့) ကျေးရွာအုပ်စု ချောင်းရိုးတူးဖော်ခြင်းနှင့် လယ်ဧက ၂၀၀ ခန့် အကျိုးပြုနိုင်မည့် အရှည် ပေ ၈၀၃၀ ခန့်ရှိ ကော့ကလွေ ချောင်းရိုးတူးဖော်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၁၆**



PDF အမည်ခံအကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်သတ်ဖြတ်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိကာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော ပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားပြီး ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသားများကို ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၁၅ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၃၁ ဦးကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

❑ လေအေးပေးစက်၏ လေစစ်ဆန်ခါနှင့် ဓာတ်ငွေ့တို့ကို ပုံမှန်စစ်ဆေးထိန်းသိမ်းခြင်းဖြင့် အအေးဓာတ် အပြည့်ရအောင် ဆောင်ရွက်ပါ။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့၌ ဒေသခံပြည်သူ ၂၉၀၊ ရေဝတီတိုင်းဒေသကြီး အတွင်းရှိမြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၃၅၅ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ဒေသခံ ပြည်သူ ၅၁၁၉ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၆၆၁၀၀ နှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၂၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။



ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၅၅၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အကြို မိုးညိုမြို့နယ် အိုးဘိုအုပ်စု ဘုရားဖြူချောင်းကူး ကွန်ကရစ်တံတားဖွင့်ပွဲ ကျင်းပ

**မိုးညို ဇန်နဝါရီ ၁၆**

(၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အကြို ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် အိုးဘိုအုပ်စု ဘုရားဖြူချောင်းကူး ကွန်ကရစ်တံတား ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံအတွင်းရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး မြို့ပြနှင့်ကျေးလက် လူနေမှုဘဝ ကွာခြားမှုမရှိစေရေး ကျေးလက်လမ်း/တံတားနှင့် အခြေခံအဆောက်အအုံများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှသာ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ မြင့်မားလာမည်ဖြစ်သလို ဒေသဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများလည်း ဝင်ရောက်လာမည်ဖြစ်ပြီး ဒေသတွင်းရှိသည့် ထွက်ကုန်သီးနှံကုန်ပစ္စည်းများ အချိန်တိုအတွင်း ရောင်းဝယ်ဖောက်ကားနိုင်မည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းနှင့် တံတားရေရှည်တည်တံ့ခိုင်မြဲစေရေး ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက မိုးညိုမြို့နယ် အိုးဘိုအုပ်စု ဘုရားဖြူ ချောင်းကူး ကွန်ကရစ်တံတား တည်ဆောက်ပေးမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တံတားဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းကို တိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်လှူက တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ရပ်မိ/ရပ်ဖတစ်ဦးထံ အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှမျိုးရွှေ၊ အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအေးမောင်ကြည်နှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးခင်မောင်သန်းတို့က မိုးညိုမြို့နယ် အိုးဘိုအုပ်စု ဘုရားဖြူ ချောင်းကူးကွန်ကရစ်တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကာ တံတားပေါ် ဖြတ်သန်းကြည့်ရှုကြပြီးနောက် ဖျော်ဖြေရေးအဖွဲ့အတွက် ငွေကျပ် သုံးသိန်း၊ အိုးဘိုကျွန်းကျေးရွာ ကျေးလက်ကျန်းမာရေးဝန်ထမ်းများအတွက် ငွေကျပ်နှစ်သိန်း ပေးအပ်ပြီး ဒီပါဋ ဆုတောင်းပြည့်ဘုရားကြီးကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကန်တော့၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

မိုးညိုမြို့နယ် အိုးဘိုအုပ်စု ဘုရားဖြူ ချောင်းကူး ကွန်ကရစ်တံတားသည် အရှည် ပေ ၂၈၀၊ အကျယ် ပေ ၂၀ သံကူကွန်ကရစ်တံတားဖြစ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၆၆၅ သန်းဖြင့် တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးလက်လမ်းအရှည် စုစုပေါင်း ၄၀၂ မိုင် ၁ ဖာလုံ၊ တံတားစုစုပေါင်း ၁၇၄ စင်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ မတ်လအထိ) လမ်းအရှည် စုစုပေါင်း ၇၈ မိုင် ၄ ဖာလုံ၊ တံတားစုစုပေါင်း ၆၄ စင်းတို့အား ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် လမ်းအရှည် စုစုပေါင်း ၁၉၁ မိုင် ၃ ဖာလုံနှင့် တံတားစုစုပေါင်း ၇၈ စင်းအား တည်ဆောက်ပေးသွားရန် လျာထားလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးညိုမြို့နယ် မယင်းငယ်ရွာ တောင်သူဦးစိုးသန့်ခိုင်က တိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ပံ့မှုဖြင့် သီးထွက်သီးနှံ နေကြာသီးညှပ်စိုက်ပျိုးအောင်မြင်နေမှု၊ မင်းလှမြို့နယ် ပန်းဇံမြောင်း၊ မုက္ခာချောင်းဟောင်းနှင့် ချောင်းသစ်ထိပ်တွင် ရေတံခါးများ တပ်ဆင်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ငပလီမြို့၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ ကျင်းပ

**သံတွဲ ဇန်နဝါရီ ၁၆**

သံတွဲမြို့နယ် ဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် (၇၅)နှစ်မြောက် (စိန်ရတု) ပြည်ထောင်စုနေ့ အထိမ်းအမှတ် (စင်တော်ကောက်ဖလား) အလွတ်တန်း ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇန်နဝါရီ ၁၆ ရက် ညနေ ၃ နာရီက ငပလီမြို့ အထက ဘောလုံးကွင်း၌ ကျင်းပသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို သံတွဲခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဗိုလ်၊ သံတွဲမြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးလှဟန်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်သာစိန်နှင့် စင်တော်ကောက်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးရာ ရခိုင်စည်တော်အဖွဲ့က ရခိုင်စည်တော်တီး၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ သံတွဲခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဗိုလ်က အမှာစကားပြောကြားသည်။ ထို့နောက် သံတွဲမြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှဟန်နှင့် စင်တော်ကောက်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းရွှေတို့က (၇၅)နှစ်မြောက်(စိန်ရတု) ပြည်ထောင်စုနေ့ အထိမ်းအမှတ် (စင်တော်ကောက်ဖလား) အလွတ်တန်း ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထိုသို့ပြောကြားရာတွင် သံတွဲမြို့နယ်အတွင်း ယခင်က ဘောလုံးအားကစားသမားများ အစဉ်အဆက် ပေါ်ထွက်ခဲ့သော်လည်း ယခုအချိန်တွင် ပွဲများမကျင်းပနိုင်သဖြင့် ပေါ်ထွက်မှုမရှိသည်ကို တွေ့မြင်ရသဖြင့် ကျန်းမာကြံ့ခိုင်သော အားကစားသမားများ ပေါ်ထွက်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကျင်းပရခြင်းဖြစ်ကြောင်း၊ ယခုပွဲကို အောင်မြင်စွာကျင်းပနိုင်ပြီဆိုပါက သံတွဲမြို့နယ်နှင့် ငပလီမြို့တို့၏ အေးချမ်းသာယာသောပုံရိပ်ကို ဂုဏ်ယူစွာ ဖော်ထုတ်နိုင်မည်ဖြစ်သဖြင့် ကစားသမားများအနေဖြင့် ဝိုင်းဝန်းကူညီ ကစားပေးကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ (၇၅) နှစ်မြောက် (စိန်ရတု) ပြည်ထောင်စုနေ့အထိမ်းအမှတ် (စင်တော်ကောက်ဖလား) အလွတ်တန်း ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင် ဘောလုံးအသင်း ၂၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ပြီး ဇန်နဝါရီ ၁၆ ရက်မှ ဖေဖော်ဝါရီ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာ ယနေ့ ပထမပွဲစဉ်အဖြစ် ယမင်းရွှေစင်အသင်းနှင့် ဇီးဖြူကုန်းအသင်းတို့ ယှဉ်ပြိုင်ကြမည်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

**သန့်ဇင်**

**(ခရိုင်ပြန်/ဆက်)**



# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို သီပေါ၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**သီပေါ ဇန်နဝါရီ ၁၆**

(၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာများ ပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နီလာစိုးက ကျောင်းသား ကျောင်းသူများ၏ နှလုံးရင်ထဲတွင် ပြည်ထောင်စုနေ့သည် မမေ့မလျော့အပ်သော နေ့ထူးနေမြတ်ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် ပင်လုံစာချုပ်နှင့် ပတ်သက်သည့် အကြောင်းများကို အသိပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြည်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**စိုင်း(သီပေါ)**

# တောင်ကုတ်မြို့နယ်၌ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ မြေပြင်ကွင်းဆင်းစစ်ဆေး

**တောင်ကုတ် ဇန်နဝါရီ ၁၆**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ကြည် စီမံကိန်းတာဝန်ခံ ဒေါ်ခင်ဆွေမြင့်၊



တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၃ ရက်က တောင်ကုတ်မြို့နယ် ရွှေပြည်သာကျေးရွာတွင် မြစိမ်းရောင်ချေးငွေ ထုတ်ချေးထားမှုနှင့် စီမံကိန်းဆောင်ရွက်ထားရှိမှုကို မြေပြင်ကွင်းဆင်း စစ်ဆေးသည်။

ထို့ပြင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ ရွှေပြည်သာကျေးရွာတွင် စုစုပေါင်း ချေးငွေကျပ်သိန်း ၃၂၀ ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူ သုံးဦး၊ မွေးမြူရေးလုပ်ငန်း ၅၈ ဦး၊ ရေလုပ်ငန်း ၃၀၊ အရောင်းအဝယ်လုပ်ငန်း ၁၁ ဦး စုစုပေါင်း လုပ်ငန်းလုပ်ကိုင်သူ ၁၀၂ ဦးတို့အား ချေးငွေထုတ်ချေးခဲ့ပြီး စီမံကိန်းလုပ်ငန်းများ၏ အတိုးအရင်းပုံမှန်ပေးဆပ်နိုင်ရေးနှင့် လုပ်ငန်းလည်ပတ်မှုတို့ကို ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းများနှင့် ပတ်သက်၍ ပိုမိုတိုးတက်စေရေးနှင့် အလေအလွင့်မရှိစေရန် ရှင်းလင်းမှာကြားကြောင်း သိရသည်။


**အောင်လှဖြူ (ရမ်းဗြဲ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆ - ၁ - ၂၀၂၂ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၉) ပါ လပွတ္တာမြို့နယ် ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပသတင်း ကော်လံ (၄)၌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးအစား တိုင်းဒေသကြီး ဥပဒေချုပ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **လပွတ္တာခရိုင်(ပြန်/ဆက်)**

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း(တူနီးရှားနိုင်ငံ)

နှင်းဦး




၂၀၁၉ ခုနှစ် တူနီးရှားလွှတ်တော်၌ ကိုယ်စားလှယ်နေရာခွဲဝေမှု။

❑ **တူနီးရှားနိုင်ငံတွင် မဲဆန္ဒနယ် ၃၃ ခုရှိပြီး ပြည်တွင်းမဲဆန္ဒနယ် ၂၇ ခုနှင့် ပြည်ပမဲဆန္ဒနယ် ခြောက်ခုရှိသည်။ ပြည်ပမဲဆန္ဒနယ်များမှာ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ မြောက်အမေရိက၊ ဥရောပနှင့် အာရပ်တို့ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ် အရေအတွက် ၂၁၇ ဦး ရှိသည့်အနက် ၁၈ ဦးမှာ ပြည်ပမဲဆန္ဒနယ်မှဖြစ်ပြီး ၁၉၉ ဦးမှာ ပြည်တွင်းမဲဆန္ဒနယ်မှဖြစ်သည်။ တူနီးရှားနိုင်ငံ ပြည်နယ် ၂၄ ခုအနက် ၂၁ ခုအား မဲဆန္ဒနယ်တစ်နယ်စီ သတ်မှတ်ပြီး လူဦးရေများသော Nabeul၊ Tunis နှင့် Sfax ပြည်နယ်သုံးခုအား မဲဆန္ဒနယ်နှစ်ခုစီ ခွဲထားသည်။ ပြည်တွင်းမဲဆန္ဒနယ် ၂၇ နယ်မှ လွှတ်တော်ကိုယ်စားလှယ် ၁၉၉ ဦး ရွေးကောက်တင်မြှောက်ပြီး ပြည်ပမဲဆန္ဒနယ် ခြောက်နယ်မှ ၁၈ ဦး စုစုပေါင်း ၂၁၇ ဦး ရွေးကောက်တင်မြှောက်သည်**

**နိဒါန်း**

တူနီးရှားနိုင်ငံသည် အာဖရိကတွင် မြောက်ဘက်အကျဆုံးနိုင်ငံဖြစ်ပြီး မာဂရတ်ဒေသတွင် တည်ရှိသည်။ တူနီးရှားနိုင်ငံ၏ မြို့တော်မှာ တူနစ် (Tunis) မြို့ဖြစ်ပြီး တူနစ်မြို့ကို အစွဲပြု၍ တူနီးရှားနိုင်ငံဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။ အနောက်ဘက်နှင့် အနောက်တောင်ဘက်တွင် အယ်ဂျီးရီးယားနိုင်ငံ၊ အရှေ့တောင်ဘက်တွင် လစ်ဗျားနိုင်ငံ၊ မြောက်ဘက်နှင့် အရှေ့ဘက်တွင် မြေထဲပင်လယ်တို့နှင့် ထိစပ်လျက်ရှိပါသည်။ အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၆၃၁၇၀(၁၆၃၆၁၀ ကီလိုမီတာ ကျယ်ဝန်းပြီး လူဦးရေ ၁၁ သန်းခန့် ရှိသည်။ တူနီးရှားနိုင်ငံတွင် အက်တလပ်စ်တောင်တန်း၏ အရှေ့ဘက်အစွန်းနှင့် ဆာဟာရသဲကန္တာရ၏ မြောက်ပိုင်းဒေသတို့ ပါဝင်သည်။

တူနီးရှားနိုင်ငံကို ၁၅၇၄ ခုနှစ်မှစ၍ Ottoman Empire က နှစ်ပေါင်း ၃၀၀ ကျော် အုပ်ချုပ်ခဲ့ပြီး ၁၈၈၁ ခုနှစ်တွင် ပြင်သစ်တို့က သိမ်းပိုက်ခဲ့သည်။ တူနီးရှားနိုင်ငံသည် ၁၉၅၆ ခုနှစ် မတ်လ ၂၀ ရက်တွင် ပြင်သစ်ထံမှ လွတ်လပ်ရေးရရှိခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် တူနီးရှားသမ္မတနိုင်ငံအဖြစ် ကြေညာခဲ့ပြီး Habib Bourguiba သည် တူနီးရှားနိုင်ငံ၏ ပထမဆုံးသမ္မတဖြစ်လာခဲ့သည်။

တူနီးရှားနိုင်ငံသည် ဒီမိုကရေစီနိုင်ငံဖြစ်ပြီး သမ္မတသည် နိုင်ငံ့အကြီးအကဲတစ်ဦးဖြစ်၍ ဝန်ကြီးချုပ်သည် အစိုးရအကြီးအကဲဖြစ်သည်။ တူနီးရှားနိုင်ငံ၏ လက်ရှိသမ္မတမှာ Kais Saied ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၇ အရ သမ္မတသည် တူနီးရှားတပ်မတော်၏ကာကွယ်ရေးဦးစီးချုပ်လည်း ဖြစ်သည်။ တူနီးရှားနိုင်ငံတွင် ပြည်နယ် ၂၄ ခုနှင့် ခရိုင် ၂၆၄ ခုဖြင့် ဖွဲ့စည်းထားသည်။ တူနီးရှားနိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၂၀၁၁ ခုနှစ် အာရပ်နွေဦးတော်လှန်ရေးပြီးနောက် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်တွင် တူနီးရှားနိုင်ငံသည် ပထမဆုံးသမ္မတရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ တူနီးရှားနိုင်ငံ၏ဥပဒေစနစ်အား ပြင်သစ်တရားမဥပဒေကများစွာ လွှမ်းမိုးထားပြီး ပုဂ္ဂိုလ်ရေးဆိုင်ရာ အဆင့်အတန်းသတ်မှတ်ချက်များသည် အစ္စလာမ်ဥပဒေပေါ်တွင် အခြေခံသည်။

**အုပ်ချုပ်ရေးအာဏာ**

တူနီးရှားနိုင်ငံတွင် သမ္မတအား ငါးနှစ်သက်တမ်းအတွက် ရွေးကောက်တင်မြှောက်သည်။ သမ္မတသည် လွှတ်တော်ရွေးကောက်ပွဲတွင် မဲအများဆုံးရထားသောပါတီ၏ ကိုယ်စားလှယ်လောင်းအား ဝန်ကြီးချုပ်အဖြစ် အမည်စာရင်းတင်သွင်းသည်။ ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူးများ၊ မြို့တော်ဝန်နှင့် စည်ပင်သာယာကောင်စီများအား ဗဟိုအစိုးရက တိုက်ရိုက်ခန့်အပ်သည်။

**ဥပဒေပြုရေး**

၂၀၁၁ ခုနှစ် အာရပ်နွေဦးတော်လှန်ရေးမတိုင်မီက တူနီးရှားတွင် လွှတ်တော် နှစ်ရပ်ရှိခဲ့သည်။ အောက်လွှတ်တော် (Majlis al-Nuwaab) တွင် အမတ် ၂၁၄ နေရာရှိပြီး လွှတ်တော်သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ အောက်လွှတ်တော်၏ ၂၇ ရာခိုင်နှုန်းမှာ အမျိုးသမီးကိုယ်စားလှယ်များဖြစ်သည်။ အထက်လွှတ်တော်သည် ပညာရှင်များပါဝင်သော အကြံပေးကောင်စီဖြစ်ပြီး အဖွဲ့ဝင် ၁၁၂ ဦး ရှိသည်။ ယခုအချိန်၌ တူနီးရှားနိုင်ငံ၏ ဥပဒေပြုရေးမဏ္ဍိုင်တွင် လွှတ်တော်တစ်ရပ်သာရှိပြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၂၁၇ ဦး ရှိသည်။ ပထမအကြိမ် လွှတ်တော်ရွေးကောက်ပွဲကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၆ ရက်က ကျင်းပခဲ့ပြီး ဒုတိယအကြိမ် လွှတ်တော်ရွေးကောက်ပွဲကို ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၆ ရက်က ကျင်းပခဲ့သည်။

**တရားစီရင်ရေး**

တူနီးရှားနိုင်ငံ၏ ဥပဒေစနစ်သည် ပြင်သစ်တရားမဥပဒေကို အခြေခံထားသည်။ တရားစီရင်ရေးဆိုင်ရာဆောင်ရွက်ချက်များ ပြန်လည်သုံးသပ်ရန် တရားလွှတ်တော်ချုပ်၌ ပူးတွဲအစည်းအဝေးကျင်းပသည်။ တရားလွှတ်တော်တရားသူကြီးချုပ်ကို သမ္မတက ခန့်အပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် အဖွဲ့ဝင် ၁၂ ဦးပါဝင်သည်။ ၎င်းအဖွဲ့ဝင်များ၏ သက်တမ်းမှာ ကိုးနှစ်ဖြစ်သည်။ ခုံရုံး၏အဖွဲ့ဝင် သုံးပုံနှစ်ပုံတွင် ဥပဒေပညာရှင်များပါဝင်သည်။

**ရွေးကောက်ပွဲစနစ်**

တူနီးရှားနိုင်ငံ၏ လွှတ်တော်ရွေးကောက်ပွဲစနစ်မှာ အချိုးကျကိုယ်စားပြုစနစ် (Proportional Representative System – Closed List) စနစ်ဖြစ်ပြီး Largest Remainder Method ဖြင့် ရွေးကောက်တင်မြှောက်သည်။ Closed List စနစ်တွင် ပါတီများကို ဆန္ဒပြုရခြင်းဖြစ်ပါသည်။ Largest Remainder Method ဆိုသည်မှာ List PR စနစ်တွင် မဲများကို လွှတ်တော်အတွင်းရှိ ကိုယ်စားလှယ်နေရာများအဖြစ် ပြောင်းသောနည်းစနစ်ဖြစ်သည်။ ပါတီများအား မဲဆန္ဒနယ် တစ်နယ်စီအတွက် အချိုးကျ ကိုယ်စားလှယ်အရေအတွက်ကို ခွဲဝေပြီးနောက် ကျန်ရှိနေသော နေရာများကို ရာခိုင်နှုန်းအများဆုံးမှ အနည်းဆုံးအလိုက် သတ်မှတ်ထားသည့် အမတ်နေရာပြည့်သည်အထိ ခွဲဝေပေးသည့်စနစ်ဖြစ်သည်။ ပါတီများမှ ပေးပို့သောစာရင်းတွင် အမျိုးသမီးနှင့်အမျိုးသား ကိုယ်စားလှယ်လောင်းများအသီးသီးပါဝင်ပြီး အသက် ၃၅ နှစ်အောက်ဖြစ်ရမည်။ တူနီးရှားနိုင်ငံတွင် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၁၇ ဦးရှိသည်။

**ကျင်းပခဲ့သော ရွေးကောက်ပွဲများ**

တူနီးရှားနိုင်ငံတွင် ၂၀၁၁ ခုနှစ် အာရပ်နွေဦးတော်လှန်ရေးပြီးနောက် ကျင်းပခဲ့သော ရွေးကောက်ပွဲများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၂၀၁၄ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲ (၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

(ခ) ၂၀၁၄ ခုနှစ် သမ္မတရွေးကောက်ပွဲ (၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

(ဂ) ၂၀၁၈ ခုနှစ် ဒေသန္တရရွေးကောက်ပွဲ (၂၀၁၈ ခုနှစ်၊ မေလ ၆ ရက်)

(ဃ) ၂၀၁၉ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲ (၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်)

**သမ္မတရွေးကောက်ပွဲ**

တူနီးရှားနိုင်ငံ၏ သမ္မတကို ငါးနှစ်လျှင်တစ်ကြိမ် (Two Round System) ဖြင့် ပြည်သူများက တိုက်ရိုက်ရွေးချယ်တင်မြှောက်သည်။ ပထမအကြိမ် သမ္မတရွေးကောက်ပွဲတွင် ဆန္ဒမဲစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းနှင့်အထက်ရရှိသော ကိုယ်စားလှယ်လောင်း မရှိပါက မဲအများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်း နှစ်ဦးမှ ဒုတိယအကြိမ် ထပ်မံယှဉ်ပြိုင်ရသည်။ ၂၀၁၁ ခုနှစ် အာရပ်နွေဦးတော်လှန်ရေးပြီးနောက် ပထမအကြိမ် သမ္မတရွေးကောက်ပွဲကို ၂၀၁၄ ခုနှစ်တွင် ကျင်းပခဲ့သည်။ သမ္မတတစ်ဦးသည် တစ်ဆက်စပ်တည်းဖြစ်စေ၊ တစ်ဆက်စပ်တည်း မဟုတ်ဘဲဖြစ်စေ သက်တမ်းနှစ်ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်၍မရပါ။

**ဒေသန္တရရွေးကောက်ပွဲ**

တူနီးရှားနိုင်ငံ၏ ဒေသန္တရရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း (High Independent Authority for Election – ISIE) ၏ကြီးကြပ်မှုဖြင့် ၂၀၁၈ ခုနှစ် မေလ ၆ ရက်က ကျင်းပခဲ့ပါသည်။ ၎င်းရွေးကောက်ပွဲသည် အာရပ်နွေဦးတော်လှန်ရေးပြီးနောက် ပထမဆုံးကျင်းပသော ဒေသန္တရရွေးကောက်ပွဲဖြစ်သည်။ ဒေသန္တရရွေးကောက်ပွဲများကို ငါးနှစ်လျှင် တစ်ကြိမ်ကျင်းပသည်။ ၂၀၁၈ ခုနှစ် ဒေသန္တရရွေးကောက်ပွဲတွင် မဲဆန္ဒနယ် ၃၅၀ ရှိပြီး ကောင်စီနေရာအရေအတွက် ၇၂၁၇ နေရာရှိပါသည်။ ဒေသန္တရရွေးကောက်ပွဲများအား အချိုးကျကိုယ်စားပြုစနစ် (Proportional Representative System – Closed List) ဖြင့် ကျင်းပပါသည်။

**လွှတ်တော်ရွေးကောက်ပွဲများအတွက် မဲဆန္ဒနယ်သတ်မှတ်ခြင်း**

တူနီးရှားနိုင်ငံတွင် မဲဆန္ဒနယ် ၃၃ ခုရှိပြီး ပြည်တွင်းမဲဆန္ဒနယ်၂၇ ခု နှင့် ပြည်ပမဲဆန္ဒနယ် ခြောက်ခုရှိသည်။ ပြည်ပမဲဆန္ဒနယ်များမှာ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ မြောက်အမေရိက၊ ဥရောပနှင့် အာရပ်တို့ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ် အရေအတွက် ၂၁၇ ဦး ရှိသည့်အနက် ၁၈ ဦးမှာ ပြည်ပမဲဆန္ဒနယ်မှဖြစ်ပြီး ၁၉၉ ဦးမှာ ပြည်တွင်းမဲဆန္ဒနယ်မှဖြစ်သည်။ တူနီးရှားနိုင်ငံ ပြည်နယ် ၂၄ ခုအနက် ၂၁ ခုအား မဲဆန္ဒနယ်တစ်နယ်စီ သတ်မှတ်ပြီး လူဦးရေများသော Nabeul၊ Tunis နှင့် Sfax ပြည်နယ်သုံးခုအား မဲဆန္ဒနယ်နှစ်ခုစီ ခွဲထားသည်။ ပြည်တွင်းမဲဆန္ဒနယ် ၂၇ နယ်မှ လွှတ်တော်ကိုယ်စားလှယ် ၁၉၉ ဦး ရွေးကောက်တင်မြှောက်ပြီး ပြည်ပမဲဆန္ဒနယ် ခြောက်နယ်မှ ၁၈ ဦး စုစုပေါင်း ၂၁၇ ဦး ရွေးကောက်တင်မြှောက်သည်။ မဲဆန္ဒနယ်အလိုက် လူဦးရေပေါ် မူတည်ပြီး လွှတ်တော်နေရာအတွက် သတ်မှတ်သည်။ လူဦးရေ ၆၀၀၀၀ ပြည့်လျှင် လွှတ်တော်အတွက် တစ်နေရာစာ ရရှိပြီး ဥပမာအားဖြင့် လူဦးရေ ၃၀၀၀၀၀ ရှိလျှင် လွှတ်တော်တွင် ငါးနေရာ ရရှိသည်။ အကယ်၍ လူဦးရေသည် ၁၀၉၀၀၀ ရှိလျှင် လူဦးရေ ၆၀၀၀၀ အတွက် တစ်နေရာစာ ရရှိပြီး လက်ကျန် လူဦးရေ ၃၀၀၀၀ ကျော်လျှင် တစ်နေရာထပ်မံရရှိသည့်အတွက် ကျန် ၄၉၀၀၀ ဦးအတွက် တစ်နေရာ စုစုပေါင်း နှစ်နေရာရရှိမည်ဖြစ်သည်။

**မဲဆန္ဒရှင်စာရင်းမှတ်ပုံတင်ခြင်း**

ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူသည် တူနီးရှားနိုင်ငံသားဖြစ်ပြီး ရွေးကောက်ပွဲ ကျင်းပသည့်နေ့၌ အသက် ၁၈ နှစ်ပြည့်ပြီးသူ၊ မဲဆန္ဒရှင်စာရင်းတွင် ပါဝင်သူဖြစ်ရမည်။ ၂၀၁၉ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းမှတ်ပုံတင်ခြင်းကို ၂၀၁၉ ခုနှစ် ဧပြီလ ၁၀ ရက်နေ့မှစ၍ ဆောင်ရွက်ခဲ့သည်။ ၂၀၁၄ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲ၊ သမ္မတရွေးကောက်ပွဲနှင့်၂၀၁၈ ခုနှစ် ဒေသန္တရရွေးကောက်ပွဲတွင် မှတ်ပုံတင်ထားသော မဲဆန္ဒရှင်များသည် ပြန်လည်မှတ်ပုံတင်ရန်မလိုအပ်ပါ။ မဲဆန္ဒရှင်စာရင်းမှတ်ပုံတင်လိုသူ မည်သူမဆို မှတ်ပုံတင်ရုံးသို့ ဆက်သွယ်၍ လိပ်စာ၊ အသက်နှင့်

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

လူမျိုးအထောက်အထားကိုတင်ပြ၍ မှတ်ပုံတင်ရမည်။ ပြည်ပတွင် နေထိုင်သော တူနီးရှားလူမျိုးများသည် မဲပေးရန်အတွက် ဝက်ဘ်ဆိုဒ်မှတစ်ဆင့် လျှောက်ထားရသည်။ ISIE မှ ထုတ်ပြန်သော ကိန်းဂဏန်းများအရ ၂၀၁၉ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲတွင် မဲပေးရန် မှတ်ပုံတင်ထားသော မဲဆန္ဒရှင်အရေအတွက် စုစုပေါင်းသည် ၇၀၆၆၉၄၀ ရှိသည်။ ၅၉ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြပြီး သုံးပုံတစ်ပုံခန့်သည် အသက် ၃၅ နှစ်အောက်များ ဖြစ်သည်။

**မဲဆွယ်စည်းရုံးခြင်း**


ရွေးကောက်ပွဲနေ့မတိုင်မီ ၂၂ ရက်တွင် စတင်မဲဆွယ်နိုင်ပြီး ရွေးကောက်ပွဲနေ့မတိုင်မီ ၂၄ နာရီအထိ မဲဆွယ်ခွင့်ရှိသည်။ မဲဆွယ်စည်းရုံးရာတွင် သာသနာပိုင်အဆောက်အဦများ၊ ရုံးအဆောက်အဦများ၊ တက္ကသိုလ်ကျောင်းများတွင် မဲဆွယ်စည်းရုံးခြင်းမပြုရပါ။ မဲဆွယ်စည်းရုံးရာတွင် ကိုယ်ပိုင် ငွေကြေး (သို့မဟုတ်) ပုဂ္ဂလိကရန်ပုံငွေနှင့် ပြည်သူ့ရန်ပုံငွေတို့မှတစ်ဆင့် ငွေကြေးထောက်ပံ့နိုင်သည်။ မဲဆွယ်စည်းရုံးရေးဆိုင်ရာ ငွေစာရင်းကြီးကြပ်မှုကို ရွေးကောက်ပွဲများအတွက် လွတ်လပ်သော အာဏာပိုင်အဖွဲ့အစည်း (ISIE) က ကြီးကြပ်သည်။ ISIE သည် စည်းမျဉ်းများနှင့် လိုက်လျောညီထွေမှု ရှိ/မရှိနှင့် မဲဆွယ်စည်းရုံးရေးအတွက် ငွေကြေးပံ့ပိုးမှုနည်းလမ်းများကို စောင့်ကြည့်ကြီးကြပ်သည်။ ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၄၃ အရ ရွေးကောက်ပွဲရလဒ်များ ထိခိုက်စေပါက ISIE သည် မဲဆွယ်စည်းရုံးရေးချိုးဖောက်မှုများအတွက် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်နိုင်သည်။

**မဲရုံများသတ်မှတ်ခြင်း**

ရွေးကောက်ပွဲများအတွက် လွတ်လပ်သော အာဏာပိုင်အဖွဲ့ (ISIE) သည် မဲပေးစင်တာ (Voting Centers)၊ မဲရုံအရေအတွက်နှင့် မဲရုံတည်နေရာများကို ရွေးကောက်ပွဲမတိုင်မီ ခုနစ်ရက်အလိုတွင် သတ်မှတ်ကြေညာသည်။ မဲပေးစင်တာ တစ်ခုတွင် မဲရုံတစ်ရုံ (Polling Stations) (သို့မဟုတ်) တစ်ရုံထက်ပိုသော မဲရုံအရေအတွက်များ ပါဝင်သည်။ ၂၀၁၉ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲတွင် မဲပေးစင်တာ ၄၈၇၁ ခု၊ မဲရုံ ၁၃၄၄၆ ရုံနှင့် တစ်နိုင်ငံလုံး၌ မဲရုံအဖွဲ့ဝင်စုစုပေါင်းမှာ ၄၄၅၀၀ ရှိသည်။ မဲရုံတစ်ရုံတွင် မဲဆန္ဒရှင်ဦးရေအများဆုံး ၆၀၀ သတ်မှတ်ထားသည်။ မဲပေးစင်တာဥက္ကဋ္ဌသည် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများကို လုပ်ဆောင်ပြီး မဲရုံမှူးများနှင့် မဲရုံဝန်ထမ်းများ၏ လုပ်ငန်းဆောင်တာများကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရသည်။ မဲရုံမှူးသည် မဲရုံအတွင်း၌ မဲပေးခြင်းလုပ်ငန်းချောမွေ့စေရန်နှင့် မဲရေတွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သည်။ မဲရုံအဖွဲ့ဝင်များသည် မဲဆန္ဒရှင်များ၏ မှတ်ပုံတင်အား စစ်ဆေးခြင်း၊ မဲဆန္ဒရှင်များအား မဲလက်မှတ်စာရွက်များထုတ်ပေးခြင်း၊ မဲပုံးများ စစ်ဆေးခြင်းနှင့် မဲရေတွက်ခြင်းလုပ်ငန်းစဉ်တို့တွင် ပါဝင်ဆောင်ရွက်ရသည်။ မဲဆန္ဒရှင်များသည် မဲပေးရမည့် မဲရုံအား သိရှိလိုပါက * ၁၉၅ * ကို ခေါ်ဆိုပြီး မဲရုံလိပ်စာနှင့် မဲရုံဖုန်းနံပါတ်ကို SMS ဖြင့် ရရှိမည်ဖြစ်သည်။

**ရွေးကောက်ပွဲနေ့ဆန္ဒမဲပေးခြင်း**

မဲပေးခြင်းလုပ်ငန်းစဉ်အား နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဆောင်ရွက်သည်။ မဲဆန္ဒရှင်များမဲပေးရမည့် မဲရုံများကိုသိရှိစေရန် မဲစာရင်းများကို မဲရုံများတွင် ကြေညာထားသည်။ မဲပေးရာတွင် မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများကို ဦးစားပေးရသည်။ မဲဆန္ဒရှင်တစ်ဦးသည် မဲရုံသို့ရောက်သောအခါ မဲရုံအဖွဲ့ဝင်တစ်ဦးက ၎င်း၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (သို့မဟုတ်) ပတ်စပို့နံပါတ်ဖြင့် မဲစာရင်းအမှတ်ကို မဲစာရင်းတွင် တိုက်ဆိုင်စစ်ဆေးသည်။ မဲဆန္ဒရှင်သည် မဲလက်မှတ်မထုတ်ယူမီ ၎င်းအမည်တွင် လက်မှတ်ထိုးပြီးနောက် လက်ဝဲလက်ညှိုးကို မင်တို့ရသည်။ လျှို့ဝှက်ဆန္ဒပြုခန်းတွင် မဲပေးပြီးနောက် မဲလက်မှတ်စာရွက်အား လေးခေါက်ခေါက်၍ မဲပုံးအတွင်းထည့်ရမည်။ မဲဆန္ဒရှင်တစ်ဦး၏ မဲလက်မှတ်စာရွက် ပျက်စီးသွားပါက နောက်ထပ် မဲလက်မှတ်စာရွက်ကို တစ်ကြိမ်သာ တောင်းခံခွင့်ပြုသည်။ မဲဆန္ဒရှင်သည် ပျက်စီးသွားသော မဲလက်မှတ်စာရွက်ကို မဲရုံမှူးထံသို့ ပြန်လည်အပ်နှံရပါမည်။ မဲရုံပိတ်ချိန်၌ မဲရုံပရဝဏ်အတွင်းရှိနေသော မဲဆန္ဒရှင်များသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ၂၀၁၉ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲတွင် မဲပေးသူအရေအတွက်မှာ ၂၉၄၆၆၂၈ ဦး ဖြစ်ပါသည်။ မဲပေးမှုရာခိုင်နှုန်းမှာ ၄၁ ဒသမ ၇၀ ရာခိုင်နှုန်းဖြစ်သည်။




၂၀၁၉ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲတွင် ပြည်နယ်အလိုက်ရရှိသည့် ကိုယ်စားလှယ်နေရာများ။

**ရလဒ်များတွက်ချက်ခြင်းနှင့် ကြေညာခြင်း**

မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသည် မဲရုံများပိတ်ပြီးသည်နှင့် ကိုယ်စားလှယ်လောင်းများ၊ လေ့လာစောင့်ကြည့်သူများရှေ့တွင် ချက်ချင်း မဲများရေတွက်ပါသည်။ မဲရေတွက်မှုပြီးစီးပါက မဲရုံတစ်ခုစီ၏ ရလဒ်ကို မိတ္တူကူး၍ မဲပေးစင်တာသို့ ပေးရသည်။ ရွေးကောက်ပွဲများအတွက် လွတ်လပ်သော အာဏာပိုင်အဖွဲ့ (ISIE) သည် ရွေးကောက်ပွဲရလဒ်ကို ရွေးကောက်ပွဲနေ့ပြီးနောက် သုံးရက်ထက်နောက်မကျစေဘဲ ကြေညာရသည်။ မဲရုံအလိုက် အသေးစိတ်ရလဒ်များကို ISIE ဝက်ဘ်ဆိုဒ်၊ ISIE ဌာနချုပ်နှင့် တူနီးရှားနိုင်ငံပြန်တမ်းတွင် ကြေညာပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုများ**

တူနီးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တူနီးရှားသမ္မတနိုင်ငံ၏ အမြင့်ဆုံးဥပဒေဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တူနီးရှားအစိုးရနှင့် နိုင်ငံသားများဆက်ဆံရေးအတွက် မူဘောင်တစ်ခုဖြစ်သည်။ တူနီးရှား၏ ပထမဆုံးဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၈၅၇ ခုနှစ် ပဋိညာဉ်သဘောတူညီချက်ဖြစ်သည်။ ၁၈၅၇ ခုနှစ် ပဋိညာဉ်သဘောတူညီချက်သည် ၁၈၆၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၁၉၅၆ ခုနှစ် ပြင်သစ်များထွက်ခွာသွားသည်အထိ ပြင်ဆင်ခဲ့ခြင်းမရှိခဲ့ပါ။ ၁၉၅၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၅၉ ခုနှစ် ဇွန်လ ၁ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးနောက် ၁၉၉၂ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများ ပြုလုပ်ကာ ထပ်မံပြင်ဆင်ခဲ့သည်။ ၂၀၁၁ ခုနှစ် တော်လှန်ရေးပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်တွင် ရေးဆွဲခဲ့သည်။

**ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့**

ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း (ISIE) က ပြုလုပ်သည်။ ISIE အား ဧပြီလ ၂၀၁၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ၂၀၁၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၁၂၆) အရ ISIE သည် သမ္မတနှင့်လွှတ်တော်ရွေးကောက်ပွဲများ၊ ဒေသန္တရရွေးကောက်ပွဲများ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကို ကြီးကြပ်ရန်တာဝန်ရှိသည်။ ISIE အဖွဲ့ဝင်များကို ခန့်အပ်ရာတွင် အကြိုရွေးချယ်ရေးကော်မတီက ကိုယ်စားလှယ် ၃၆ ဦးစာရင်းအား ပဏာမတင်သွင်းသည်။ လွှတ်တော်သည် ၎င်းကိုယ်စားလှယ် ၃၆ ဦး စာရင်းမှ ကိုးဦးအား ISIE အဖွဲ့ဝင်အဖြစ် ရွေးချယ်ပြီး သက်တမ်းမှာ ခြောက်နှစ် ဖြစ်သည်။ ၎င်းတို့၏ သက်ဆိုင်ရာနယ်ပယ်များတွင် အတွေ့အကြုံ ၁၀ နှစ်ရှိပြီးအသက် ၃၅ နှစ်နှင့်အထက် ဖြစ်ရမည်။ ISIE အဖွဲ့ဝင်များသည် ရိုးသားခြင်း၊ အမှီအခိုကင်းခြင်း၊ ကြားနေမှုရှိခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုရှိခြင်း စသည့် အရည်အချင်းများနှင့် ပြည့်စုံရမည်ဖြစ်ပါသည်။ရွေးကောက်ပွဲဆိုင်ရာ လွတ်လပ်သော အာဏာပိုင်အဖွဲ့အစည်း (ISIE) ၏ လုပ်ငန်းတာဝန်များမှာ–

(က) မဲဆန္ဒရှင်စာရင်းများပြုစုခြင်း၊ မဲဆန္ဒရှင်စာရင်းများကို စဉ်ဆက်မပြတ်မွမ်းမံပြင်ဆင်ခြင်းနှင့် ISIE Website တွင် ကြေညာခြင်း

( ခ ) ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရန် ပြက္ခဒိန်များသတ်မှတ်ခြင်း၊ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းနှင့် လက်ခံခြင်း၊ မဲများ ရေတွက်ခြင်းနှင့် ရလဒ်များကို ကြေညာခြင်း

( ဂ ) ရွေးကောက်ပွဲများတွင် ပွင့်လင်းမြင်သာမှုရှိစေရန်ကြီးကြပ်ခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအသီးသီးတွင် ပါဝင်ဆောင်ရွက်သူများကို သင်တန်းပေးခြင်း

(ဃ) မဲဆန္ဒရှင်အသိပညာပေးရေးအတွက် ပြည်တွင်းပြည်ပ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

(င) ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးရေး၏ ငွေကြေးထောက်ပံ့မှုများအား ကြီးကြပ်ခြင်း

(စ) ရွေးကောက်ပွဲစနစ်နှင့် ပတ်သက်၍ အကြံပြုချက်များ ပေးခြင်း၊ ရွေးကောက်ပွဲများ၊ ပြည်သူ့ဆန္ဒခံယူပွဲများအား ဝေဖန်အကြံပြုခြင်း

(ဆ) ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ချက်များအား နှစ်စဉ်အစီရင်ခံစာတင်ပြခြင်း

ISIE လက်အောက်တွင် ဒေသဆိုင်ရာ ရွေးကောက်ပွဲစီမံခန့်ခွဲမှု အဖွဲ့ ၃၃ ခုရှိပြီး ၎င်းတို့ကို (Independent Regional Authorities for Elections – IRIEs) ဟုခေါ်သည်။ ဒေသဆိုင်ရာ ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့အစည်း ၃၃ ခုတွင် တူနီးရှားနိုင်ငံအခြေစိုက် ၂၇ ခုနှင့် ပြည်ပအခြေစိုက် ခြောက်ခုတို့ ပါဝင်သည်။ IRIEs တွင် ISIE မှ ရွေးချယ်သော အဖွဲ့ဝင် လေးဦးပါဝင်သည်။ IRIEs တွင် ကိုယ်ပိုင်လုပ်ပိုင်ခွင့်အာဏာမရှိဘဲ ISIE မှပေးအပ်သော တာဝန်များကိုသာ ဆောင်ရွက်ရသည်။ IRIEs ၃၃ ခုသည် ၎င်းတို့အခြေစိုက်ရာဒေသများရှိ မဲပေးစင်တာများနှင့် မဲရုံများအား ကြပ်မတ်ကွပ်ကဲသည်။ လွှတ်တော်ရွေးကောက်ပွဲများတွင် IRIEs သည် ကိုယ်စားလှယ်လောင်းများ လက်ခံခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခြင်းမရှိပါ။ သို့သော်လည်း ကိုယ်စားလှယ်လောင်းများအား ကြီးကြပ်ခြင်း၊ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခြင်းနှင့် ၎င်း၏ဘဏ္ဍာရေးသုံးစွဲမှုများ၊ မဲရေတွက်ခြင်းနှင့် ရလဒ်များ တွက်ချက်ရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။

**နိဂုံး**

တူနီးရှားနိုင်ငံသည် ၁၉၅၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ တစ်ပါတီစနစ်ကို ကျင့်သုံးခဲ့ပြီး ၂၀၁၁ ခုနှစ် အာရပ်နွေဦးတော်လှန်ရေးပြီးနောက် ပါတီစုံဒီမိုကရေစီစနစ် ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲများကို အချိုးကျကိုယ်စားပြုစနစ် (PR) စနစ်ဖြင့် အောင်မြင်စွာ ကျင်းပခဲ့သည်။ နောက်တစ်ကြိမ်ရွေးကောက်ပွဲကို ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်သည်။ တူနီးရှားနိုင်ငံသည် စီးပွားရေး၊ လူမှုရေးအခက်အခဲများကြားမှ ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းလျက်ရှိပါကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။ ။

**ကိုးကား**

- https://en.wikipedia.org/wiki/Tunisia
- https://en.wikipedia.org/wiki/Elections in_Tunisia
- Politics of Tunisia – Wikipedia
- Tunisia – Wikipedia
- IFES FAQs, 'Elections in Tunisia: 2019 Parliamentary Elections', September 2019
- Tunisia_2019_Parliamentary_Election_Guide.pdf (pomed.org)
- IFES Election Guide | Country Profile: Tunisia
- Elections in Tunisia: 2018 Municipal Elect–ions | IFES
- Tunisian Municipal Elections 2018 – The Election Network




# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ် နာမဝိသေသန (Adjectives) ကဏ္ဍမှာတော့ Quantitative Adjectives (ပမာဏပြနာမဝိသေသန) ကို သူ့ရဲ့လေ့ကျင့်ခန်းနဲ့အတူ ဖော်ပြပေးလိုက်ပြီး Numerical Adjectives (အရေအတွက်ပြ နာမဝိသေသနများ) ရဲ့ အသုံးအနှုန်းနဲ့ အဓိပ္ပာယ်ရှင်းလင်းချက်တွေကို ပိုပြီးနားလည်သဘောပေါက်စေဖို့ နမူနာဝါကျများနဲ့ ရှင်းလင်းဖော်ပြပေးလိုက်ပါတယ်။ ဒါ့အပြင်စကားပြောခန်းမှာလည်း "Shortest way to talk about health and lifestyle – 2" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာလည်း နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယံအသုံးအနှုန်းတွေကို မြန်မာလို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ သာမကနမူနာဝါကျများနဲ့ပါ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

Quantitative Adjectives (ပမာဏပြနာမဝိသေသန) များကို နမူနာဝါကျများဖြင့်ဖော်ပြရမည်ဆိုသော်–

- I ate **some** rice.
- He showed **much** patience.
- He has **little** intelligence.
- We have had **enough** exercise.
- He has lost **all** his wealth.
- You have **no** sense.
- He did not eat **any** rice.
- Take **great** care of your health.
- A **half** holiday is better than none.
- There has not been **sufficient** rain this year.
- The **whole** sum was expended.

**Choose the correct word. Then write out each sentence.**

e.g. He has lost (all, many) his wealth.

He has lost **all** his wealth.

1. She has only (a few, a little) coins in her purse.
2. Did you have to answer (much, many) questions?
3. There are (several, little) cows on the small farm.
4. The old beggar has (little, few) food to eat.
5. The (three, two) boys are twins.
6. He gave David (a, some) new watch for his birthday.
7. There isn't (many, much) ink left in the bottle.
8. He gave her (a few, some) money.
9. Which of the (some, two) roads leads to the station?
10. The proud boys has (few, little) friends.

**Numerical Adjectives (အရေအတွက်ပြ နာမဝိသေသနများ)**

လူပုဂ္ဂိုလ်သို့မဟုတ် အရာဝတ္ထုဘယ်လောက်များများ ရှိကြောင်း ဖော်ပြပြောဆိုသည့် စကားလုံးများကို Numerical Adjectives (အရေအတွက်ပြ နာမဝိသေသနများ) ဟုခေါ်သည်။ ၎င်းတို့သည် ရေတွက်ရနာမ်များ၏ အရေအတွက်ကို ဖော်ပြသည်။ ဥပမာ–




- The hand has **five** fingers.
- **Few** cats like cold water.
- There are **no** pictures in this book.
- I have taught you **many** things.
- **All** men must die.

Numerical Adjectives (အရေအတွက်ပြ နာမဝိသေသနများ)တွင် တိကျသည့် ကိန်းဂဏန်းများ (Definite numerals)နှင့် မတိကျသည့် ကိန်းများ (Indefinite numerals) တို့ပါဝင်သည်။

(i) Definite Numeral Adjectives (တိကျသည့် ကိန်းဂဏန်းများကို ဖော်ပြသည့် နာမဝိသေသန)

(ii) Indefinite Numeral Adjectives (မတိကျသည့် ကိန်းများကို ဖော်ပြသည့် နာမဝိသေသန)

**(i) Definite Numeral Adjectives (တိကျသည့်ကိန်းဂဏန်းများကို ဖော်ပြသည့် နာမဝိသေသန)**

Definite Numeral Adjectives (တိကျသည့် ကိန်းဂဏန်းများကိုဖော်ပြသည့် နာမဝိသေသန)တွင် တိကျသည့် ကိန်းဂဏန်းများ ပါဝင်သည်။ တိကျသည့် ကိန်းဂဏန်းများတွင် မူလကိန်းဂဏန်းများ သို့မဟုတ် အစဉ်ပြကိန်းများ (Cardinal numbers) နှင့် အဆင့်ပြကိန်းဂဏန်းများ သို့မဟုတ် အကြိမ်ပြကိန်းဂဏန်းများ (Ordinal numbers) တို့ ပါဝင်သည်။

**မူလကိန်းဂဏန်းများ သို့မဟုတ် အစဉ်ပြကိန်းများ (Cardinal numbers)**

one, two, three, …, twenty, twenty–one, …, thirty (30), sixty (60), seventy (70), eighty (80), ninety (90), one hundred (100), one hundred and one (101),

155 = one hundred and fifty–five

2643 = two thousand, six hundred and forty–three

33789 = thirty–three thousand, seven hundred and eighty–nine

- There are **twenty– five** boys and **twenty** girls in our class.
- I have **two** pens and **six** rulers.
- The teacher distributed **ten** dozen exercise books and **three** pencils to the students.

**အဆင့်ပြကိန်းဂဏန်းများ သို့မဟုတ် အကြိမ်ပြကိန်းဂဏန်းများ (Ordinal numbers)**

First, second, third, etc.

Twentieth century

Twenty–first street

Twenty–eight day

Thirtieth of December

- December is the **twelfth** month of the year.
- Mandalay is the **second** largest city in Myanmar.
- Today is my **twenty–ninth** birthday.

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

| | | |
|---|---|---|
| 1. poisonous | 2. round | 3. sharp |
| 4. green | 5. difficult | 6. interesting |
| 7. old | 8. reckless | 9. wood–burning |
| 10. happy | 11. long, bright | 12. hot |

## VOCABULARY (IDIOMS)

1. **a bed of roses** (သာယာစိုပြည်သောဘဝ)
   Their life together hasn't exactly been ***a bed of roses***.
2. **a scapegoat** (သူမလုပ်သည့်ကိစ္စအတွက် အပြစ်ဖို့ခံရသူ သို့မဟုတ် တစ်ပါးသူအပြစ်အတွက် ဒဏ်ခံရသူ)
   He is being made ***a scapegoat*** for the commission's own mistakes.
3. **to see red** (ထောင်းကနဲဒေါသထွက်သည်)
   Her remarks really made me ***see red***.
4. **to sow the seed** (တစ်စုံတစ်ယောက်၏စိတ်ထဲတွင် စိတ်ကူး၊ ခံစားချက်စသည်ဖြစ်ပေါ်စေသည်)
   Opponents have succeeded in ***sowing the seeds*** of suspicion in our team.
5. **to set forth** (ခရီးစတင်သည်)
   We ***set forth*** to enjoy the countryside.

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about health and lifestyle – 2

**ဒီတစ်ပတ်မှာလည်း ကျန်းမာရေးလေ့ကျင့်ခန်းနဲ့ ဘဝနေထိုင်မှုပုံစံနဲ့ပတ်သက်တဲ့ အသုံးအနှုန်းတွေကို ဖော်ပြတဲ့နေရာမှာ diet နဲ့ပတ်သက်တဲ့အသုံးအနှုန်းတွေကို ဘယ်လိုပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about health and lifestyle–2 ဆိုပြီးဖော်ပြလိုက်ပါတယ်။**

I'm not trying to … weight. (lose)

I'm just trying to … off junk food. (stay)

I'm trying to get my … a day. (five)

I can never … to a diet. (stick)

I have such a … tooth. (sweet)

၁။ ဝိတ်ချတာကို ပြောချင်ရင်တော့ lose weight နဲ့သုံးပါတယ်။ ဥပမာ–

- Have you **lost weight**?
- I'm not trying to **lose weight**.

၂။ တစ်ခုခုကိုမလုပ်ဘဲ ရှောင်ကြဉ်ရင်တော့ stay off နဲ့သုံးပါတယ်။ ဥပမာ–

- I'm trying to **stay off** cigarettes.
- I'm trying to **stay off** Netflix.
- I'm trying to **stay off** sweet food.

၃။ နိုင်ငံအတော်များများရဲ့ ကျန်းမာရေးအကြံပြုချက်ကတော့ အသီးနဲ့အသီးအရွက်ကို နေ့စဉ်များများ စားခိုင်းတာဖြစ်ပါတယ်။ ဒီအသုံးကိုတော့ Five a day လို့ ပြောနိုင်ပြီး တစ်ခါတစ်ရံမှာ get နဲ့ တွဲသုံးပါတယ်။ ဥပမာ–

- I don't always get my five a day.

၄။ Stick to something ဆိုတာကတော့ တစ်ခုခုကို ဆက်ဆက်ပြီး လုပ်မိနေတာဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာ အလေ့အကျင့်ကောင်းလေးတွေကို ပြောချင်ရင်သုံးပါတယ်။ ကောင်းတဲ့အလေ့အကျင့်လေးတွေကို ပုံမှန်လုပ်ပြီး အရှုံးမပေးဘူးလို့ပြောရင် သုံးနိုင်ပါတယ်။ ဥပမာ–

- You **stick to a diet** or an exercise routine.

၅။ Have a sweet tooth ကတော့ ချိုတဲ့အစားအစာတွေကို အရမ်းကြိုက်တာပဲဖြစ်ပါတယ်။ ဥပမာ–

- I **have a sweet tooth**.

**ဘာသာစကားရှုထောင့်**

put on weight / gain weight = to get heavier or fatter




stay off = avoid

five a day = eating fruit and vegetables

Conversation

**I'm hungry**

**Henry:** I'm hungry. Shall we order? Pizza?

**Sophie:** No, not for me. I'm on a diet.

**Henry:** Really? How come?

**Sophie:** I've just been eating really badly lately. I'm not trying to lose weight; I just want to eat more healthy. It's nothing drastic; I'm just trying to stay off junk food, fried food, get my five a day, and so on.

**Henry:** Yeah, I should probably think about that, too. I eat a lot of takeaways and packaged food, and I definitely don't eat enough fruit and vegetables. I doubt it's good for me. I can never stick to a diet, though.

**Sophie:** I know what you mean. I think it's better to make small changes. That way, you don't have to think about it too much.

**Henry:** True, but I have such a sweet tooth. I find it really hard to resist anything sweet: cakes, chocolate, biscuits … If someone offers something like that to me, I can't say no.

**Sophie:** Another tip that someone told me which works well: plan your meals in advance. It works for me, at least.

**Henry:** That's a good idea.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ဟွန်ဒူးရပ်စ်နိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူ လူအုပ်ကြီး အမေရိကန်သို့ဦးတည်ထွက်ခွာ

**တီဂူစီဂယ်ပါ ဇန်နဝါရီ ၁၆**

ဟွန်ဒူးရပ်စ်နိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူလူအုပ်ကြီးမှာ ဇန်နဝါရီ ၁၅ ရက်က နိုင်ငံမြောက်ပိုင်းမြို့တော် ဆန်ပီဒရို ဆူလာမှ အမေရိကန်ပြည်ထောင်စုသို့ ဦးတည်ထွက်ခွာလာခဲ့ကြကြောင်း သိရသည်။

လူဦးရေ အများအပြားမှာ ဆန်ပီဒရိုဆူလာမြို့သို့ ဇန်နဝါရီ ၁၄ ရက် ညပိုင်းကတည်းက ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဂွာတီမာလာနယ်စပ်သို့ ထွက်ခွာခဲ့ကြသည်။ ရာနှင့်ချီသည့် ရွှေ့ပြောင်းနေထိုင်သူ လူအုပ်ကြီးမှာ ခြေကျင်ခရီးသွားနေကြခြင်းဖြစ်ကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။

အချို့မှာမူ ဘတ်စ်ကားများတွင် တွယ်ကပ်စီးလာကြသည်ကို တွေ့မြင်ရသည်။ အဆိုပါ ရွှေ့ပြောင်းနေထိုင်သူ လူအုပ်ကြီးမှာ ၂၀၂၂ ခုနှစ်အတွက် ပထမဆုံး ရွှေ့ပြောင်းနေထိုင်သူလူအုပ်ကြီးဖြစ်သည်။ ၂၀၂၁ ခုနှစ် မတ်လအတွင်းကလည်း လူအုပ်လိုက် ရွှေ့ပြောင်းခဲ့ကြပြီး ဂွာတီမာလာနိုင်ငံမှ အာဏာပိုင်များက ဖြိုခွင်းခဲ့ရသည်။

ကိုဗစ် -၁၉ ကန့်သတ်ချက်များကို လွန်ခဲ့သည့်နှစ်အတွင်း ဖြေလျှော့ပေးပြီးနောက် ဟွန်ဒူးရပ်စ်နိုင်ငံသားအများအပြားမှာ နိုင်ငံအတွင်းမှ ထွက်ခွာလာကြသည်။

ရွှေ့ပြောင်းနေထိုင်သူအများစုမှာ ဆင်းရဲမွဲတေမှုနှင့် အကြမ်းဖက်မှုများမှ လွတ်မြောက်ရန်နှင့် ပိုမိုကောင်းမွန်သည့်အနာဂတ် ပိုင်ဆိုင်နိုင်ရေးအတွက် နိုင်ငံအတွင်းမှ ထွက်ခွာလာခဲ့ကြခြင်းဖြစ်သည်။

**ဆင်ဟွာ**



အမေရိကန်သို့ ရောက်ရှိရန် ဂွာတီမာလာနယ်စပ်သို့ ဦးတည်လာသည့် ရွှေ့ပြောင်းနေထိုင်သူ လူအုပ်ကြီးကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၅ ရက်က တွေ့ရစဉ်။

# အဲမော်လတာလေကြောင်းလိုင်း လုပ်သားအင်အား တစ်ဝက်လျှော့ချမည်

**ဗလက်တာ ဇန်နဝါရီ ၁၆**

ဘဏ္ဍာရေးအရ ဆက်လက်ရှင်သန်နိုင်ရေးအတွက် အဲမော်လတာ လေကြောင်းလိုင်းမှ ဝန်ထမ်းအင်အားကို တစ်ဝက် လျှော့ချသွားမည်ဟု ဘဏ္ဍာရေးဝန်ကြီး ကလိုက်ကာရူအန်နာက ဇန်နဝါရီ ၁၄ ရက်တွင် ပြောသည်။

အဆိုပါ လေကြောင်းလိုင်းတွင် ဝန်ထမ်းအင်အား ၈၉၀ ရှိသည်။ ဝန်ထမ်းအင်အားထဲမှ ၄၇၀ ကို အခြားသော အစိုးရလုပ်ငန်းများတွင် တူညီသည့် လစာအခြေအနေဖြင့် ဆက်လက်ခန့်ထားသွားရန် စီစဉ်ထားသည်ဟု သိရသည်။

ယခုနှစ် နွေရာသီတွင် အပြီးလုပ်ဆောင်သွားမည်ဖြစ်ပြီး တစ်နှစ်တာအတွင်း ယူရို ၁၅ သန်းဝန်းကျင် ကုန်ကျစရိတ်သက်သာစေရေးအတွက် မျှော်လင့်ထားသည်ဟု ဘဏ္ဍာရေးဝန်ကြီးက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။





အဲမော်လတာလေကြောင်းလိုင်းမှ လေယာဉ်များ မြေပြင်တွင် ရပ်ထားသည်ကို တွေ့ရစဉ်။

ကုန်ကျစရိတ် လျှော့ချသည့် အစီအစဉ်အရ စီမံခန့်ခွဲရေးဝန်ထမ်း ၁၁၀ ကိုလည်း အစိုးရ အခြားသော ဌာနများတွင် ပြောင်းရွှေ့ခန့်ထားပေးသွားမည်ဖြစ်သည်။

ဥရောပကော်မရှင်နှင့် အခြေအတင် ဆွေးနွေးညှိနှိုင်းကာ အဲမော်လတာ လေကြောင်းလိုင်းအတွက် အခွင့်အရေးရရှိအောင် ကြိုးပမ်းနိုင်ခဲ့ကြောင်း၊ ယခုပြုလုပ်သည့် အစီအစဉ်အရ ကုမ္ပဏီ ဒေဝါလီမခံရရေး ကယ်တင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ရေအောက်မီးတောင်ပေါက်ကွဲမှုကြောင့် ပီရူးနိုင်ငံ၌ ဆူနာမီဖြစ်ပေါ်

**လီမာ ဇန်နဝါရီ ၁၆**

တွန်ဂါနိုင်ငံအနီးရှိ ရေအောက်မီးတောင်ပေါက်ကွဲမှုကြီးကြောင့် ဆူနာမီဖြစ်ပေါ်ခဲ့ပြီး ယင်းနေရာမှ ကီလိုမီတာ ၁၀၀၀၀ အကွာရှိ ပီရူးနိုင်ငံ ကမ်းရိုးတန်းတွင်လည်း ဆူနာမီပေါ်ပေါက်ခဲ့သည်ဟု သိရသည်။

ပီရူးနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းမြို့အတွင်းသို့ ပင်လယ်ရေများ ဝင်ရောက်လာသည့် မြင်ကွင်းကို ကောင်းကင်မှ ရိုက်ကူးထားသည့် ဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရသည်။

ဆူနာမီကြောင့် မြို့အတွင်း ရေဝင်မှုမှာ ဒူးအထက်အထိရှိကြောင်း သိရသည်။ လူအချို့မှာ ရေစီးနောက် မျောပါသွားခြင်းမရှိရန် တိုင်များတွင် ဖက်တွယ်ထားရသည်။

လှေများ ကမ်းပေါ်မျောပါသွားသည်ကိုလည်း ဗီဒီယိုဖိုင်တွင် တွေ့မြင်နေရသည်။ အမေရိကန်ပစိဖိတ် ဆူနာမီသတိပေးမှုစင်တာ၏ ပြောကြားချက်အရ ပီရူးနိုင်ငံတွင် ဝင်ရောက်ခဲ့သည့် ဆူနာမီမှာ ၈၀ စင်တီမီတာ မြင့်မားသည်ဟု သိရသည်။

ရေအောက်မီးတောင်ပေါက်ကွဲမှုအပြီးတွင် တွန်ဂါနိုင်ငံ၌ ပျက်စီးဆုံးရှုံးမှုများမှာ မသိရသေးဟု မီဒီယာများတွင် ဖော်ပြကြသည်။ တွန်ဂါနိုင်ငံနှင့် အင်တာနက်အဆက်အသွယ်မှာလည်း ပြတ်တောက်နေသည်။

နိုင်ငံမြို့တော် နူကူလိုဖာမြောက်ပိုင်း ၆၅ ကီလိုမီတာအကွာရှိ ရေအောက်မီးတောင်မှာ ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းက ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ တစ်နိုင်ငံလုံးအနှံ့ ဆူနာမီလှိုင်းဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

**အင်န်အိတ်ချ်ကေ**



# အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်ခံရသူ ခုနစ်သန်းကျော်လွန်လာ

**ဗျူနိုအေရိစ် ဇန်နဝါရီ ၁၆**

အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရိစ်မြို့တွင် ကိုဗစ်- ၁၉ နောက်ထပ်ကူးစက်ခံရသူ ၉၆၆၅၂ ဦး ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်း ကူးစက်ခံရသူဦးရေမှာ ၇၀၂၉၆၂၄ ဦးအထိ ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၅ ရက်တွင် ကြေညာခဲ့သည်။

သေဆုံးသူဦးရေမှာလည်း ၈၈ ဦး တိုးလာသည့်အတွက် သေဆုံးသူ စုစုပေါင်းမှာ ၁၁၇၉၈၉ ဦးအထိ ရှိလာသည်။

အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသူ ၁၉၆၅ ဦးရှိပြီး နိုင်ငံတစ်ဝန်း ဆေးရုံများတွင် ကိုဗစ် – ၁၉ လူနာ ၄၂ ဒသမ ၆ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

တိုင်းပြည်အတွင်း ကာကွယ်ဆေးအလုံးရေ ၈၂၀၂၆၅၈၈ လုံး ထိုးနှံပေးခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံသို့ နီပေါနိုင်ငံမှ အကူအညီများပေးပို့

**ခတ္တမန္ဒူ ဇန်နဝါရီ ၁၆**

နီပေါနိုင်ငံသည် ဇန်နဝါရီ ၁၆ ရက်က အာဖဂန်နစ္စတန်နိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ တန်ချိန် ၁၂ တန်ကို ပေးပို့ခဲ့သည်ဟု သိရသည်။

အဆိုပါ လူသားချင်းစာနာထောက်ထားမှု ပစ္စည်းများတွင် ဆေးဝါးများ၊ အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများ ပါဝင်သည်ဟု နီပေါနိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

**ပိုမိုခက်ခဲစေ**

အာဖဂန်နစ္စတန်နိုင်ငံ၌ မိုးခေါင်မှုကြောင့် အစားအသောက်ထုတ်လုပ်မှုကို ထိခိုက်ပြီး အေးခဲသည့် ဆောင်းတွင်းကြောင့်လည်း လူနေမှုဘဝများကို ပိုမိုခက်ခဲစေသည်ဟု နီပေါနိုင်ငံခြားရေးဝန်ကြီး နရာယန်ခတ်ဒါက ပြောသည်။

**ဆင်ဟွာ**

# အိုမီခရွန်ကူးစက်မှုများလာချိန် အမေရိကန်ရှိဈေးဝယ်စင်တာများတွင် စားသောက်ကုန်ပြတ်လပ်မှုများဖြစ်ပေါ်

ကေကေစိုး

**အမေရိကန်နိုင်ငံတစ်ဝန်း အိုမီခရွန်ကူးစက်မှုပျံ့နှံ့နေချိန်တွင် နိုင်ငံအတွင်းရှိ ဈေးဝယ်စင်တာများတွင်လည်း စားသောက်ကုန်ပစ္စည်း ထပ်မံခင်းကျင်းနိုင်ခြင်းမရှိဘဲ ဖြစ်နေရသည်။**




မေရီလန်းပြည်နယ်မှ ကုန်စုံဆိုင်တစ်ခုတွင် စားသောက်ကုန်ပစ္စည်းများ ပြတ်လပ်နေသည်ကို ဇန်နဝါရီ ၁၃ ရက်က တွေ့ရစဉ်။

**မီးမောင်းထိုးပြလျက်ရှိ**

ဈေးဝယ်စင်တာများ အတွင်းရှိ စင်များတွင် စားသောက်ကုန်များ ပြတ်လပ်နေခြင်းက ကပ်ရောဂါကြောင့် ထောက်ပံ့ရေးကွင်းဆက်များ ပြတ်တောက်မှုဖြစ်ပေါ်နေသည်ကို မီးမောင်းထိုးပြလျက်ရှိသည်။ ဈေးဝယ်စင်တာများ အတွင်းရှိ ပစ္စည်းထားရာ စင်များတွင် ပစ္စည်းများပြတ်လပ်နေပြီး အချို့သော စင်များတွင် ဗလာနတ္ထိဖြစ်နေရသည်ဟု ဝါရှင်တန်မြို့ ဈေးဝယ်စင်တာကြီးတွင် ဝယ်နေကျ ဖောက်သည်တစ်ဦးဖြစ်သူ ဂျက်စတင်တွန်းက ပြောသည်။

**မကြာခဏ ဖြစ်ပွားနေကျ**

အမေရိကန် ပြည်ထောင်စုတွင် စားသောက်ကုန်ပစ္စည်းများ ပြတ်လပ်ခြင်းမှာ ကိုဗစ် -၁၉ ကပ်ရောဂါကာလအတွင်း မကြာခဏဖြစ်ပွားနေကျဖြစ်ရပ်တစ်ခုဖြစ်သည်။ ကပ်ရောဂါ အစောပိုင်းကာလ နေ့ရက်များကလည်း အိမ်သာသုံးစက္ကူပြတ်လပ်မှု ဖြစ်ပေါ်ပြီး နောက်ပိုင်းတွင်မူ ပစ္စည်းတော်တော်များများ ပြတ်လပ်သည်အထိ ဖြစ်ခဲ့ရသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း ပစ္စည်းတော်တော်များများ ပြတ်လပ်မှုဖြစ်ခဲ့သည်။ သစ်သီးများမှာ ဈေးဝယ်စင်တာကြီးမှအစပြု၍ ကုန်စုံဆိုင်အထိ ဝယ်ယူမရဘဲ ရှိနေခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။

**စားသောက်ကုန်အချို့ ဝယ်ယူမရ**

ပျားရည်၊ ကြက်ဥ၊ နို့ နှင့် အသားများလည်း အနီးအနားရှိ စတိုးဆိုင်များတွင် ဝယ်ယူမရဖြစ်ခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။ ပြီးခဲ့သည့် ကိုဗစ် -၁၉ ကပ်ရောဂါလှိုင်းများနှင့် ကြုံတွေ့ရစဉ်အတွင်း တိုင်းပြည်အစိတ်အပိုင်း တော်တော်များများတွင် ကုန်စုံဆိုင်များ၌ ကုန်ပစ္စည်း ထောက်ပံ့မှုများကို ချိန်ညှိခဲ့ရသည်ဟု စီရာကက်စ်တက္ကသိုလ်မှ ကုန်ပစ္စည်း ထောက်ပံ့ရေးကွင်းဆက် ပါမောက္ခတစ်ဦးဖြစ်သူ ပက်ထရစ်ပန်ဖီးဒ်က ပြောသည်။ ကိုဗစ်-၁၉ ဗီဇပြောင်းဖြစ်သည့် အိုမီခရွန်မှာမူ ကူးစက်မှုအလွန်လျင်မြန်ပြီး အမေရိကန်တစ်နိုင်ငံလုံးအနှံ့ မြန်မြန်ဆန်ဆန်ပင် ကူးစက်ပျံ့နှံ့ခဲ့သည်။

**အခက်ကြုံတွေ့လာရ**

ထို့ကြောင့် အမေရိကန်ရှိ စတိုးဆိုင်များနှင့် စားသောက်ကုန်ထုတ်လုပ်ရေး လုပ်ငန်းများတွင် ဝန်ထမ်းများဖျားနာမှုများနှင့် အသွားအလာစောင့်ကြည့်ကန့်သတ်ခံရမှုများနှင့် ကြုံတွေ့လာရသည်။

ထို့ကြောင့် အစားအစာ ထုတ်လုပ်ဖြန့်ဝေသည့်ကွင်းဆက်တွင် ပြဿနာများရှိလာသည်။ စားသောက်ကုန်များကို ကုန်စုံဆိုင်များသို့ပေးပို့နိုင်ရေး အခက်ကြုံတွေ့လာရသည်။

ထို့ကြောင့် ကုန်စုံဆိုင်များတွင်ရှိသည့် ပစ္စည်းများနှင့်သာ ဆိုင်ပြည့်အောင် အစားထိုး ပြင်ဆင်လာရသည်။ ထို့ပြင် ဝယ်သူများကိုလည်းတစ်ကြိမ်တည်းဖြင့် အများကြီးမဝယ်ယူအောင် ပစ္စည်းအရေအတွက်ဖြင့်သာ ဝယ်ယူကြရန် ကန့်သတ်မှုများလုပ်ဆောင်လာရသည်။

**ရာသီဥတုဆိုးရွားမှုကြောင့်**

တိုင်းပြည်အစိတ်အပိုင်း တော်တော်များများတွင်လည်း ရာသီဥတုဆိုးရွားမှုကြောင့် ကုန်ပစ္စည်းပြတ်လပ်မှုများ ဖြစ်ပေါ်လာရသည်ဟု ပန်ဖီးဒ်က ပြောသည်။ ပုပ်သိုးလွယ်သည့် စားသောက်ကုန်များကို ကုန်စုံဆိုင် တော်တော်များများတွင် ဖြည့်ဆည်းနိုင်ခြင်းမရှိတော့ဟု ၎င်းက ဆက်ပြောသည်။

မကြာသေးမီက နှင်းများ ထူထပ်စွာကျခဲ့ပြီး ဝါရှင်တန်ရှိ အချို့သောဒေသများရှိ စတိုးဆိုင်များတွင် အချို့သော ကုန်ပစ္စည်းများ ရောင်းစရာမရှိဘဲ ဗလာနတ္ထိ ဖြစ်ခဲ့ရသည်။

**ရိုက်ခတ်မှုကို ခံစားနေရ**

ထို့ပြင် အမေရိကန်၌ အိုမီခရွန်ကူးစက်မှုများ ပျံ့နှံ့လျက်ရှိပြီး ကုန်စုံဆိုင်များနှင့် စတိုးဆိုင်များတွင် စားသောက်ကုန်ပစ္စည်းပြတ်လပ်မှုများမှာ မတ်လကုန်ပိုင်းလောက်အထိ ဖြစ်ပွားနိုင်ခြေရှိသည်ဟု ပန်ဖီးဒ်က သတိပေးပြောကြားခဲ့သည်။

တစ်နိုင်ငံလုံးအနှံ့ စားသောက်ကုန်လုပ်ငန်းပိုင်ရှင်များ ကြုံတွေ့နေရသည်မှာ လုံလောက်သည့် အလုပ်သမားအင်အားကိုရှာဖွေရန် မလွယ်ကူခြင်းပင်ဖြစ်သည်ဟု လွတ်လပ်စွာ စားသောက်ကုန်ဖြန့်ဖြူးရေးအသင်းဖြစ်သည့် ကုန်စုံဆိုင်များအသင်းက ပြောသည်။ ကုန်စုံဆိုင်များနှင့် စားသောက်ကုန်လုပ်ငန်းများတွင် အဆိုပါပြဿနာ၏ ရိုက်ခတ်မှုကို ခံစားနေရသည်။

❖ တစ်နိုင်ငံလုံးအနှံ့ စားသောက်ကုန်လုပ်ငန်းပိုင်ရှင်များ ကြုံတွေ့နေရသည်မှာ လုံလောက်သည့် အလုပ်သမားအင်အားကိုရှာဖွေရန် မလွယ်ကူခြင်းပင်ဖြစ်သည်ဟု လွတ်လပ်စွာ စားသောက်ကုန်ဖြန့်ဖြူးရေးအသင်းဖြစ်သည့် ကုန်စုံဆိုင်များအသင်းက ပြောသည်။ ကုန်စုံဆိုင်များနှင့် စားသောက်ကုန်လုပ်ငန်းများတွင် အဆိုပါပြဿနာ၏ ရိုက်ခတ်မှုကို ခံစားနေရသည်

❖ မကြာသေးမီက ကောက်ယူထားသည့် စစ်တမ်းများအရ ကပ်ရောဂါကူးစက်မှုများပြားနေစဉ်အတွင်း လူအင်အားတစ်ဝက်ခန့်ဖြင့်သာ လုပ်ငန်းများကို လည်ပတ်နေရသည်ဟု ဖော်ပြလျက်ရှိသည်။ ကုန်စုံဆိုင်များအသင်း အဖွဲ့ဝင် ၁၅၀၀ ထံမှ ကောက်ယူထားသည့် အချက်အလက်များအရ သိရှိရခြင်းဖြစ်သည်

**ကြိုးကြားကြိုးကြား ကြုံတွေ့နေဦးမည်**

မကြာသေးမီက ကောက်ယူထားသည့်စစ်တမ်းများအရ ကပ်ရောဂါကူးစက်မှု များပြားနေစဉ်အတွင်း လူအင်အားတစ်ဝက်ခန့်ဖြင့်သာ လုပ်ငန်းများကို လည်ပတ်နေရသည်ဟု ဖော်ပြလျက်ရှိသည်။ ကုန်စုံဆိုင်များအသင်း အဖွဲ့ဝင် ၁၅၀၀ ထံမှကောက်ယူထားသည့်အချက်အလက်များအရ သိရှိရခြင်းဖြစ်သည်။

ထောက်ပံ့ရေးကွင်းဆက်တွင် စားသောက်ကုန်များ ပေါများနေသော်လည်း ဝယ်ယူသူများမှာ အချို့သောစားသောက်ကုန်ပစ္စည်းများ ပြတ်လပ်မှုနှင့် ကြိုးကြားကြိုးကြား ကြုံတွေ့နေရဦးမည်ဟု သတိပေးထားသည်။

**လုပ်ငန်းခွင်သို့ လာရောက်နိုင်ခြင်း မရှိတော့**

စားသောက်ကုန်လုပ်ငန်းတွင် အလုပ်သမားအင်အား တစ်ဝက်ခန့်ဖြင့်သာ လည်ပတ်နေရသည့်အတွက် ယခုလို သတိပေးရခြင်းဖြစ်သည်ဟု ကုန်စုံဆိုင်များအသင်းက ပြောသည်။ အလုပ်သမားများ ကိုဗစ်-၁၉ ကူးစက်ခံရသည့်အခါ အချို့မှာ လုပ်ငန်းခွင်သို့လာရောက်နိုင်ခြင်း မရှိတော့ချေ။

ကပ်ရောဂါကြောင့် ကုန်စုံဆိုင်များနှင့် စားသောက်ဆိုင်များမှာ တိုက်ပွဲဖြစ်ပွားရာ စစ်မြေပြင်ကဲ့သို့ ဖြစ်သွားရသည်ဟု စူပါမားကတ် ဝက်ဘ်ဆိုက်မှ အယ်ဒီတာတစ်ဦးဖြစ်သူ ဖီးလ်လန်းပတ်က ပြောသည်။ ကပ်ရောဂါကာလအတွင်း နေအိမ်မှ အလုပ်လုပ်ကိုင်ခြင်းမဟုတ်ဘဲ လူကိုယ်တိုင်အလုပ်ဆင်းရမည့် လုပ်ငန်းများလည်း ရှိသည်။

**၅၀ ရာခိုင်နှုန်းဖြင့်သာ လည်ပတ်နေရ**

အထူးသဖြင့်စားသောက်ကုန်လုပ်ငန်းများတွင် လုပ်ကိုင်နေကြသူများမှာ မိမိကိုယ်တိုင် လုံခြုံစိတ်ချရမှုရှိရန် လိုအပ်သကဲ့သို့ လုပ်ငန်းခွင်အတွင်း ကျန်းမာစွာလုပ်ကိုင်နိုင်ရေးမှာလည်း အရေးကြီးသည်ဟု ၎င်းကဆက်ပြောသည်။

မကြာသေးမီကာလအတွင်း ကုန်စုံဆိုင်များအသင်းက ကောက်ယူထားသည့် စစ်တမ်းများအရ အဖွဲ့ဝင် ကုန်စုံဆိုင်ပိုင်ရှင်များနှင့် စားသောက်ကုန်လုပ်ငန်းရှင်များမှာ ၎င်းတို့၏စတိုးဆိုင်များတွင် ပုံမှန်အလုပ်သမားအင်အား၏ ၅၀ ရာခိုင်နှုန်းဖြင့်သာ လည်ပတ်နေရသည်ဟု သိရသည်။ ။

ကိုးကား -အေအက်ဖ်ပီ

## ဇန်နဝါရီ ၁၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၃ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ တစ်ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၃၀၂ ဦး ရှိ

**(၁၆–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇၇၀၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂၃) ဦး တွေ့ရှိရ**ပါသည်။ ထို့ကြောင့် ယနေ့အတွက် **ရောဂါပိုး တွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၆၀) ရာခိုင်နှုန်း ရှိ**ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၂၀၃,၉၉၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၃,၁၄၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၁၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၁,၂၁၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိ**သဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၀၂) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၅–၁–၂၀၂၂) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၂၁,၃၆၁,၇၈၅) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့် ထိုးနှံပြီးစီးသူ (၁၇,၅၅၈,၁၁၃) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၃,၈၀၃,၆၇၂) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၅–၁–၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၃၈,၉၁၉,၈၉၈) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၆–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၃) ခု | (၁၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၃) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၃၂) ခု | (၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၉) ခု | - |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၅၂) ခု | (၁၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၅၀) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၃၂၈) ခု | (၈၁) ဦး |
| **စုစုပေါင်း** | (၇,၇၀၃) ခု | (၁၂၃) ဦး |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၁၅–၁–၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၃,၈၀၃,၆၇၂) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၇,၅၅၈,၁၁၃) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ စုစုပေါင်း | (၂၁,၃၆၁,၇၈၅) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၃၈,၉၁၉,၈၉၈) ကြိမ် |

- **ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။**
- **သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်း ကိုဗစ်–၁၉ ရောဂါပိုး ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။**
- **ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

### ၁၆- ၁ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၆၆၆၄၂၈၃ | ၄၃၀၅၉၀၈၉ | ၈၇၃၁၄၉ |
| ၂။ | အိန္ဒိယ | ၃၇၁၂၂၁၆၄ | ၃၅၀၈၅၇၂၁ | ၄၈၆၀၉၄ |
| ၃။ | ဘရာဇီး | ၂၂၉၇၅၇၂၃ | ၂၁၇၁၀၈၃၁ | ၆၂၁၀၀၇ |
| ၄။ | ပြင်သစ် | ၁၅၁၄၇၁၂၀ | ၁၁၂၉၉၃၇၄ | ၁၅၁၈၉၉ |
| ၅။ | ပြင်သစ် | ၁၃၈၉၄၂၅၅ | ၈၉၈၉၁၉၉ | ၁၂၆၈၆၉ |
| ၆။ | ရုရှား | ၁၀၈၀၃၅၃၄ | ၉၈၅၈၆၁၅ | ၃၂၁၃၂၀ |
| ၇။ | တူရကီ | ၁၀၄၀၃၀၆၄ | ၉၅၉၆၆၀၉ | ၈၄၆၂၂ |
| ၈။ | အီတလီ | ၈၅၄၉၄၅၀ | ၅၉၃၇၇၄၇ | ၁၄၀၈၅၆ |
| ၉။ | စပိန် | ၈၀၉၃၀၃၆ | ၅၂၄၉၃၇၂ | ၉၀၇၅၉ |
| ၁၀။ | ဂျာမနီ | ၇၉၄၆၁၄၅ | ၆၉၆၃၇၀၀ | ၁၁၆၂၄၂ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၆– ၁ – ၂၀၂၂

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၇၁၆၄၉ | ၄၁၁၈၈၇၄ | ၁၄၄၁၇၀ |
| ဖိလစ်ပိုင် | ၃၂၀၅၃၉၆ | ၂၈၆၄၆၃၃ | ၅၂၉၀၇ |
| မလေးရှား | ၂၈၀၅၃၃၇ | ၂၇၃၂၇၇၁ | ၃၁၇၈၁ |
| ထိုင်း | ၂၃၂၄၄၈၅ | ၂၂၂၂၀၁၁ | ၂၁၉၂၈ |
| ဗီယက်နမ် | ၂၀၂၃၅၄၆ | ၁၇၂၇၂၉၀ | ၃၅၆၀၉ |
| မြန်မာ | ၅၃၃၁၄၄ | ၅၁၁၂၁၁ | ၁၉၃၀၂ |
| စင်ကာပူ | ၂၉၀၉၈၆ | ၂၈၃၀၅၇ | ၈၄၃ |
| လာအို | ၁၂၄၇၃၁ | ၁၁၆၁၇၇ | ၄၉၅ |
| ကမ္ဘောဒီးယား | ၁၂၀၇၉၆ | ၁၁၇၁၀၂ | ၃၀၁၅ |
| ဘရူနိုင်း | ၁၅၇၅၀ | ၁၅၃၈၁ | ၉၈ |

# ၁၄-၁-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။ အဆိုပါသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှုကို ကာကွယ်နိုင်ရန်အတွက် ပြည်ပ/ပြည်တွင်း လိုက်နာရမည့် လုပ်ငန်းစဉ်များကို အပြည့်အဝချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက "အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ဂိတ်များနှင့် နယ်စပ်ဝင်/ထွက်ဂိတ်များမှ မြန်မာနိုင်ငံသို့ လာရောက်မည့်ခရီးသွားများအတွက် အသွား/အလာ ကန့်သတ်မှုနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ဆောင်ရွက်မည့်အစီအစဉ်နှင့် စပ်လျဉ်း၍ ထပ်မံဖြည့်စွက်ထားသည့် လုပ်ငန်းစဉ်" ကြေညာချက်ကို သံရုံးများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများကို ပေးပို့ထားပြီးဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံကို ၂-၁-၂၀၂၂ ရက်က လေကြောင်းဖြင့် ဝင်ရောက်ခဲ့သည့် အမေရိကန် သံတမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူတစ်ဦးနှင့် ၃-၁-၂၀၂၂ ရက်က ဝင်ရောက်ခဲ့သည့် အမေရိကန်သံရုံး ဝန်ထမ်းတစ်ဦးတို့ကို ဓာတ်ခွဲစစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ကြောင်း၊ ကိုဗစ်ရောဂါပိုးတွေ့ရှိသူများကို ကျန်းမာရေးဝန်ကြီးဌာန၏ ချမှတ်ထားသည့် စံသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ထားသော ဆေးရုံများ၌သာ ကုသမှုခံယူဖို့ အသိပေးခဲ့သော်လည်း အမေရိကန်သံရုံးဝန်ထမ်းတစ်ဦးနှင့် အပေါင်းအပါတို့က မည်သည့်ခွင့်ပြုချက်မှမပါရှိဘဲ ဟိုတယ်သို့ လာရောက်ကာ ပိုးတွေ့ရှိသူ အမေရိကန်နိုင်ငံသားနှစ်ဦးကို ၎င်းတို့အစီအစဉ်ဖြင့် ကုသမည်ဆိုကာ ပြန်လည်ခေါ်ဆောင်သွားခဲ့ကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် အိုမီခရွန်ဗိုင်းရပ်စ် ဗီဇမျိုးကွဲများ ကမ္ဘာတစ်ဝန်း လျင်မြန်စွာကူးစက်ပျံ့နှံ့နေသည့်အတွက် ယင်းရောဂါပိုး မြန်မာနိုင်ငံသို့ ဝင်ရောက်လာခြင်းမရှိစေရန်နှင့် ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် WHO ၏ စံညွှန်းများနှင့်အညီ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လမ်းညွှန်ချက်များချမှတ်၍ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်နေသောကာလ ဖြစ်ကြောင်း၊ ထို့အပြင် သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း အပိုဒ် ၄၁ တွင် "အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ ရရှိသူအားလုံးသည် မိမိတို့၏ အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များကို မထိခိုက်စေဘဲ လက်ခံသည့်နိုင်ငံ၏ တရားဥပဒေများနှင့် စည်းမျဉ်းဥပဒေများကို လေးစားရန်တာဝန်ရှိကြသည်။ ထို့ပြင် ၎င်းတို့သည် ထိုနိုင်ငံ၏ ပြည်တွင်းရေးရာကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်လည်း တာဝန်ရှိသည်" ဟု ဖော်ပြထားကြောင်း၊ ထိုကဲ့သို့ သတ်မှတ်ချက်တွေ ရှိနေပါသော်လည်း အမေရိကန်နိုင်ငံသားနှစ်ဦးနှင့် သံရုံးဝန်ထမ်းတို့၏ ဥပဒေနှင့် ဆန့်ကျင်သည့် ပြုမူဆောင်ရွက်မှုသည် သက်ဆိုင်ရာနိုင်ငံရှိ ပြည်သူများ၏ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေသည့်အပြင် ယင်းလုပ်ရပ်သည် လက်ခံနိုင်ငံ၏ တည်ဆဲဥပဒေများနှင့် လမ်းညွှန်ချက်များ၊ သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ပြောင်ပြောင်တင်းတင်းချိုးဖောက်လိုက်ခြင်းဖြစ်သဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ခဲ့ပြီး မြန်မာနိုင်ငံ၏ ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များကို တိတိကျကျလိုက်နာရန် ထပ်မံအသိပေးပြီးဖြစ်သည်ကို ပြောကြားလိုကြောင်း၊ ထူးဆန်းမှုတစ်ခုကို ပြောလိုကြောင်း၊ မြန်မာနိုင်ငံထဲတွင် ဘာဖြစ်ဖြစ် ကြေညာချက်အနည်းဆုံး တစ်စောင်လောက်ထုတ်ရမှ ကျေနပ်သည့် အမေရိကန်သံရုံးက ထိုကိစ္စနှင့်ပတ်သက်၍ ရေငုံနှုတ်ပိတ်၊ ပါးစပ်ပိတ်နေသည်မှာ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဦးဆောင်နိုင်ငံကြီး၏ သဘောထားအမှန်ကို မိမိတို့မြန်မာပြည်သူလူထုသိအောင်၊ ကမ္ဘာကသိအောင် ပြလိုက်ခြင်းဖြစ်ကြောင်း၊ ထို့အတူ ဘာပဲဖြစ်ဖြစ်ရေးမယ်ဆိုသည့် ပြည်ဖျက်မီဒီယာများ၏ မီဒီယာအပင်းဝင်ပြီး ဘာမှမပြောဆိုနိုင်မှုကိုလည်း အံ့အားသင့်ဖွယ် မြင်ရမှာဖြစ်ကြောင်း ပြောကြားသည်။



အောက်ဆီဂျင်သယ်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီးအား KNLA နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှု မှတ်တမ်းဓာတ်ပုံ။

## ပညာရေးရင်းနှီးမြှုပ်နှံမှု

ဆက်လက်၍ ပညာရေးဆိုင်ရာနှင့်ပတ်သက်၍ ပြောကြားလိုကြောင်း၊ နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ်(Human Resources)မှာ အဓိကဖြစ်သည်ကို လက်ခံထားခဲ့ကြကြောင်း၊ လူသားအရင်းအမြစ်ဆိုသည်မှာ "ပညာ" အပေါ် အဓိကမူတည်တည်ဆောက်ခြင်းဖြစ်၍ ပညာရေးရင်းနှီးမြှုပ်နှံမှုကို အဓိကအလေးထား လုပ်ဆောင်ကြကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၂၈ အရ နိုင်ငံတော်သည် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်ရမည် ဖြစ်ကြောင်း၊ ပုဒ်မ ၃၆၆ အရ "နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ (က) ပညာသင်ကြားပိုင်ခွင့်ရှိသည်၊ (ခ) ဥပဒေဖြင့် ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်" ဖြစ်ကြောင်း ပြောကြားသည်။

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် စာသင်ကျောင်းများ ပိတ်ထားရခြင်းဖြစ်၍ နိုင်ငံ၏အနာဂတ်လူသားအရင်းအမြစ် ဖြစ်ထွန်းမှု နှောင့်နှေးနစ်နာစေမှုကို ဖြစ်ပေါ်စေကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းထားနိုင်သည့်အခြေအနေ ရောက်ရှိလာသည်နှင့်အမျှ ကျောင်းများပြန်ဖွင့်ရန် ကြိုးစားစီမံခဲ့ကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော NUG၊ CRPH၊ PDF အဖွဲ့များက ကျောင်းမီးရှို့ဖျက်ဆီးမှု ကျောင်းပေါင်း ၅၀၀ နီးပါး၊ ပညာရေးဝန်ထမ်းများကို သတ်ဖြတ်မှု ၂၀ ဦး နီးပါးရှိကြောင်း၊ CDM လုပ်သွားသည့် ပညာရေးဝန်ထမ်းများလည်းရှိသေးကြောင်း၊ ထို့အပြင် ကျောင်းများဖွင့်ရာတွင် မျိုးစုံခြိမ်းခြောက်မှုများသည် ယခုအချိန်အထိ ရှိနေကြောင်း၊ မိမိတို့ ကျောင်းများကို အခက်အခဲများကြားမှ ဖွင့်ခဲ့ရကြောင်း ပြောကြားသည်။

မိမိတို့နိုင်ငံ၏ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ငါးနှစ်အထက် လူဦးရေထဲမှ ၈ ဒသမ ၁ ရာခိုင်နှုန်း(လူ ၄ သန်းနီးပါး)ခန့်သည် ကျောင်းမနေဖူးကြောင်း၊ စာလုံးဝမတတ်သည်ကို တွေ့ရကြောင်း၊ အရွယ်ရောက်ပြီး အသက် ၂၅ နှစ်အထက်အရွယ် လုံးဝကျောင်းမနေဖူးသူ ၉၆၀၀၀၀ (ကိုးသိန်းခြောက်သောင်း) ခန့်ရှိပြီး မူလတန်းကြိုနှင့် မူလတန်းအဆင့်ရှိသူ ၁၁ ဒသမ ၈ သန်းကျော်ခန့်ရှိကြောင်း၊ မူလတန်းအဆင့်နှင့်အောက် ပညာအရည်အချင်းရှိသူသည် ၁၂ ဒသမ ၇၉ သန်းခန့်ရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူ ၅ ဒသမ ၄ သန်းခန့်ရှိသည့်အတွက် အသက် ၂၅ နှစ်နှင့်အထက် အရွယ်ရောက်ပြီးသူများထဲမှ အလယ်တန်းအဆင့်နှင့် ၎င်းအဆင့်အောက် ပညာမသင်ကြားခဲ့ရသူပေါင်း ၁၈ ဒသမ ၂ သန်းနီးပါးခန့်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထိုအချက်သည် နိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံခန့်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပညာရေးမြှင့်တင်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်တွင် အခြေခံပညာကျောင်းများကို ကိုဗစ်-၁၉ အခြေအနေအရ မဖွင့်လှစ်နိုင်သည့် မြို့နယ် ၄၆ မြို့နယ်မှအပ ကျန်မြို့နယ်များတွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ကျောင်းအပ်နှံသူဦးရေမှာ ၅ ဒသမ ၂ သန်းကျော်ဖြစ်ကြောင်း၊ ပထမနှစ်ဝက်ပညာသင်ကာလ ဖြေဆိုမှုအနေဖြင့် ကျောင်းတက်သူ ၄ ဒသမ ၂ သန်းကျော်၊ ထိုအထဲမှ ဖြေဆိုသူဦးရေ ၄ ဒသမ ၁ သန်းကျော်(၉၈ ဒသမ ၈ ရာခိုင်နှုန်း)ရှိကြောင်း ပြောကြားသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၆ ရက်တွင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့ရာတွင် အပ်နှံမှုသည် ၄၄၀၉ ဦး၊ တက်ရောက်ခြင်းသည် ၂၂၈၁ ဦးရှိကြောင်း၊ ကျောင်းသားများ ပညာသင်ကြားရေးတွင် ပညာသင်ကြားရမည့် အရွယ်တွင် ပညာရေးကို စိတ်ဝင်စားရန်နှင့် ပညာသင်ကြားရန်သာဖြစ်ကြောင်း၊ မိမိတို့ တာဝန်ရှိသူများအပိုင်းသည် ပညာတတ်ရန်၊ စာကိုတတ်အောင်သင်ကြားပေးရန်သာဖြစ်ကြောင်း၊ အတန်းအောင်ရန်ထက် စာတတ်ရန်၊ ထို့အပြင် ပညာတတ်ရန်အရေးကြီးကြောင်း၊ ထို့ကြောင့် သူ့အရွယ်နှင့်လျော်ညီသည့် အတန်းပညာတတ်ရန်လိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံသားတိုင်း ကျောင်းနေအရွယ် ကလေးငယ်တိုင်း(KG+9) (အခြေခံပညာအလယ်တန်းအဆင့်) အဆင့်ပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ KG+9 သည် မိမိတို့အစိုးရ၏ ပညာရေးရည်မှန်းချက်သာဖြစ်ကြောင်း၊

*စာမျက်နှာ ၁၇ သို့*

**❍ EAO များ၏ နယ်မြေထဲသို့ ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများ သွားလာ၍ရ၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ပေး၍ရ၊ ပညာရေးဝန်ထမ်းများက စာသင်ပေး၍ရ၊ စာသင်ကျောင်းများလည်း ထိုအတိုင်းသာရှိ၊ ဤသည်မှာ ယခင်ကတည်းက ရှိနေသည့် EAO နယ်မြေများ၊ သောင်းကျန်းသူဟု သတ်မှတ်ထားသည့်နယ်မြေများဖြစ်ပြီး ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများကို အနှောင့်အယှက်ပေးမှုမရှိ၊ အကူအညီပေးမှုတောင်ရှိ၊ ယခုအချိန်တွင် NUG၊ PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို ပစ်မှတ်ထားတိုက်ခိုက်မှုကို တွေ့ရ**

*စာမျက်နှာ ၁၆ မှ*

အဘယ်ကြောင့်ဆိုသော် KG+9 ပြီးသည်နှင့် အသက် မွေးဝမ်းကျောင်း ပညာသင်ကြားရန်အတွက် အခြေခံရသွားနိုင်ပြီဖြစ်ကြောင်း၊ အသက် မွေးဝမ်းကျောင်း ပညာသင်ကျောင်းများသို့ ဆက်တက်နိုင်မည်ဖြစ်ကြောင်း၊ ထိုကိစ္စများပြီးမှသာ အထက်တန်းပညာ၊ အဆင့်မြင့်ပညာများဆီ သွားနိုင်မည်ဖြစ်ကြောင်း၊ ဤအချက်သည် တိုင်းပြည်ပညာရေးကိုမြှင့်တင်ရာဖြစ်ပြီး ထိုသို့မြှင့်တင်နိုင်မှလည်း တိုင်းပြည်၏ အနာဂတ်ဟာ ကောင်းမည့်အနေအထားရှိမည်ဖြစ်ကြောင်း၊ ပညာမတတ်ဘဲနှင့် ဒီမိုကရေစီနိုင်ငံတစ်ခု တည်ဆောက်နိုင်ရန် ခဲယဉ်းမည်ဆိုသည်ကို အထူးအလေးထားနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံသားများအနေဖြင့် မိမိတို့၏ ပညာသင်ယူမှု အခွင့်အလမ်းများ မဆုံးရှုံးစေလိုကြောင်း မိဘပြည်သူများကို အသိပေးပြောကြားလိုကြောင်း ပြောကြားသည်။

## ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ

ဆက်လက်၍ မည်သည့်နိုင်ငံမှ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍကို နှောင့်ယှက်မှုကို လက်မခံကြကြောင်း၊ ဥပမာ မိမိတို့မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးကတည်းက လက်နက်ကိုင်ပဋိပက္ခများ ရှိခဲ့ကြောင်း၊ EAO များနှင့် တိုက်ပွဲများရှိခဲ့ကြောင်း၊ ထူးခြားသည်မှာ ၁၉၄၈ ခုနှစ်နောက်ပိုင်း အစိုးရအဆက်ဆက် ပြေလည်သွားမှုရှိသကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ မပြေလည်သည့်အတွက် EAO များနှင့် တိုက်ခိုက်မှုရှိကြောင်း၊ ထို EAO များ၏ နယ်မြေထဲသို့ ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများ သွားလာ၍ရကြောင်း၊ ကျန်းမာရေး ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ပေး၍ရကြောင်း၊ ပညာရေးဝန်ထမ်းများက စာသင်ပေး၍ရကြောင်း၊ စာသင်ကျောင်းများလည်း ထိုအတိုင်းသာရှိကြောင်း၊ ဤသည်မှာ ယခင်ကတည်းက ရှိနေသည့် EAO နယ်မြေများ၊ သောင်းကျန်းသူဟု သတ်မှတ်ထားသည့် နယ်မြေများဖြစ်ပြီး ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများကို အနှောင့်အယှက်ပေးမှုမရှိကြောင်း၊ အကူအညီပေးမှုတောင်ရှိကြောင်း၊ ယခုအချိန်တွင် NUG ၊ PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို ပစ်မှတ်ထားတိုက်ခိုက်မှုကို တွေ့ရကြောင်း ပြောကြားသည်။

## အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကို ပြောမည်ဖြစ်ကြောင်း၊ ကယားပြည်နယ်တွင် ယခုဖြစ်ပျက်နေသည့် အခြေအနေများကို မီဒီယာများနှင့် တက်ရောက်လာသူများလည်း အားလုံးသိပြီးဖြစ်ကြောင်း၊ သတင်းမျိုးစုံလည်း တွေ့ရမည်ဖြစ်ကြောင်း၊ ထိုကိစ္စများ၏ အစသည် ဒီဇင်ဘာလ ၂၄ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ လေဆိပ်ကို မြန်မာ့အမျိုးသားလေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ်တစ်စင်း ဆင်းသက်ရောက်ရှိစဉ်၌ KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ပြည်သူလူထုကို အကာအကွယ်ယူ၍ လွိုင်ကော်မြို့ ရပ်ကွက်များအထဲမှ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့ပြီး ထွက်ပြေးသွားသူများကို ဖမ်းဆီးရမိရေး လုံခြုံရေးအဖွဲ့များက ၎င်းတို့ထွက်ပြေးနိုင်သည့်လမ်းများကို ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်နေချိန် ဖရူဆိုမြို့ မိုဆိုကျေးရွာအနီးမှာ ဒီးမော့ဆို-ကွိုင်ငံရွာဟောင်း - ဒေါ်ကယားခူ - မိုဆို မြေသားလမ်းအတိုင်း မောင်းနှင်လာသော မသင်္ကာဖွယ်မော်တော်ယာဉ် ခုနစ်စီးကို စစ်ဆေးရန် ရပ်တန့်စေခဲ့သော်လည်း ရပ်တန့်ခြင်းမရှိဘဲ မော်တော်ယာဉ်များပေါ်မှ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ မိုဆိုကျေးရွာအနီး တောင်ကုန်းများပေါ်မှ အသင့်စောင့်ဆိုင်းနေသည့် အကြမ်းဖက်အဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်လာသည့်အတွက် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း၊ ပစ်ခတ်မှုကြားရောက်ရှိခဲ့သော မော်တော်ယာဉ် ခုနစ်စီးကို လက်နက်ကြီး၊ လက်နက်ငယ်ကျည်နှင့် ဗုံးသီးများထိမှန်ခဲ့ပြီး မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်ရခြင်းအကြောင်းမှာ ကားများအပေါ်တွင် ရွာများထဲမှ စုလာသည့် စားသုံးဆီ၊ စက်သုံးဆီများ တင်လာမှုတို့ရှိကြောင်း၊ ထို့ကြောင့် မီးလောင်ရခြင်းဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်မှုကြားကနေ အတတ်နိုင်ဆုံး ယာဉ်ပေါ်လိုက်ပါသူများကို ကယ်ထုတ်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း မီးလောင်မှုအရှိန်နှင့် တစ်ဖက်၏ပစ်ခတ်မှုများကြောင့် ကယ်တင်နိုင်ခြင်းမရှိခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နိုင်ရေး နီးစပ်ရာမြို့အတွင်းရှိ မီးသတ်တပ်ဖွဲ့များမှ မီးသတ်ယာဉ်များကို အကူအညီတောင်းခံသော်လည်း အကြမ်းဖက်သမားများ၏ အဖျက်အမှောင့် လုပ်ရပ်များကြောင့် မီးသတ်ယာဉ်များပျက်စီးခြင်းနှင့် CDM လှုပ်ရှားမှုများကြောင့် မီးသတ်တပ်ဖွဲ့ဝင်များ အင်အားလျော့နည်းခြင်းတို့ကြောင့် လာရောက်မီးငြိမ်းသတ်နိုင်မှု မရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် တပ်မတော်နှင့် ကယားပြည်နယ်တွင်ရှိသည့် BGF များအကြား သွေးကွဲစေရန် လုပ်ဆောင်မှုလည်းရှိခဲ့ကြောင်း၊ မိုဆိုကျေးရွာအနီးတွင် BGF စခန်း တစ်ခုရှိကြောင်း၊ တိုက်ပွဲဖြစ်ပွားချိန် ကားများကို စစ်ဆေးနေသည့်အချိန်တွင် မိုဆိုကျေးရွာထဲမှ PDF အမည်ခံတချို့ အရပ်ဝတ်နှင့်လူများက မိုဆိုဘက်က BGF စခန်းကို တက်လာပြီး အကူအညီတောင်းခံကြောင်း၊ BGF လေးယောက်ကကျန်သည့် အဖွဲ့ဝင်များ၏ရှေ့တွင် အရပ်ဝတ်ဖြင့်ဆင်းသွားကြောင်း၊ ဆင်းလိုက်သွားပြီး မကြာခင် ပစ်ခတ်မှုများဖြစ်ပွားခဲ့ကြောင်း၊ ပြန်၍ လိုက်သွားခဲ့ရာ BGF အဖွဲ့များကို လက်ပြန်ကြိုးတုပ်၍သတ်ထားသည့် အနေအထားကို တွေ့ရကြောင်း၊ ဆင်းသွားသည့်အချိန် အရပ်ဝတ်ဖြင့်ဖြစ်ပြီး အလောင်းတွေ့သည့်အချိန်တွင် BGF ဝတ်စုံများဖြင့် တွေ့ရှိကြောင်း၊ ဤသည်ကို တပ်မတော်က BGF အဖွဲ့ဝင်များကို ပစ်သတ်သည်ဟု BGF နှင့် တပ်မတော်အကြား သွေးထိုးလှုံ့ဆော်မှုများ ရှိခဲ့ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ တိုင်းမှူး၊ ညွှန်ကြားရေးမှူးတို့က လိုက်သွား၍ BGF အဖွဲ့များနှင့် တွေ့ဆုံပြီး အဖြစ်မှန်ကို စုံစမ်းခဲ့ပြီး နောက် ဖြေရှင်းပေးခဲ့ရကြောင်း၊ ၎င်းတို့သည် အချိန်ကိုက်လေယာဉ်ကိုပစ်ပြီး မော်တော်ယာဉ်များဖြင့် ပြေးသွားမှုများရှိကြောင်း၊ ထို့နောက် BGF အဖွဲ့နှင့် တပ်မတော်ကြားထဲ အထင်အမြင်လွဲစေရန် လုပ်ဆောင်မှုများဖြစ်ကြောင်း ပြောကြားသည်။



၁၃-၁-၂၀၂၂ ရက် ည ၉ နာရီခွဲအချိန် မီးရှို့ဖျက်ဆီးခံရသည့် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မရသိမ်ကျေးရွာ စာသင်ကျောင်း။

## အကြမ်းဖက်တိုက်ခိုက်မှုများ

ဇန်နဝါရီလ ၁၁ ရက်တွင်လည်း KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ကယားပြည်နယ် လွိုင်ကော်မြို့ မိုင်းလုံး ရပ်ကွက်ရှိ အစိုးရနည်းပညာတက္ကသိုလ်(GTU)နှင့် ဗုဒ္ဓဥယျာဉ်တစ်ဝိုက်၌ လူနေအဆောက်အဦများ၊ အစိုးရအဆောက်အဦများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို အကာအကွယ်ရယူပြီး ရပ်ကွက်အတွင်းရှိဒေသခံများကို အန္တရာယ်အတွင်းမှ ဘေးကင်းရာကို သွားလာခွင့်ပြုရမည့်အစား လူသားတံတိုင်းအဖြစ်အသုံးပြု၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဘာသာရေးနှင့် သက်ဆိုင်သော အဆောက်အဦများ၊ ပညာရေးဆိုင်ရာအဆောက်အဦများနှင့် လူနေရပ်ကွက်အဆောက်အဦများကို အကာအကွယ်ယူဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ ထိုအဆောက်အဦများကို အကာအကွယ်ယူ၍ လွိုင်ကော်အကျဉ်းထောင်ကို ပစ်ခတ်ခဲ့ပြီး ၄၀ မမ ဗုံးသီးများ ထိမှန်ခဲ့သည့်ဖြစ်စဉ်များရှိကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်၌ မန္တလေးမှ ကွမ်းရွက်ရောင်းပြန်လာသည့်ကားကို PDF အကြမ်းဖက်သောင်းကျန်းသူများက မိုင်းဆွဲ တိုက်ခိုက်၍ ယာဉ်ပေါ်ပါ အပြစ်မဲ့အရပ်သားများကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ကာ ကွမ်းရောင်းရငွေကျပ်သိန်း ၁၀၀ ခန့်ကို ယူဆောင်သွားသည့်ဖြစ်စဉ်များ ဖြစ်ပွားခဲ့ကြောင်း၊ ထိုဖြစ်စဉ်တွင် အသက်မသေဘဲ ကျန်ခဲ့သည့်သူတစ်ယောက်ပြောဆိုချက်အရ ထိုကဲ့သို့ လုယက်ယူသွားသည့် PDF များသည် မည်သူတွေဖြစ်သည်ကို သိရှိကြောင်း ပြောကြားသည်။

ဇန်နဝါရီလ ၈ ရက် ညပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ပုတီးကျေးရွာတွင်ရှိသော အထက(ပုတီး)ကျောင်းမှ မူလတန်းပြဆရာမဖြစ်သည့် ဒေါ်လှလှညွှန့်နှင့် ခင်ပွန်းဖြစ်သူ ဦးအောင်ဇော်မိုးတို့နှစ်ဦးကို PDF အမည်ခံ အကြမ်းဖက်သမားက ဖမ်းဆီးခေါ်ဆောင်သွားပြီး နှိပ်စက်သတ်ဖြတ်ခြင်း၊ ဇန်နဝါရီလ ၁၀ ရက်တွင်လည်း ကသာမြို့နယ် လက်ပန်ဇင်ကျေးရွာတွင်ရှိသော အခြေခံပညာ မူလတန်းလွန်ကျောင်းရှိ ဆရာ၊ ဆရာမများ၊ ကျောက်ထုံးကြီးကျေးရွာ အထကကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ဒေါင့်ကြီးကျေးရွာတွင်ရှိသော အထက(ခွဲ)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးတို့ကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်ကိုင်ဖုန်းများကို လုယက်ယူဆောင်ကာ ကျောင်းဖွင့်လှစ်ခြင်းမပြုလုပ်ရန် ခြိမ်းခြောက်ပြောဆိုပြီး ဆရာ၊ ဆရာမများကို ခြေထောက်ဖြင့် ကန်ကျောက်ကာ ဓားရိုးဖြင့်ရိုက်နှက်ခြင်း၊ ဇန်နဝါရီလ ၉ ရက်တွင်လည်း မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် အပေါ်ကျေးရွာမှ ကျောင်းအုပ်ဆရာကြီး ဦးသက်နောင်ထွန်းကို အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်ပြီး ငွေကျပ် သိန်း ၁၀၀ ဖြင့် ပြန်လည်ရွေးယူခိုင်းခြင်း၊ ဇန်နဝါရီလ ၃ ရက် နေ့လယ် ၂ နာရီခွဲခန့်က ကရင်ပြည်နယ် မြဝတီမြို့နယ် အပြင်ကွင်းကလေးကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာနေရာ၌ ကိုဗစ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အရေးပေါ်လိုအပ်သည့် အောက်ဆီဂျင်ပြတ်လပ်မှုမရှိစေရေးအတွက် ထိုင်းနိုင်ငံမှ အောက်ဆီဂျင်အရည် တန် ၂၀ တင်ဆောင်လာခဲ့သော မော်တော်ယာဉ်ကို KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့က အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့မှု ဖြစ်ပွားခဲ့ကြောင်း၊ ထိုသို့ ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခြင်းများသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime) ကျူးလွန်ရာရောက်သည်ကို ထင်ရှားစွာ တွေ့နိုင်ကြောင်း၊ NUG ၊ PDF အမည်ခံအကြမ်းဖက်သမားများ အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ အဖျက်အမှောင့်လုပ်ငန်းမျိုးစုံကို လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဇန်နဝါရီလ ၁၃ ရက်တွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မရသိမ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို အကာအကွယ်ရယူကာ စခန်းချအခြေပြုနေပြီး စာသင်ကျောင်းပတ်လည်တွင် မိုင်းများထောင်ပြီး သဲအိတ်ဘန်ကာတွေ ပြုလုပ်နေကြောင်း၊ ပြသထားသည့်ပုံများကို ကြည့်ရင်သိနိုင်ကြောင်း၊ မိုင်းများထောင်ထားသည်ကို တွေ့နိုင်ကြောင်း၊ ထို့နောက် အကြမ်းဖက်မှုများ ပြုလုပ်ရန်အတွက် လက်လုပ်မိုင်းများ၊ လက်လုပ်ဗုံးသီးများ၊ လက်လုပ်သေနတ်များကို ပြင်ဆင်ဆောင်ရွက်နေကြောင်း၊ ထိုကျောင်းထဲတွင် နေထိုင်သည့် နေရာများ၊ လက်လုပ်ဗုံးပြုလုပ်ရန်အတွက် ဖြတ်တောက်သည့် ကိရိယာများကို တွေ့နိုင်မည်ဖြစ်ကြောင်း၊ ထိုကိစ္စများကို လက်မခံသည့် ကျေးရွာသူ၊ ကျေးရွာသားများက လုံခြုံရေးတပ်ဖွဲ့ဝင်များထံကို လာရောက်သတင်းပေးသည့်အတွက် ထိုနေ့နံနက်ပိုင်းတွင်ပဲ သွားရောက်ချေမှုန်း ဖမ်းဆီးခဲ့ရကြောင်း၊ PDF အကြမ်းဖက်သမားများမှာ ထွက်ပြေးသွားခဲ့ပြီး ၎င်းတို့၏ ပြင်ဆင်ဆောင်ရွက်ခဲ့သော အကြမ်းဖက်မှုလုပ်ရပ်များကို တားဆီးနိုင်ခဲ့ကြောင်း၊ ညပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာလုံခြုံရေး၊ ပတ်ဝန်းကျင်လုံခြုံရေး အတွက် ထွက်သွားခဲ့ကြောင်း၊ ထိုအချိန်တွင် ၎င်းတို့အနေဖြင့် သက်သေခံပစ္စည်းများမကျန်ရှိစေရန် ည ၁၀ နာရီတွင် ထိုစာသင်ကျောင်းကို ဖောက်ဝင်လာပြီး မီးရှို့ဖောက်ခွဲဖျက်ဆီးသွားခဲ့ကြောင်း ပြောကြားသည်။

*စာမျက်နှာ ၁၈ သို့*

**❊ ပြန်လည်ဖွဲ့စည်းခဲ့သည့် လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်လျက်ရှိရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် နိုင်ငံရေးပါတီများ၏ စာရင်းများကို စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း၊ ဩဂုတ်လ စတုတ္ထပတ်မှစပြီး ဆောင်ရွက်ခဲ့ရာတွင် နိုဝင်ဘာလကုန်အထိ စစ်ဆေးပြီးပါတီ ၃၈ ပါတီဖြစ်ကြောင်း၊ ဒီဇင်ဘာလအတွင်းတွင် တနင်္သာရီတိုင်းဒေသကြီး အခြေစိုက် တစ်ပါတီ၊ ရခိုင်ပြည်နယ်အခြေစိုက် ငါးပါတီ၊ ရန်ကုန်တိုင်းဒေသကြီး အခြေစိုက် နှစ်ပါတီနှင့် ရှမ်းပြည်နယ်အခြေစိုက် ငါးပါတီ စုစုပေါင်း ၁၃ ပါတီ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့်အတွက် ယနေ့အထိ စစ်ဆေးပြီးနိုင်ငံရေးပါတီ ၅၁ ပါတီဖြစ်**

*စာမျက်နှာ ၁၇ မှ*

ဆက်လက်၍ ရန်ကုန်တွင်ဖမ်းမိသည့် အကြမ်းဖက်သမားဖြိုးဇေယျာသော်၏ပြောကြားချက်အများကြီးထဲမှ တချို့ကို ပြသလိုကြောင်း၊ ပြသရာတွင် ၎င်းတို့ မည်သို့အကြမ်းဖက်မှုများကို ကျူးလွန်ခဲ့သည်၊ မည်သို့လုပ်ဆောင်ခဲ့သည်၊ NUG ၏ လုပ်ဆောင်ချက်များက မည်သို့ရှိသည်တို့ကို နိုင်ငံတကာကပြောနေသည့် NUG နှင့် ပတ်သက်၍ ကာကွယ်ပြောနေသည့်သူများ ယခု Video File ကို ကြည့်လျှင် သိနိုင်ကြောင်း၊ NUG က မည်သို့ခိုင်းခဲ့သည်၊ မည်သို့ဖောက်ခွဲမှုများ လုပ်ခဲ့သည်ကို ပြသလိုကြောင်း၊ ထို့နောက် မောင်ကျော် (ခ) ဖြိုးဇေယျာသော်၏ ထွက်ဆိုချက် Video File ကို ပြသသည်။

ဆက်လက်၍ ဗိုလ်ချုပ်ဇော်မင်းထွန်းက ယခုပြသသည့် Video File နှင့် ပတ်သက်၍ ဖြိုးဇေယျာသော်၏ ထွက်ဆိုချက်နှင့် ရုပ်သွင်အမူအရာကို ကြည့်လျှင် သိနိုင်ကြောင်း၊ မိမိတို့ခြိမ်းခြောက်ပြီးထွက်ခိုင်းခြင်း ဟုတ်/မဟုတ်နှင့် ၎င်းသဘောအတိုင်း ထွက်ဆိုခြင်း ဟုတ်/မဟုတ်ကို ၎င်း၏အမူအရာကိုကြည့်လျှင်သိနိုင်ကြောင်း၊ ထွက်ဆိုချက်များထဲမှ နောက်ဆုံးအချက်အနေဖြင့် ရန်ကုန်တိုင်းအတွင်း ပြည်သူလူထု ထိတ်လန့်တုန်လှုပ်နေအောင် မိုင်းထောင်ဖောက်ခွဲမှု ၁၇၈ ကြိမ် လုပ်ခဲ့ကြောင်းကို ၎င်းကိုယ်တိုင်ဝန်ခံသွားကြောင်း၊ ယခုလက်ရှိကာလအထိ နိုင်ငံ့ဝန်ထမ်း ၂၈၂ ဦးနှင့် အပြစ်မဲ့ပြည်သူ ၁၅၃၈ ဦး စုစုပေါင်း ၁၈၃၀ အကြမ်းဖက်မှုကြောင့် သေဆုံးခဲ့ရကြောင်း၊ ထိုဖြစ်စဉ်များသည် NUG၊ CRPH ၏ ပြည်သူလူထုအပေါ်ထားသည့် စေတနာလားဟု မေးလိုကြောင်း ပြောကြားသည်။

တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်အထိ မြို့ကြီးအချို့တွင် အကြမ်းဖက်မှု(ဗုံးပေါက်ကွဲမှုအပါ) ၄၀၄၄ ကြိမ်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းခဲ့ရမှုအနေဖြင့် အကြမ်းဖက်သူ ၁၄၈၀ ၊ လက်နက်မျိုးစုံ ၁၁၆ လက်၊ ခဲယမ်းမျိုးစုံ ၁၁၇၅ တောင့်၊ လက်ဗစ်ဗုံး ၂၁ လုံး၊ လက်လုပ်မိုင်း ၇၄၁ လုံးနှင့် အခြားဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း၊ အကြမ်းဖက်မှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုမကျူးလွန်ရသေးဘဲ ပြစ်မှုကျူးလွန်ရန် ကြံစည်လုပ်ဆောင်နေသည့် အကြမ်းဖက်သူ ၁၀၀၆၉ ဦး၊ လက်နက်မျိုးစုံ ၃၃၃၅ လက်၊ ခဲယမ်းမျိုးစုံ ၁၅၉၄၉၉ တောင့်၊ လက်ဗစ်ဗုံး ၇၁၅ လုံး၊ လက်လုပ်မိုင်း ၇၁၆၁ လုံးနှင့် အခြားဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို အချိန်မီဖော်ထုတ်တားဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ စုစုပေါင်းအကြမ်းဖက်သူ ၁၁၅၄၉ ဦးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး လက်နက်မျိုးစုံ ၃၄၅၁ လက်၊ ခဲယမ်းမျိုးစုံ ၁၆၀၆၇၉ တောင့်၊ လက်ပစ်ဗုံး ၇၃၆ လုံး၊ လက်လုပ်မိုင်း ၇၉၀၂ လုံးတို့အား သိမ်းဆည်းဖော်ထုတ်ရရှိခဲ့ကြောင်း ပြောကြားသည်။

တပ်မတော်အနေဖြင့် EAO အဖွဲ့ထဲမှ KNU တပ်မဟာ(၅/၆) ဆက်စပ်နယ်မြေ၊ ရှမ်းပြည်နယ်(အရှေ့မြောက်)ဘက်မှာ MNDAA ၊ ကယားပြည်နယ်မှာ KNPP ၏ အကြမ်းဖက်အဖွဲ့ဖြစ်သော NUG ၊ CRPH ၊ PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၏နယ်မြေအချို့တွင် PDF အမည်ခံ အကြမ်းဖက်အချို့နှင့် ထိတွေ့မှုများရှိကြောင်း၊ KNU/KNLA တပ်မဟာ (၅)နယ်မြေဖြစ်သည့် ဖာပွန်ခရိုင် ဖာပွန်မြို့နယ်တွင် လူဦးရေ ၂၈၅၇၃ ဦး (သုံးသောင်းနီးပါးဝန်းကျင်) ရှိပြီး အဆိုပါလူဦးရေမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ် ဆေးထိုးပြီးသူ ၇၄၇၉ ဦး (ခုနစ်ထောင်ကျော်)၊ ဆေးထိုးရန်ကျန် ၂၁၀၉၄ ဦး (နှစ်သောင်းကျော်) ကျန်ရှိနေသေးကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံသားတိုင်း ၎င်းတို့ခံစားခွင့်ရမည့် ကျန်းမာရေး၊ ကိုဗစ်-၁၉ ကာကွယ်ဆေးများထိုးနှံနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖာပွန်ဒေသသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိရန်အတွက် တပ်မတော်ပိုင်ယာဉ်များကို အသုံးပြုကြောင်း၊ ထို့အပြင် ဒေသခံဝန်ထမ်းများအတွက် လိုအပ်သည့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို ပို့ပေးကြောင်း၊ ထိုကဲ့သို့ ပို့ဆောင်ပေးသည့်လမ်းတစ်လျှောက်တွင် KNU တပ်မဟာ(၅) အနေဖြင့် ဖာပွန်မြို့အဝင်တွင် မိုင်းထောင်၊ မိုင်းခွဲ တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်များ ရှိကြောင်း၊ ပြည်သူလူထုအသုံးပြုနေသည့် လမ်းကြောင်းဖြစ်ကြောင်း၊ မိမိတို့ ရှာဖွေဖော်ထုတ်ရသည့် မိုင်းများထဲမှ တချို့မိုင်းများ၏ ဓာတ်ပုံများကို ပြသသွားမည်ဖြစ်ကြောင်း၊ လမ်းတစ်လျှောက်တွင် ဖော်ထုတ်ရသည့်မိုင်းများကိုကြည့်လျှင် လက်လုပ်မိုင်းများသည် လူတစ်ရပ်စာနီးပါးရှိကြောင်း၊ တပ်မတော်အနေဖြင့် စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် NCA စာချုပ်ပါသဘောတူညီချက်များကို လိုက်နာစောင့်ထိန်းလျက်ရှိပြီး တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက်ကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်လှစ်ထားကြောင်း၊ KNU/ KNLA တပ်မဟာ(၅)အနေဖြင့် KNU ဗဟိုဦးစီးကော်မတီ၏အမိန့်ကို နာခံမှုမရှိဘဲ NCA စာချုပ်အား ချိုးဖောက်လျက် ငြိမ်းချမ်းရေးလမ်းစဉ်ပျက်စီးစေရန် ဆောင်ရွက်လျက်ရှိနေကြောင်း၊ ဖာပွန်ဒေသတွင်ရှိသည့် ပြည်သူလူထုအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးပို့ပေးခြင်းများနှင့် ဖာပွန်ဒေသရှိ ပြည်သူလူထု၏ စားဝတ်နေရေးအတွက် ရိက္ခာပို့ပေးခြင်းများကို တိုက်ခိုက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အဆိုပါဒေသများတွင် ထိုကဲ့သို့ နှောင့်ယှက်ဖျက်ဆီးနေမှုများကို လုံခြုံရေးအရ ပြုလုပ်သင့်၊ ပြုလုပ်ထိုက်သည်များကို လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည့် နည်းလမ်းများဖြင့် တန်ပြန်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားရာတွင် ယခု သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြမည်ဖြစ်ကြောင်း၊ တည်ဆဲနိုင်ငံရေးပါတီများ၏စာရင်းများကို စစ်ဆေးဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက် ကျူးလွန်ဆောင်ရွက်ခဲ့ကြသူများအပေါ် အရေးယူဆောင်ရွက်မှုအခြေအနေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပဆောင်ရွက်ခဲ့မှုအခြေအနေနှင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ဥပဒေ၊ နည်းဥပဒေများ သုံးသပ်ပြင်ဆင်ခြင်း၊ ဝန်ထမ်းအင်အားဖြည့်တင်းခြင်းအပါအဝင် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တည်ဆဲနိုင်ငံရေးပါတီများ၏စာရင်းများ စစ်ဆေးဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဦးစွာတင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ထားရှိသည့် နိုင်ငံရေးပါတီပေါင်း ၉၂ ပါတီရှိပြီး ယင်းပါတီအားလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများအပါအဝင် တည်ဆဲဥပဒေ၊ နည်းဥပဒေများကို လိုက်နာရန် တာဝန်ရှိကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ အခန်း(၄) တွင် ပါတီရန်ပုံငွေနှင့် ပစ္စည်းများစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ အခန်း(၄)တွင် ပါတီရန်ပုံငွေ၊ ငွေကြေး၊ ပစ္စည်းများ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ပြန်လည်တည်ထောင်မှတ်ပုံတင်ခဲ့ကြသည့် တည်ဆဲနိုင်ငံရေးပါတီများ၏စာရင်းများကို ယခင်က စစ်ဆေးနိုင်ခဲ့ခြင်းမရှိသည့်အတွက် ဥပဒေနှင့်အညီ စစ်ဆေးရန်လိုအပ်လျက်ရှိကြောင်း ပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ပါ လုပ်ငန်းစဉ် (၁)အရ ပြန်လည်ဖွဲ့စည်းခဲ့သည့် လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်လျက်ရှိရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် နိုင်ငံရေးပါတီများ၏ စာရင်းများကို စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း၊ ဩဂုတ်လ စတုတ္ထပတ်မှစပြီး ဆောင်ရွက်ခဲ့ရာတွင် နိုဝင်ဘာလကုန်အထိ စစ်ဆေးပြီးပါတီ ၃၈ ပါတီဖြစ်ကြောင်း၊ ဒီဇင်ဘာလအတွင်းတွင် တနင်္သာရီတိုင်းဒေသကြီး အခြေစိုက် တစ်ပါတီ၊ ရခိုင်ပြည်နယ်အခြေစိုက် ငါးပါတီ၊ ရန်ကုန်တိုင်းဒေသကြီး အခြေစိုက် နှစ်ပါတီနှင့် ရှမ်းပြည်နယ်အခြေစိုက် ငါးပါတီ စုစုပေါင်း ၁၃ ပါတီ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့်အတွက် ယနေ့အထိ စစ်ဆေးပြီးနိုင်ငံရေးပါတီ ၅၁ ပါတီဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက် ကျူးလွန်ဆောင်ရွက်ခဲ့သူများအပေါ် အရေးယူဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလတွင် ရွေးကောက်ပွဲနှင့်ပတ်သက်သည့် အမှုပေါင်း ၁၀၇၇ မှု ဖြစ်ပွားခဲ့ပြီး ရွေးကောက်ပွဲဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့သည့်အမှု ၅၄၆ မှုရှိခဲ့ပါကြောင်း၊ ယင်းအမှုများနှင့် စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရရှိသောစာရင်းဇယားများအရ တရားစွဲတင် ၃၄၂ မှု၊ ပိတ်သိမ်း ၁၉၄ မှုနှင့် ဥပဒေအကြံတောင်းဆဲ ၁၀ မှုတို့ဖြစ်ပါကြောင်း ပြောကြားသည်။

အလားတူ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် မဲစာရင်းနှစ်ကြိမ်၊ သုံးကြိမ်နှင့်အထက် ပါဝင်နေသူများ မဲပေးခြင်းကို စိစစ်လျက်ရှိရာတွင် တွေ့ရှိရသည့် နိုင်ငံသား စိစစ်ရေးကတ်တူ၊ အမည်တူမဲပေးသူပေါင်း ၂၁၆၉ ဦးကို အရေးယူနိုင်ရေးတိုင်ကြား/ တရားစွဲဆိုခြင်းများဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ဆောင်ရွက်ခဲ့သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်၊ ဝန်ကြီးဟောင်း ဦးမင်းသူ၊ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပါတီအောင်နိုင်ရေးအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များ စသည့်ကျူးလွန်သူ ၄၂၂ ဦးကိုလည်း အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်စိစစ်ဆောင်ရွက်ဆဲလည်းဖြစ်ကြောင်း ပြောကြားသည်။ ထို့အပြင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းများအပေါ် စနစ်တကျ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရန် အားနည်းပျက်ကွက်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ပေါင်း ၂၄၈၃ ဦးကိုလည်း ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယခုဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပဆောင်ရွက်မှုအခြေအနေကို တင်ပြမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲကို ဒီဇင်ဘာလ ၂၄ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မင်္ဂလာခန်းမနှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးရှိ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲခန်းများတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ဆွေးနွေးပွဲကို တက်ရောက်ရန်အတွက် ယခင် ဖေဖော်ဝါရီလ၊ မေလနှင့် နိုဝင်ဘာလတွင် ပြုလုပ်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည့် နိုင်ငံရေးပါတီ ၇၁ ပါတီကို ဖိတ်ကြားရာတွင် နိုင်ငံရေးပါတီ ၆၂ ပါတီမှ ကိုယ်စားလှယ် ၁၁၅ ဦး တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

*စာမျက်နှာ ၂၀ သို့*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၁-၂၀၂၂ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ဓောဇဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** ယဉ်ကျေးလိမ္မာ ဓမ္မတေးကဗျာ(၇)
**၀၈:၃၅** စွမ်းအင်များကို အသုံးချ တက်လှမ်း ကြမည့် နည်းပညာတစ်ခေတ်ဆီ
**၀၉:၁၅** မွေးမြူရေးရာအဖြာဖြာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** ရာဇဝင်ထဲကသမိုင်းအနုပညာ
**၁၁:၄၀** ဘဝနှင့်အနုပညာ
**၁၃:၃၀** MRTV National News
**၁၅:၀၀** သက်ကြီးအခြေခံစာတတ်မြောက်ရေး နည်းပြသင်တန်း
**၁၆:၃၅** အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
**၁၇:၃၀** ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဒါးဒါးအချစ်ချီချီ'** (အပိုင်း-၂၅)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အဝေးဆုံးသောနေရာ'** (အပိုင်း-၂၀)
**၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း **'အဆိပ်သင့်မေတ္တာ'**

**သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** Migadawon (Tekkatho Lei Lei)
**07:09** A Visit To Ye's Coastal Area
**07:25** Applied Myanmar Traditional Martial Art (Part-2)
**08:01** An Ardent Aficionado Of Traditional Design
**08:33** Dragon Boats And Traditional Customs In Tanintharyi
**09:01** News
**09:25** Global Partnership for Brighter Future: Monaco Pavilion at Expo 2020 Dubai
**09:32** A Day Life Of Kayan Padaung Tribe
**10:01** Bamboo souvenirs
**10:08** Up Against The Tide
**10:26** Applied Myanmar Traditional Martial Art (Part-1)
**10:50** Orchid Lover

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၆)

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရှင်သန်နေမဲ့မနက်ဖြန်များ

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သာယာလှပဝင်းရော်ဒေသ(အပိုင်း-၈)

**ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)**
တောင်ဇလပ်ရဲ့ရှိုးရာအလှ(အပိုင်း-၂)

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ထောပတ်သီးကြက်ဥလိပ်နှင့် ထောပတ်သီးကြက်ဥပေါင်း

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်စာပေသင်ကြရအောင်(အပိုင်း-၂)

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
အဆိုတော်ကြီးဖြစ်ချင်သူ(မေသူကျော်)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၇)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ဝက်နံရိုးချဉ်စပ်ဟင်းရည်

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ခူးရိုးရာခေါင်းပေါင်းပေါင်းနည်း

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
တောင်ပေါ်ဒေသမှ အော်ဂဲနစ်စိုက်ခင်း

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ဖြူစင်သောစိတ်ထား'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၇)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း(သီရိလင်္ကာနိုင်ငံ) (အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

**MRTV Farmers' Channel** MRTV FARMERS ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ **Education Channel** ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၆-၁-၂၀၂၂) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 2 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 3 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 4 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti–inflammatory | | | | |
| 5 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 6 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 7 | Injection–Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 8 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 9 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| Anti thrombosis | | | | |
| 10 | Injection Enoxaprim 40 mg | 1 Pre–Filled Syringe | 7000 | Nyi Lay Naing |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၁၆

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၁ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၅၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၄၆၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၅၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၄၆၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၄၄၀/၁၄၅၀ ကျပ် | ၁၄၆၀/၁၄၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၄၅၀/၁၄၆၀ ကျပ် | ၁၄၈၀/၁၄၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၄၅/၁၄၅၅ ကျပ် | ၁၄၉၅/၁၅၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၉၅/၁၅၂၀ ကျပ် | ၁၆၀၅/၁၆၁၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၄၀ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၂ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၅၆၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၂ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၆၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၉၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၉၇၉ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၁၀၄ | ၈၅၂၈၀၀ |
| MTSH | ၃၀၀၀ | ၃၀၅၀ | ၃၇၀ | ၁၁၁၈၄၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၁ | ၂၆၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

*စာမျက်နှာ ၁၈ မှ*

ဒီဇင်ဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းတွင်ပြုလုပ်သည့် ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးနိုင်ရေး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ယခင်သုံးကြိမ် တွေ့ဆုံဆွေးနွေးခဲ့မှု ၊ ယခုစတုတ္ထအကြိမ်မြောက်ပြုလုပ်မည့် ဆွေးနွေးပွဲတွင် ဆောင်ရွက်မည့် အစီအစဉ်၊ ကမ္ဘာ့နိုင်ငံအသီးသီးရှိ လွှတ်တော်ရွေးကောက်ပွဲများတွင် အသုံးပြုလျက်ရှိသော အချိုးကျကိုယ်စားပြုစနစ်ကို အများပြည်သူများ လေ့လာသိရှိနိုင်ရန် ဆောင်ရွက်လျက်ရှိမှုနှင့် မိမိတိုင်းပြည်၊ လူမျိုးနှင့် ဆီလျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ် ဖော်ဆောင် နိုင်ရေး အလေးထားဆွေးနွေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ ထိုသို့ဆွေးနွေးဆောင်ရွက်ရာတွင် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများကို အစုအဖွဲ့ ၆ ဖွဲ့ခွဲပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် လွှတ်တော်တို့နှင့်ပတ်သက်ပြီး ဆွေးနွေးနိုင်ရန် လွှတ်တော်တစ်ခုအတွက် အစုအဖွဲ့ ၂ ဖွဲ့စီ တာဝန်ခွဲဝေသတ်မှတ်ပေးခဲ့ကြောင်း၊ နိုင်ငံရေးပါတီအစုအဖွဲ့ ၆ ဖွဲ့သည် သက်ဆိုင်ရာလွှတ်တော်များမှာ အချိုးကျကိုယ်စားပြုစနစ်(PR)အရ ဆောင်ရွက်သင့်သည့် ရွေးကောက်ပွဲဒီဇိုင်းများနှင့် စပ်လျဉ်းပြီး ဒီဇင်ဘာလ ၂၄ ရက်နှင့် ၂၅ ရက်များတွင် ဆွေးနွေးညှိနှိုင်းပြီး စာတမ်းများ ရေးသားပြုစုခဲ့ကြကြောင်း၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် အစုအဖွဲ့အသီးသီးက ၎င်းတို့၏စာတမ်းများကို ဖတ်ကြားရှင်းလင်းတင်ပြခဲ့ကြကြောင်း ပြောကြားသည်။

နိုင်ငံရေးပါတီအစုအဖွဲ့ ၆ ဖွဲ့၏ တင်ပြချက်စာတမ်းများကို ခြုံငုံသုံးသပ်ချက်အရ တွေ့ရှိရသည်မှာ အစုအဖွဲ့အားလုံးက လွှတ်တော်သုံးရပ်တွင် အချိုးကျ ကိုယ်စားပြုစနစ်ကို ကျင့်သုံးရာတွင် စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ် ( Closed List – PR )ကို ကျင့်သုံးသင့်သည်ဟု တင်ပြခဲ့ကြကြောင်း၊ ( Closed List – PR ) စနစ်သည် မဲဆန္ဒရှင်က ပါတီကိုသာ မဲပေးရသဖြင့် ယှဉ်ပြိုင်ကြသည့် ပါတီကိုယ်စားပြုနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများကို ပြည်သူလူထုက မျက်မြင်သိရှိနိုင်ရန် မဲရုံဝင်ပေါက်အနီးတွင် ပါတီအမည်၊ ကိုယ်စားလှယ်လောင်းများ၏အမည်နှင့် ဓာတ်ပုံများ ချိတ်ဆွဲထားသင့်ကြောင်း အကြံပြုတင်ပြခဲ့ကြကြောင်း၊ အမျိုးသားလွှတ်တော်တွင်ပါသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ ၆ ခုနှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်တွင်ပါသည့် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်နေရာများကို ယခင်ကျင့်သုံးခဲ့သည့်အတိုင်း FPTP စနစ်ကို ကျင့်သုံးဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း၊ လွှတ်တော်အလိုက် မဲဆန္ဒနယ်နှင့် ကိုယ်စားလှယ်နေရာလျာထား သတ်မှတ်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်၊ မြို့နယ်များဖွဲ့စည်းတည်ရှိမှုနှင့် တိုင်းရင်းသားလူမျိုးစုများ နေထိုင်မှုတို့အပေါ် မူတည်ပြီး PR စနစ်နှင့် လိုက်လျောညီထွေအောင် သတ်မှတ်ကြရန် ဆွေးနွေးတင်ပြခဲ့ကြကြောင်း ပြောကြားသည်။

### လိုအပ်သည့် ဥပဒေများကို သုံးသပ်ပြင်ဆင်မည်

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးပွဲအခမ်းအနား နိဂုံးချုပ်အမှာစကားပြောကြားခဲ့ရာတွင် အများအကျိုးရှေးရှုပြီး ပါဝင်ဆွေးနွေးခဲ့ကြသည့် နိုင်ငံရေးပါတီများအားလုံးကို ကျေးဇူးတင်ဂုဏ်ယူပါကြောင်းနှင့် FPTP စနစ်မှ PR စနစ်သို့ ပြောင်းလဲရာတွင် ယခုဆွေးနွေးချက်များအပေါ်မူတည်ပြီး လိုအပ်သည့် ဥပဒေများကို သုံးသပ်ပြင်ဆင်မည်ဖြစ်ကြောင်းနှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် ပြည်သူလူထုအားလုံး ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးမှ ရွေးကောက်ပွဲစနစ် (PR) နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းမှတ်တမ်းဓာတ်ပုံ



နိုင်ငံရေးပါတီမှ ရွေးကောက်ပွဲစနစ် (PR) နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းမှတ်တမ်းဓာတ်ပုံ



နိုင်ငံရေးပါတီမှ ရွေးကောက်ပွဲစနစ် (PR) နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းမှတ်တမ်းဓာတ်ပုံ



နိုင်ငံရေးပါတီမှ ရွေးကောက်ပွဲစနစ် (PR) နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းမှတ်တမ်းဓာတ်ပုံ

ဆက်လက်ပြီး မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ဥပဒေ၊ နည်းဥပဒေများကို သုံးသပ်ပြင်ဆင်ခြင်း၊ ဝန်ထမ်းအင်အားဖြည့်တင်းခြင်းအပါအဝင် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြမည်ဖြစ်ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ပါ လုပ်ငန်းစဉ် (၅) အရ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရာတွင် မဲဆန္ဒရှင်စာရင်း မှန်ကန်၊ ပြည့်စုံရေးသည် အခြေခံကျပြီး အရေးကြီးသည့်လုပ်ငန်းတစ်ရပ်ဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ဌာနဆိုင်ရာများ၏ ကြီးကြပ်ကူညီမှုနှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မဲဆန္ဒရှင်စာရင်းပြုစုပြီးပါကလည်း မှန်ကန်ပြည့်စုံမှုရှိရေး မြို့နယ်အခြေစိုက်နိုင်ငံရေးပါတီများအပါအဝင် သက်ဆိုင်သူများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အလားတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးသဘောတူညီပြီးဖြစ်သည့် လွှတ်တော်ရွေးကောက်ပွဲများတွင် မြန်မာနိုင်ငံနှင့် ကိုက်ညီသင့်လျော်သည့် အချိုးကျကိုယ်စားပြုစနစ် (PR) ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများကို သုံးသပ်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တာဝန်ယူဆောင်ရွက်ရမည့် ဥပဒေများကို သုံးသပ်ပြင်ဆင်ခြင်း၊ ယခင်ကပြဋ္ဌာန်းခြင်း မပြုနိုင်သေးသည့် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းနိုင်ရေး ဥပဒေကြမ်းရေးဆွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

### ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန် ထမ်းဆောင်ရာတွင် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ လုပ်ငန်းစဉ် (၁) ပါ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ လုပ်ငန်းစဉ် (၅) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အရေးကြီးသည့် လုပ်ငန်းစဉ်များဖြစ်သည့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ဥပဒေ၊ နည်းဥပဒေများ သုံးသပ်၊ ပြင်ဆင်၊ ပြဋ္ဌာန်းခြင်း၊ ဝန်ထမ်းအင်အားတိုးချဲ့၊ ဖြည့်တင်းခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း၊ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*



လက်နက်ငယ်များဖြင့် ပစ်ခတ်ခံခဲ့ရသည့်ယာဉ်ကို တွေ့ရစဉ်။

❄ *ကျော့ဖုံးမှ*

လည်းကောင်း၊ ချစ်လင်းမြိုင်ကုမ္ပဏီမှ Fuso အမျိုးအစား ၁၀ ဘီး မော်တော်ယာဉ်သည် မော်လမြိုင်မြို့သို့လည်းကောင်း ထင်းအစားထိုး လောင်စာဆီအဖြစ် အသုံးပြုသည့် ရေနံဓာတ်ငွေ့ရည် (LP Gas) များ သယ်ဆောင်၍ မြဝတီမြို့မှ ထွက်ခွာလာစဉ် ယနေ့မွန်းလွဲ ၁ နာရီခန့်တွင်မြဝတီ–ကော့ကရိတ်သွား အာရှလမ်းမကြီးအနီး အပြင်ကွင်းကလေး ကျေးရွာ၏ အနောက်ဘက်မီတာ ၂၅၀၀ ခန့် အကွာသို့အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်၊ မီးရှို့မှုများကြောင့် ယာဉ်မောင်းများဖြစ်ကြသည့် ဦးမင်းမင်း တွင် မီးလောင်ဒဏ်ရာများဖြင့် လည်းကောင်း၊ ဦးခင်မောင်သန်းတွင် လက်နက်ငယ် ကျည်ထိမှန်ဒဏ်ရာများဖြင့် လည်းကောင်း သေဆုံးခဲ့ပြီး မော်တော်ယာဉ်တစ်စီး မီးလောင်ပျက်စီးခဲ့ကာ ကျန်မော်တော်ယာဉ် တစ်စီးမှာ လက်နက်ငယ် ကျည်ထိမှန်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ကာ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများကို အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# သရက်ပင်ချောင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသစ် လုပ်ငန်းများဆောင်ရွက်နေ

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သရက်ပင်ချောင်ရွာအနီး၌ သရက်ပင်ချောင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ(Final Disposal Site-FDS)သစ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တည်ဆောက်ဆောင်ရွက်နေသည့် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသစ် ဝင်လမ်း/ထွက်လမ်းများအတွက် လမ်းခင်းကျင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။



သရက်ပင်ချောင် အမှိုက်ပုံသစ် ဖော်ထုတ်မှုများ ဆောင်ရွက်နေစဉ်။

မြေဧရိယာအကျယ်အဝန်း ၁၈၇ ဒသမ ၃ ဧက ရှိသော အဆိုပါ သရက်ပင်ချောင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသစ်ကို မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တည်ဆောက်မည်ဖြစ်ပြီး ဂျပန်နိုင်ငံ ဖူကုအိုကာမြို့၏ နည်းပညာဖြင့် ဆောင်ရွက်မည်ဖြစ်ရာ အမှိုက်တစ်လွှာ၊ မြေကြီးတစ်လွှာဖုံးအုပ်ခြင်း၊ အမှိုက်မှထွက်ရှိသည့် ရေဆိုးများကို ပိုက်များတွင် အပေါက်ဖောက်၍ ငါးရိုးပုံစံဖြင့်စုစည်းခြင်း၊ အမှိုက်ပုံအတွင်း မီသိန်းဓာတ်ငွေ့များ ခိုအောင်းနေခြင်း မရှိစေရန် ပိုက်ဖြင့် စွန့်ထုတ်ခြင်းစနစ်များဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဂန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်က ပြောသည်။

“အမှိုက်ပုံသက်တမ်းဆိုတာက ၁၀ နှစ် သို့မဟုတ် ၁၅ နှစ်လောက်ပဲ သက်တမ်းရှိတာ။ အမှိုက်ပုံဟာ အိုလာပြီဆိုလို့ရှိရင် ဘာပြဿနာရှိလဲဆိုတော့ မီးသိန်းဓာတ်ငွေ့တွေ အလွန်အောင်းပြီးတော့ မီးလောင်မှုဖြစ်ပွားတယ်။ ၂၀၁၈ ခုနှစ် ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ ထိန်ပင်မီးလောင်ပြီး နောက်ပိုင်း ၂၀၁၉၊၂၀၂၀၊ ၂၀၂၁ ခုနှစ်နောက်ပိုင်းမှာ အမှိုက်ပုံတွေက သိသိသာသာပြောင်းလဲသွားခဲ့ပါတယ်။ ဒါလည်း ဂျပန်နိုင်ငံ ဖူကုအိုကာမြို့ရဲ့ နည်းပညာအကူအညီနဲ့ ကုလသမဂ္ဂမြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေးအဖွဲ့(UN-Habitat)၏ ပူးပေါင်းဆောင်ရွက်တာမို့ ခုဆိုရင်အမှိုက်ပုံတွေမှာ ယင်ကောင်တွေ မလာတော့ဘူး။ နောက်တစ်ခါ ရေတွေကို စုနိုင်တယ်၊ အဝင်လမ်းတွေရှိတယ်၊ ရေတူးကန်တွေတူးပြီး ရေပေးနိုင်အောင် လုပ်တယ်။ နောက်ပြီး ပိုက်လိုင်းတွေလုပ်တယ်။ ခုဆိုရင်ညစ်ညမ်းတဲ့အရည်တွေကို စုစည်းနိုင်ပြီး အမှိုက်မီးလောင်စေနိုင်တဲ့ ဓာတ်ငွေ့တွေကို လေထဲမှာ လွတ်လပ်စွာထုတ်နိုင်ခဲ့ပါတယ်။ အဲဒီနည်းပညာကိုယူပြီး မြေဧက ၁၄၀ ကျော်ရှိတဲ့ထားဝယ်ချောင်အမှိုက်ပုံကို လုပ်ခဲ့တာဟာ မြေဧက ၁၁၀ ကျော်ကို အသုံးပြုပြီးပြီဖြစ်ပါတယ်။ နောက်ပိုင်း နောက်ငါးနှစ်လောက်နေရင် အဲဒီမြေနေရာကို သုံးမရတော့မှာစိုးလို့ အဲဒီနည်းပညာကို အသုံးပြုပြီး အမှိုက်ပုံကလိုလာတဲ့အပေါ်မှာ ကော်မတီက သရက်ပင်ချောင်ရွာအနီးမှာ နောက်ဆုံး စွန့်ပစ်အမှိုက်ပုံတည်ဆောက်ဖို့ လုပ်ဆောင်လိုက်တာလည်း ဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

လက်ရှိလုပ်ငန်းအနေအထားအရ သရက်ပင်ချောင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသစ်အတွက် ဝင်လမ်း/ထွက်လမ်းများအတွက် လမ်းခင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပြီး ရေဖောက်ထုတ်ရန်နှင့် မြေသားတင်ခြင်းလုပ်ငန်းများ၊ ဝန်ထမ်းများအတွက် ရုံးနေရာနှင့် နေထိုင်ရန်အတွက် အဆောက်အအုံတည်ဆောက်ရန် နေရာအပါအဝင် အမှိုက်စုပုံရန်အတွက် ပေ ၅၀၀ အကွက်များ ဖော်ဆောင်ရန် လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ ၌ နေ့စဉ်အမှိုက်တန်ချိန် ၂၅၀၀ ခန့်ထွက်လျက်ရှိရာ အမှိုက်များကို အဓိကနောက်ဆုံးစွန့်ပစ်အမှိုက်ပုံ နှစ်ခုဖြစ်သော လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ထားဝယ်ချောင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံအပြင် မြို့နယ်အလိုက် သီးခြားစွန့်ပစ်ရန် သတ်မှတ်ထားသော ဒလအမှိုက်ပုံ၊ ကျူချောင်းအမှိုက်ပုံ၊ လှော်ကားအမှိုက်ပုံနှင့် ဆိပ်ကြီးခနောင်တို အမှိုက်ပုံအသေးတို့တွင် အမှိုက်များစွန့်ပစ်လျက်ရှိကြောင်း၊၂၀၀၁ ခုနှစ်မှစတင်၍ ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ မြေဧရိယာ ၁၅၀ ဧက တွင် နေ့စဉ်အမှိုက်တန်ချိန် ၁၂၀၀ မှ ၁၃၅၀ ခန့်အထိစုပုံထားရှိပြီး ၂၀၀၄ ခုနှစ်မှ စတင်၍ ထားဝယ်ချောင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ မြေဧရိယာ ၁၁၃ ဧက တွင် နေ့စဉ်အမှိုက်တန်ချိန် ၁၀၀၀ မှ ၁၂၀၀ ခန့်အထိ စုပုံထားရှိရာ အမှိုက်များကို မြေကျင်းတူး၍ တိုက်ရိုက်စုပုံသည့် Open Dumping စနစ်ဖြင့် စွန့်ပစ်ခြင်းကြောင့် မြေနေရာလုံလောက်မှုမရှိခြင်း ၊ မီးလောင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်စေခြင်း အစရှိသည့် ဆိုးကျိုးများကိုဖြစ်ပေါ်စေသောကြောင့် ဂျပန်နိုင်ငံနည်းပညာဖြစ်သော Fukuoka Method - Semi-Aerobic Landfill Pilot Project ကို ၂၀၁၉ ခုနှစ်တွင် ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံတွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှစတင်၍ ထားဝယ်ချောင် နောက်ဆုံး စွန့်ပစ်အမှိုက်ပုံတွင် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအကောင်အထည်ဖော်ဆောင်ရွက်မည့် သရက်ပင်ချောင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသစ်တွင် သဘာဝပတ်ဝန်းကျင်ထိခိုက်စေခြင်းကိုထိန်းသိမ်းနိုင်မည့် Fukuoka Method အပြင် အမှိုက်မှ စွမ်းအင်ထုတ်လုပ်ခြင်းနည်းစနစ်များကိုပါဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနအနေဖြင့် အနာဂတ်ကာလ၌ နိုင်ငံခြားကုမ္ပဏီများနှင့်ပူးပေါင်း၍ အမှိုက်မှ လျှပ်စစ်၊ အမှိုက်မှ စီအင်န်ဂျီ၊ အမှိုက်မှ မြေဆွေးနှင့် အမှိုက်မှ ကာဗွန်ဒိုင်အောက်ဆိုက်များ ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီး အဓိကနောက်ဆုံးစွန့်ပစ်အမှိုက်ပုံနှစ်ခုဖြစ်သော လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ထားဝယ်ချောင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံတို့ကိုလည်း အကြိုစူးစမ်းလေ့လာမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း၊ အကြိုစူးစမ်းလေ့လာသူများထံမှ Report အပေါ်မူတည်၍ လိုအပ်သလို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် လာမည့် ၂၀၂၃ ခုနှစ် နှစ်စပိုင်းတွင် ရန်ကုန်မြို့အတွက် သုံးခု မြောက်အမှိုက်ပုံဖြစ်လာမည့် သရက်ပင်ချောင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသစ်၌ အမှိုက်များ စုပုံထားရှိနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**အာကာလင်း**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ဖို့ ကာကွယ်ဆေးထိုးနှံကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

ကမ္ဘာ့လူသားတို့သည် ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းကတည်းက မမြင်ရ၊ မကြားရသော ကူးစက်ရောဂါပိုးနှင့် စစ်ခင်းခဲ့ရပြီး ယခုအခါ အချိန်ကာလ နှစ်နှစ်ပင်ကျော်လာပြီဖြစ်သည်။ ဇန်နဝါရီလ ၁၄ ရက်အထိ ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရသူ သန်း ၃၂၀ ကျော်နှင့် သေဆုံးသူ ၅၅၃၉၂၀၆ ဦးရှိသွားပြီဖြစ်သည်။ ဗီဇပြောင်း အိုမီခရွန်သည် ကူးစက်နှုန်း မြင့်မားလျက်ရှိပြီး နိုင်ငံပေါင်း ၁၅၀ ကျော်တွင် ကူးစက်ပျံ့နှံ့နေပြီဖြစ်သည်။ အိုမီခရွန်ထိန်းချုပ်နိုင်ရေး နိုင်ငံတကာလေကြောင်းခရီးစဉ်များနှင့် ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းထားရကာ မဖြစ်မနေ အပြင်ထွက်ရာတွင်လည်း ရင်တထိတ်ထိတ်ဖြင့် သွားလာလှုပ်ရှားနေကြရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ် ရောဂါပိုးကူးစက်မှု မခံရစေရေးအတွက် နေထိုင်မှုပုံစံသစ်(New Normal) ဖြင့် နေထိုင်သွားရန် လိုအပ်လာပြီဖြစ်သည်။ အထူးသဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှသာလျှင် အသက်အန္တရာယ် ကျော်လွှားနိုင်မည်ဖြစ်သည်။

### ကျေးဇူးအထူးတင်မိ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဇန်နဝါရီလ ၉ ရက်အထိ ဝယ်ယူခြင်းမှ ၄၄ ဒသမ ၄ သန်းနှင့် လှူဒါန်းမှုမှ ၁၃ ဒသမ ၄၆ သန်းခန့် စုစုပေါင်း ၅၇ ဒသမ ၈၆ သန်းခန့် ရရှိထားပြီးဖြစ်သည်။၎င်းအပြင် မိတ်ဆွေရင်း နိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ရုရှားနှင့် ဂျပန်နိုင်ငံတို့သည် မြန်မာနိုင်ငံအား ကိုဗစ်-၁၉ ကာကွယ်ဆေးများ လှူဒါန်းလျက်ရှိသည်။ ထို့အပြင် ဒေသတွင်းနိုင်ငံများမှလည်း ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်းလျက်ရှိသဖြင့် ဝမ်းမြောက်ပီတိ ဖြစ်ရသည်။

အမှန်တော့ ကမ္ဘာ့လူသားအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးမှသာလျှင် ကိုယ်ခံအားတိုးတက်လာပြီး ဗီဇပြောင်းမိုင်းရပ်စ်များ၏ အန္တရာယ်ကို ရင်ဆိုင်ကျော်လွှားနိုင်မည် ဖြစ်သည်။ အချို့သောနိုင်ငံများတွင် ထပ်ဆောင်းကာကွယ်ဆေးတတိယအကြိမ် ထိုးနှံလျက်ရှိသော်လည်း အချို့နိုင်ငံများတွင် တစ်ကြိမ်မျှထိုးနှံရခြင်းမရှိသေးပေ။ ကာကွယ်ဆေး သုံးကြိမ် ထိုးနှံထားသည့်တိုင်အောင် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး အန္တရာယ်ကို လုံးလုံးလျားလျား ကျော်လွှားနိုင်ဦးမည်မဟုတ်သဖြင့် ကာလရှည်ကြာ အိမ်တွင်းပုန်းလုပ်နေ၍လည်း ရတော့မည်မဟုတ်ပေ။

### ကာကွယ်ဆေးထိုးနှံပြီးဖြစ်

အမှန်တော့ နိုင်ငံတော်အစိုးရသည် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ကာကွယ်ဆေးထိုးနှံခွင့်ရရှိရေးအတွက် ဦးတည်ချက်အုပ်စုများသတ်မှတ်ကာ အပူတပြင်း ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ့ဝန်ထမ်းများ၊ သက်ကြီးရွယ်အိုများ၊ ဆရာတော်၊ သံဃာတော်များ၊ အကျဉ်းသားများ၊ ဟိုတယ်ဝန်ထမ်းများ စသည့် ဦးစားပေးအဆင့်အလိုက် ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။ ယခုဆိုလျှင် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများကို ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်သည်။ ထို့အပြင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများကိုလည်း ကာကွယ် ဆေးထိုးသွားရန် စီစဉ်လျက်ရှိသည်။ ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် ပြည်သူအများစုသည် ကာကွယ်ဆေးထိုးနှံပေးသည့် စုရပ်များသို့ သွားရောက်ကာ ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ကြသည်။



ညောင်ဦးမြို့နယ်၌ ပြည်သူတစ်ဦးအား ကာကွယ်ဆေးထိုးပေးနေစဉ်။
ဓာတ်ပုံ -မောင်မောင်ထိန် (ကျောက်ပန်းတောင်း)

စင်စစ်အားဖြင့် နိုင်ငံတော်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများ သတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ ဇန်နဝါရီလ ၁၁ ရက်အထိ လူဦးရေစုစုပေါင်း ၂၁၁၅၉၂၃ ဦးကို ထိုးနှံပေးပြီးဖြစ်သည်။ ကာကွယ်ဆေး နှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ ၁၆၉၉၆၈၀၈ ဦးနှင့် ပထမအကြိမ် ထိုးနှံပြီးစီးသူ ၄၁၆၂၄၂၅ ဦးရှိပြီဖြစ်သည်။ ထို့ကြောင့် ၁၁-၁-၂၀၂၂ ရက်အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း ၃၈၁၅၆၀၄၁ ကြိမ် ထိုးနှံပြီးဖြစ်သည်။

ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဦးတည်အုပ်စုအလိုက် ကာကွယ်ဆေးများ ဆက်လက်ထိုးနှံလျက်ရှိသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် မိမိရပ်ကွက်၊ ကျေးရွာအလိုက် ကာကွယ်ဆေး ထိုးနှံပေးသည့် စုရပ်များသို့ မပျက်မကွက်သွားရောက်ကာ ကာကွယ်ဆေးထိုးနှံမှု ခံယူစေချင်ပါသည်။ မဟုတ်မမှန် ဝါဒဖြန့်လှုံ့ဆော်မှုများကို ယုံကြည်ကာ မိမိ၏အသက်ဖြင့် လောင်းကြေးမထပ်မိဖို့ အထူးသတိထားသွားသင့်ပေသည်။ အထူးသဖြင့် အဖျက်သမားများ၏ သွေးထိုးလှုံ့ဆော်မှုများကို နားမယောင်မိဖို့ လိုပါသည်။

### မျှဝေပေးသွားစေလို

လက်ရှိအချိန်အထိ ကမ္ဘာတစ်ဝန်း၌ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးသူ ၅၉ ဒသမ ၃ ရာခိုင်နှုန်း၊ နှစ်ကြိမ် ထိုးနှံပြီးသူ ၅၀ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံပြီးသူမှာ ၂ ဒသမ ၇ ရာခိုင်နှုန်းသာ ရှိသေးသည်။ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျပြီး ဆင်းရဲတွင်းနက်နေသော နိုင်ငံများတွင် တိုင်းပြည်လူဦးရေ၏ ၉ ဒသမ ၅ ရာခိုင်နှုန်းသာလျှင် ကာကွယ်ဆေး တစ်ကြိမ် ထိုးနှံမှုခံယူရသေးသည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။

ထို့ကြောင့် ကမ္ဘာတစ်ဝန်း၌ လူအုပ်စုလိုက် ကိုယ်ခံစွမ်းအား (Herd Immunity) ရရှိနိုင်ရန်အတွက် ကာကွယ်ဆေးလွှမ်းခြုံမှု များစွာလိုအပ်နေဆဲပင်ဖြစ်သည်။ အထူးသဖြင့် ကမ္ဘာ့လူဦးရေ၏ ၇၅ ရာခိုင်နှုန်းခန့် ကာကွယ်ဆေးထိုးနှံမှသာလျှင် အုပ်စုလိုက် ကိုယ်ခံစွမ်းအားရရှိနိုင်မည့် အလားအလာရှိသည်ဟု ပညာရှင်များက သုံးသပ်ထားသည်။ ချမ်းသာသောနိုင်ငံများအနေဖြင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနေသည်ထက် ကာကွယ်ဆေး တစ်ကြိမ်တစ်ခါမျှ ထိုးနှံရခြင်း မရှိသေးသော ဆင်းရဲတွင်းနက်နေသည့် နိုင်ငံများရှိ ပြည်သူများကိုလည်း ကာကွယ်ဆေး မျှဝေလှူဒါန်းသွားစေလိုပါသည်။ ကမ္ဘာ့လူသားအားလုံး ကိုယ်ခံအားရှိနေမှသာလျှင် ကိုဗစ်-၁၉ ကပ်ရောဂါကြီးကို မောင်းထုတ်နိုင်မည်ဖြစ်သည်။

### စည်းကမ်းလိုက်နာရန်လည်းလို

ထို့အပြင် ပြည်သူများအနေဖြင့် ကာကွယ်ဆေးထိုးထားသော်လည်း ပေါ့ပေါ့ဆဆ နေ၍ရမည်မဟုတ်ချေ။ ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ အကြံပြုချက်များနှင့် တိုက်တွန်းချက်များကို ယခင်အတိုင်း လိုက်နာဆောင်ရွက်သွားရန် လိုအပ်ပေသည်။ ကာကွယ်ဆေး ထိုးနှံပြီးချိန်တွင် ပေါ့ပေါ့ဆဆနေသောကြောင့် ရောဂါကူးစက်ခံရလျှင် ထိုးထားသောဆေးသည် အဟောသိကံဖြစ်သွားမည်ဖြစ်သည်။ ထို့ကြောင့် ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်ခြင်း၊ Face Shield တပ်ဆင်ခြင်း၊ လက်မှန်မှန်ဆေးကြောခြင်း၊ ခပ်ခွာခွာနေထိုင်ခြင်း၊ လူစုလူဝေးရှောင်ရှားခြင်း၊ တတ်နိုင်ပါက အိမ်မှာပင် နေထိုင်ခြင်း၊ အာဟာရပြည့်ဝအောင်စားသုံးခြင်း၊ အိပ်ရေးဝအောင် အိပ်စက်အနားယူခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်ဆောင်ခြင်း၊ လေကောင်းလေသန့်ရှူရှိုက်ခြင်း စသည့် ကျန်းမာရေးဆိုင်ရာ အကြံပြုချက်များကို တိတိကျကျ လိုက်နာသွားသင့်ပေသည်။

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ဖို့ ကာကွယ်ဆေးထိုးနှံကြပါစို့

အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါ ခံစားနေရသူများသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူသွားရန် လိုအပ်သည်။ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် ရောဂါအခံရှိသည့် အသက် ၅၀ ကျော်အရွယ်များသည် ကိုဗစ်-၁၉ ကူးစက်ခံရလျှင် အောက်ဆီဂျင်ကျလာပြီး အသက်ပါဆုံးရှုံးရနိုင်သည်။ နိုင်ငံတစ်ဝန်းရှိ ပြည်သူအားလုံးနီးပါး ကာကွယ်ဆေးထိုးနှံပြီးမှသာလျှင် အုပ်စုလိုက် ကိုယ်ခံစွမ်းအားများ ရရှိလာပြီး ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကို ကျော်လွှားသွားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် CRPH ၊ NUG နှင့် PDF စသည့်အကြမ်းဖက်အဖွဲ့အစည်းများ၊ NLD အစွန်းရောက်များနှင့် ပြည်တွင်း ပြည်ပမှ အဖျက်သမားများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများ၊ သတင်းတု၊ သတင်းမှားများကို နားယောင်မနေတော့ဘဲ အချိန်မီ ကာကွယ်ဆေးထိုးနှံမှု ခံယူသွားမည်ဆိုလျှင် ကိုဗစ်-၁၉ ရောဂါဆိုးကြီးအန္တရာယ်မှ ကျော်လွှားနိုင်မည့်အပြင် ကျန်းမာသက်ရှည်ပြီး မိမိချစ်သော မိသားစုများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းအကြံပြုအပ်ပါသည်။ ။

**“ကမ္ဘာတစ်ဝန်း၌ လူအုပ်စုလိုက် ကိုယ်ခံစွမ်းအား (Herd Immunity) ရရှိနိုင်ရန်အတွက် ကာကွယ်ဆေးလွှမ်းခြုံမှု များစွာလိုအပ်နေဆဲပင်ဖြစ်သည်။ အထူးသဖြင့် ကမ္ဘာ့လူဦးရေ၏ ၇၅ ရာခိုင်နှုန်းခန့် ကာကွယ်ဆေးထိုးနှံမှသာလျှင် အုပ်စုလိုက် ကိုယ်ခံစွမ်းအားရရှိနိုင်မည့် အလားအလာရှိသည်ဟု ပညာရှင်များက သုံးသပ်ထားသည်။ ချမ်းသာသောနိုင်ငံများအနေဖြင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနေသည်ထက် ကာကွယ်ဆေးတစ်ကြိမ်တစ်ခါမျှ ထိုးနှံရခြင်း မရှိသေးသော ဆင်းရဲတွင်းနက်နေသည့် နိုင်ငံများရှိ ပြည်သူများကိုလည်း ကာကွယ်ဆေးမျှဝေလှူဒါန်းသွားစေလိုပါသည်။ ကမ္ဘာ့လူသားအားလုံး ကိုယ်ခံအားရှိနေမှသာလျှင် ကိုဗစ်-၁၉ ကပ်ရောဂါ ကြီးကို မောင်းထုတ်နိုင်မည်ဖြစ်သည်”**

# မင်္ဂလာဒုံမြို့နယ် သမိုင်းဝင်ကျိုက္ကလော့စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်အထွတ်တင်ခြင်းမင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

**မင်္ဂလာဒုံမြို့နယ် ပြည်တော်သာရပ်ကွက် သမိုင်းဝင်ကျိုက္ကလော့စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်အထွတ်တင်လှူခြင်း မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ မင်္ဂလာဒုံတပ်နယ်မှူး ဗိုလ်မှူးချုပ် ဝင်းဗိုလ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရား ကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး သမိုင်းဝင် ကျိုက္ကလော့စေတီတော်ကြီး၏ ဩဝါဒါစရိယ ဆရာတော်ထံမှ ညွှန့် ပရိသတ်များက ကိုး ပါး သီလခံယူ ဆောက်တည်၍ သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဝန်ကြီးချုပ် အမှူးပြုသော ဘုရားဒါယကာ၊ ဒါယိကာမများက စေတီတော် အထွတ်တွင် တင်လှူမည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်များကို သံဃာတော်အရှင်သူမြတ်တို့ထံ ဆက်ကပ်လှူဒါန်းပြီး စေတီတော်အားလက်ယာရစ်လှည့်၍အပူဇော်ခံကာ ရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ သံဃာတော် အရှင်သူမြတ်များနှင့် ဝန်ကြီးချုပ် အမှူးပြုသော ဘုရားဒါယကာ၊ ဒါယိကာမများ၊ ညွှန့်ပရိသတ်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်များကို အမွှေးနံ့သာရည်များ ပက်ဖျန်း၍ မင်္ဂလာရထားပျံဖြင့် စေတီတော်ငြမ်းထက်သို့ ပင့်ဆောင် ပူဇော်ကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီး၊ တပ်နယ်မှူးနှင့် ဘုရားဒါယကာများသည် မင်္ဂလာအချိန်တွင် ရွှေထီးတော် အထွတ်တွင် စိန်ဖူးတော်မြတ်ကို တင်လှူပူဇော်ကြပြီး ရတနာရွှေမိုး ငွေမိုး ရွာသွန်းဖြိုးကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



# အင်းတော်ကြီးဒေသ ရွှေမဉ္ဇူရေလယ်ဘုရားပွဲတော် ဆွမ်းတော်ကြီးကပ်လှူပွဲကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**မိုးညှင်း ဇန်နဝါရီ ၁၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးဒေသတွင် (၁၅၃) ကြိမ်မြောက် သမိုင်းဝင်တန်ခိုးကြီး ရွှေမဉ္ဇူရေလယ်ဘုရားပွဲတော်ကို အကျဉ်းချုံးအနေဖြင့် ဆွမ်းတော်ကြီး ကပ်လှူပွဲကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက လွဲမွန်ကျေးရွာအုပ်စု နန့်ပတဲကျေးရွာအတွင်းရှိ ရွှေမဉ္ဇူကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးကျင်းပရာတွင် ညောင်ပင်ဆရာတော်၊ လွဲမွန်ဆရာတော်၊ နန့်မွန်းဆရာတော်နှင့် ဟဲပုဆရာတော်တို့က ဩဝါဒစကား မိန့်ကြားကာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြတ်ခိုင်ကိုက မိတ်ဆက်စကား ပြောကြားပြီး တက်ရောက်လာကြသည့် အဖွဲ့ဝင်များ ကိုဗစ်-၁၉ရောဂါ ညွှန်ကြားချက်များနှင့် နယ်မြေအခြေအနေ အရပ်ရပ်ကို ဆွေးနွေးတင်ပြ လျှောက်ထားကြရာ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများမှ ဘုရားပွဲတော်နှင့်ပတ်သက်၍ လုပ်ဆောင်သင့်သည်များကို ပွဲတော်ကျင်းပနိုင်ရေးအတွက် ဘုရားပွဲတော်ကို အကျဉ်းချုံးအနေဖြင့်သာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည်။

ယခင်နှစ်များက အင်းတော်ကြီးဘုရားပွဲတော်ကို အခြားအမြို့မြို့ အနယ်နယ် အရပ်ရပ်မှ လာရောက်ကြပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် အကျဉ်းချုံးအနေဖြင့် ဆွမ်းတော်ကြီး ကပ်လှူပွဲကို အစဉ်အလာမပျက် တပေါင်းလဆန်း ၈ ရက်တွင် ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပမည်ဖြစ်ကြောင်း ရွှေမဉ္ဇူဘုရားဂေါပကအဖွဲ့မှ သိရသည်။ **ဖွဲ့သူရအောင်**



# (၉၅)ကြိမ်မြောက် ညောင်လေးပင်မြို့လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဒေသစာရီလှည့်လည်ပူဇော်ပွဲ အစဉ်အလာမပျက်ကျင်းပ

**ညောင်လေးပင် ဇန်နဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနိယပွဲတော်ကို ယခုနှစ်တွင် လူစုလူဝေး မဖြစ်စေရန်အတွက် မော်တော်ယာဉ်များဖြင့်သာ ဇန်နဝါရီ ၁၅ ရက် မှ ၁၆ ရက်အထိ နှစ်ရက်တိုင် နံနက် ၆ နာရီမှစ၍မနက်ပိုင်းအစဉ်အလာမပျက်(၉၅) ကြိမ်မြောက် ဒေသစာရီလှည့်လည်ပူဇော်ပွဲ ကျင်းပပြုလုပ်သည်။

ညောင်လေးပင်မြို့၌ မြို့သူမြို့သားများ ဘေးအန္တရာယ် ခပ်သိမ်းကင်းငြိမ်းစေရန် နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်ကျိပ်ရှစ်ဆူဘုရားများဒေသစာရီပင့်ဆောင်ရာတွင် ယခင်နှစ်များက ညနေ ၅ နာရီမှစ၍ လမ်းရပ်ကွက်အသီးသီးမှ သာသနာ့အကျိုးတော်ဆောင်များ၊ ပရိတ်အသင်းအဖွဲ့များ လိုက်ပါလျက် အန္တရာယ်ကင်းဗုဒ္ဓဒေသနာတော်လာတရားတော်များကို ရွတ်ဆိုပူဇော်ခဲ့ကြသော်လည်း ယခုနှစ်တွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူစုလူဝေးများဖြင့် ဆောင်ရွက်ရန်မသင့်သောကြောင့် (၉၅) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဒေသစာရီလှည့်လည်ပူဇော်ပွဲကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ နံနက် ၆ နာရီတွင် မော်တော်ယာဉ်များဖြင့် ဘုရားများပင့်ဆောင်ကာ မဟာပဋ္ဌာန်းနှင့် ပရိတ်ကြီးများဖွင့်၍ ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက် နှစ်ရက်သာ ဒေသစာရီလှည့်လည်ပူဇော်ခြင်းဖြစ်သည်။

ယခင်နှစ်များက ဒေသစာရီလှည့်လည် ပူဇော်ရာတွင် လမ်းရပ်ကွက်အသီးသီးသို့ လေးရက်တိုင်တိုင် လှည့်လည်ပူဇော်ခဲ့ကြသော်လည်း ၂၀၂၀ ခုနှစ်နှင့် ယခု ၂၀၂၂ ခုနှစ်တို့တွင် နှစ်ရက်သာ ရပ်ကွက် လမ်းအသီးသီးသို့ ဒေသစာရီ လှည့်လည်ပူဇော်ခဲ့ကြရာ မြို့သူ မြို့သားများက ပန်း၊ နံ့သာ၊ ဆီမီးများဖြင့် စဉ်လာမပျက် လှူဒါန်း ပူဇော်ဆုတောင်းကြရာ ပူဇော်ရေးအဖွဲ့မှ အန္တရာယ်ကင်းပရိတ်ကြိုးများကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# လမိုင်းမြို့ ကျိုက်ကေလာသ တန်ခိုးကြီးဘုရားနှင့် စေတီတော်တို့တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

**လမိုင်း ဇန်နဝါရီ ၁၆**

မွန်ပြည်နယ် လမိုင်းမြို့အတွင်းရှိ ကျိုက်ကေလာသ တန်ခိုးကြီးဘုရားပုထိုးစေတီနှင့် ကျိုက်ခတ်ဇူဘုရားစေတီတော်တို့တွင် ပြာသိုလပြည့်နေ့တွင် ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများစွာ လာရောက်ဖူးမြော်စည်းကားလျက်ရှိသည်။

လမိုင်းမြို့တွင် ကိုဗစ်-၁၉ ရောဂါ သိသာစွာလျော့နည်းကျဆင်းမှုရှိသော်လည်း ကူးစက်မှုနှုန်းဟန့်တားထိန်းချုပ်နိုင်ရေးနှင့် ကိုဗစ်-၁၉ ကာလ ပြည်သူများ စိတ်နှလုံးအေးချမ်းစွာဖြင့် ကုသိုလ်ယူနိုင်ကြစေရန် ကျိုက်ကေလာသတန်ခိုးကြီးဘုရားပုထိုးစေတီတွင် ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီဖွင့်လှစ်ပေးထားပြီးဖြစ်ကာ ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ပွဲများ ပြုလုပ်ပြီးကုသိုလ်ကောင်းမှု ဆောင်ရွက်မှုများရှိသကဲ့သို့ မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်သည့် အခါကြီးရက်ကြီး၊ နေ့ထူးနေ့မြတ်များတွင်လည်း ဘုရားဖူးပြည်သူများ၊ ခရီးသွားပြည်သူများအားအာဟာရဒါနစတုဒိသာများဖြင့် ကျိုက်ခတ်ဇူဘုရားပုထိုးစေတီတော်ရင်ပြင်၌ညွှေ့ခံကျွေးမွေး ကုသိုလ်ယူကြသည်။ **(အောက်ပုံ)** **ဖြူဖြူအေး(ပြန်/ဆက်)**

# မြိုင်မြို့နယ် အလယ်ကန်ကျေးရွာ၌ သောက်သုံးရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်မှု ၇၅ ရာခိုင်နှုန်း ပြီးစီး

**မြိုင် ဇန်နဝါရီ ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် အလယ်ကန်ကျေးရွာအုပ်စု အလယ်ကန်ကျေးရွာနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေစင်တည်ဆောက်နေမှုကို မြိုင်မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါကျေးရွာရေရရှိရေးလုပ်ငန်းတွင် ၄လက်မဒိုင်ယာမီတာ ပေ ၅၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ပေ ၂၀ အမြင့် ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း၊ ပါဝါမီတာတပ်ဆင်ခြင်းနှင့် ရေစင်အောက်တွင် ပါဝါမီတာထားရန် အခန်းဖွဲ့ခြင်းလုပ်ငန်းများ ပါဝင်ပြီး ၂၀၂၁-၂၀၂၂ ခုနှစ် ခြောက်လဘတ်ဂျက်တွင် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၂၆ ဒသမ ၇ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ဒုတိယပတ်က စတင်ဆောင်ရွက်ရာ လုပ်ငန်း ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သည်။

**အထွေး**



◆ *ကျောဖုံးမှ*

“ဆင်စခန်း ပြန်လည်ဖွင့်လှစ်ချိန်မှာ ခရီးတိုဆင်စီးရင် တောတောင်ရေမြေနဲ့ စိမ်းစိုသာယာလှပတဲ့ သဘာဝ ရှုခင်းအလှတွေကို ကြည့်ရှုခံစားနိုင်စေဖို့နဲ့ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းအားလုံး ဆောင်ရွက်ပေးနိုင်ဖို့ အတွက် ယာယီပိတ်ထားစဉ် ကာလမှာ ကိုဗစ်ကာကွယ်ရေး စည်းကမ်းချက်တွေနဲ့အညီ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ဆောင်နေပါတယ်။ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပဖို့နဲ့ စိမ်းလန်းစိုပြည်စေဖို့ အရိပ်ရအပင်နဲ့ ပန်းအလှပင်တွေကိုလည်း တိုးချဲ့စိုက်ပျိုးထားပါတယ်။ ဆင်စခန်း ပြန်လည်ဖွင့်လှစ်ချိန်မှာ မန်းချောင်းဘေး ဆင်များနှင့်အတူ ရေချိုးရင်းအပန်းဖြေနိုင်စေဖို့ ယာယီတံတား၊ တည်းကျောင်းနဲ့ အလှဆင်တာတွေကို ပြင်ဆင်ဆောင်ရွက်နေပါတယ်”ဟု ၎င်းကပြောသည်။

ရွှေစက်တော် မန်းချောင်း အပန်းဖြေဆင်စခန်းကို(ယာပုံ) နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး ဆင်ထီး လေးကောင်၊ ဆင်မ ခုနစ်ကောင်၊ စုစုပေါင်း ဆင် ၁၁ ကောင်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။ ပြည်တွင်းခရီးသွား တစ်ဦးလျှင် ဆင်စခန်းဝင်ကြေး ငွေကျပ် ၁၀၀၀နှင့် ခရီးတိုဆင်စီးခ ၅၀၀၀ နှုန်း၊ နိုင်ငံခြားသား တစ်ဦးလျှင် ဝင်ကြေး ငွေကျပ် ၁၀၀၀၀ နှင့် ခရီးတိုဆင်စီးခ ၁၀၀၀၀ နှုန်း၊ တည်းခိုဆောင် အနေဖြင့် ဘန်ဂလို ၁၁ လုံးရှိပြီး တည်းခိုဆောင်တစ်လုံးအတွက် တစ်ရက်လျှင် ငှားရမ်းခ ငွေကျပ် ၃၀၀၀၀ နှုန်း သတ်မှတ်ထားကြောင်း သိရသည်။

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်း အပါအဝင် မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန၊ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်း Elephant Conservation Based Tourism (ECBT) စခန်း ၂၂ ခုကို ဖွင့်လှစ်ထားရှိကြောင်း သိရသည်။



**မောင်မောင်(မင်းဘူး)**

## ရေဆင်းငါးလုပ်ငန်းစခန်း၌ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများဆေးထိုးသားဖောက်နည်းသင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၁၆**

နေပြည်တော်တိုင်းငါးလုပ်ငန်းဦးစီးမှူး ဒေါ်ညိုညိုအေးသည် ရေဆင်းငါးစခန်း၌ ပြည်ထောင်စုနယ်မြေအတွင်းရှိ ဌာနဝန်ထမ်းများအား သင်တန်းပို့ချမည့် အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများဆေးထိုးသားဖောက်နည်းပညာပေးသင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

သင်တန်းတွင် ရေဆင်းငါးစခန်းတာဝန်ခံဦးစိုးပိုင် (လ/ထညွှန်ကြားရေးမှူး)က သင်တန်းသား/သူများအား ငါးဆေးထိုးသားဖောက်ရန်အတွက် မျိုးငါးများ ရွေးချယ်ခြင်းနှင့် ရေအရည်အသွေးတိုင်းတာနည်းများကို လက်တွေ့ပြသ ရှင်းလင်းသင်ကြားပေးသည်။ သင်တန်းသို့ နေပြည်တော် တိုင်းငါးလုပ်ငန်းဦးစီးဌာနအောက်ရှိ ခရိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးများမှ ဝန်ထမ်းများနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်း (ပျဉ်းမနား)မှ ဝန်ထမ်း နှစ်ဦး တက်ရောက်ပြီး သင်တန်းကာလနှစ်ရက်တွင် ရွှေဝါငါးကြင်းနှင့် ထိုင်း ငါးခုံးမကြီး ငါးသားဖောက်ခြင်းများကို စာတွေ့လက်တွေ့သင်ကြားပေးကြောင်း သိရသည်။

**သတင်းစဉ်**

## လီဗာပူးတို့ ဘရန့်ဖို့ဒ်ကို ဂိုးပြတ်နိုင်ပြီး ဝက်စ်ဟမ်းတို့ အိမ်ကွင်း၌ လိဒ်ကိုရှုံး

ပရီမီယာလိဂ်ပွဲစဉ် (၂၂) အဖြစ် ဇန်နဝါရီ ၁၆ ရက်က ယှဉ်ပြိုင်ကစားသည့် လီဗာပူးနှင့် ဘရန့်ဖို့ဒ်တို့ပွဲတွင် လီဗာပူးတို့ သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရသည်။ လီဗာပူးတို့ လူမစုံသော်လည်း ဖိအားပေးကစားနိုင်ခဲ့ရာ ၄၄ မိနစ် တွင် နောက်တန်းလူ ဟာမီနို၏ ဂိုးဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။ ဘရန့်ဖို့ဒ် တို့ကလည်း တစ်ခါတစ်ရံ ပြန်လည်ထိုးဖောက်ကစားခဲ့သည်။

လီဗာပူးအတွက် ဒုတိယဂိုးနှင့် တတိယဂိုးများကို ဒုတိယပိုင်း ၆၉ မိနစ်နှင့် ၇၇ မိနစ်တွင် ချန်ဘာလိန်နှင့် မီနာမီနိုတို့က သွင်းယူပေးခဲ့သည်။ လီဗာပူးတို့ ယခုပွဲအပြီး ရမှတ် ၄၅ မှတ်ဖြင့် ဒုတိယနေရာ၌ ရပ်တည်နေသည်။ ဝက်စ်ဟမ်းက အိမ်ကွင်း၌ လိဒ်ကို သုံးဂိုး–နှစ်ဂိုးဖြင့် ရှုံးနိမ့်သည်။ ယင်းပွဲတွင် လိဒ်မှ ဟာရစ်ဆင်ကဟက်ထရစ်သွင်းယူခဲ့သည်။

အက်စ်တွန်ဗီလာနှင့် မန်ယူတို့ပွဲတွင် မန်ယူတို့ ဦးဆောင်ဂိုးနှစ်ဂိုးသွင်းယူနိုင်သော်လည်း အက်စ်တွန်ဗီလာ၏ ချေပဂိုးများကြောင့် နှစ်ဂိုးစီသရေကျခဲ့သည်။ ယင်းပွဲတွင် လီဗာပူးမှ အသစ်ခေါ်ယူထားသော ဒစ်ဂ်နေးနှင့် ကော်တင်ဟိုတို့ ပါဝင်ကစားခဲ့သည်။

**အောင်ဇော်**

❂ *ကျောဖုံးမှ*

ဇန်နဝါရီ ၂၁ ရက်တွင် ဂျပန်အသင်း၊ ဇန်နဝါရီ ၂၄ ရက်တွင် တောင်ကိုရီးယားအသင်း၊ ဇန်နဝါရီ ၂၇ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေပြီး နောက်တစ်ဆင့်တက်ရောက်နိုင်ရန် ရုန်းကန်ရဖွယ်ရှိနေသည်။

အာရှဖလားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ– ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်– ဦးတင်မြင့်အောင်၊ လက်ထောက်နည်းပြ– ဦးခင်မောင်ထွေး၊ ဦးဘိုဘိုအောင်၊ ဒေါ်သူဇာထွေး၊ ဂိုးနည်းပြ– ဦးယဉ်မင်းအောင်၊ အသင်းဆရာဝန်– ဒေါက်တာယုနန္ဒာထွန်း၊ အကြောကျွမ်းကျင်– ဦးလွင်ဦးကို၊ Media officer– ဦးအောင်သော်ဖြိုး၊ Video Analyst– ဦးမြတ်စိုးသူ၊ Security Officer –ဒေါ်ဆုပြည့်စုံအောင်၊ အားကစားသမားများအဖြစ် ဂိုးသမား– မေဇင်နွယ်၊ ဖူးလတ်နဒီ၊ ခိုင်ဇာဝင်း၊ နောက်တန်း– အေးအေးမိုး၊ ချစ်ချစ်၊ ခင်မျိုးဝင်း၊ ဖြူဖြူဝင်း၊ ဇွန်ယုယဦး၊ နန့်ဇူးဇူးထက်၊ အိအိကျော်၊ ခင်သန်းဝေ၊ အလယ်တန်း– သင်းသင်းယု၊ ခင်မိုမိုထွန်း၊ ခင်မာလာထွန်း၊ ဝင်းဝင်း၊ နော်ထက်ထက်ဝေ၊ ရှေ့တန်း– ဝင်းသီရိထွန်း၊ စန်းသော်သော်၊ ခင်မိုးဝေ၊ မြတ်နိုးခင်၊ ဂျူလိုင်ကျော်၊ နှင်းပွင့်အေးနှင့် နုနုတို့ လိုက်ပါသွားသည်။

**ရဲရင့်လွင်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# PDF အမည်ခံ အကြမ်းဖက်သမားများက မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အနီး သာသနာ ၂၅၀၀ ဝင်းအတွင်း လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖောက်ခွဲ

**နေပြည်တော် ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အနီး သာသနာ ၂၅၀၀ ဝင်းအတွင်း၌ ဇန်နဝါရီ ၁၄ ရက် ညနေပိုင်းတွင် လက်လုပ်မိုင်း ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စိစစ်ခဲ့ရာ ဇန်နဝါရီ ၁၄ ရက် ညနေ ၅ နာရီခန့်တွင် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အနီး သာသနာ ၂၅၀၀ ဝင်းမြောက်ဘက် ၄၅ လမ်းဘက်မှနေ၍ Click ဆိုင်ကယ် အမျိုးအစားဖြင့် စီးနင်းလာသည့် PDF အမည်ခံ အကြမ်းဖက်သမား နှစ်ဦးက လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ခဲ့ရာ ၎င်းဝင်းအတွင်းရှိ အဆောင်ရှေ့ ပန်းစိုက်ခင်းအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ခြင်း ဖြစ်ပြီး အဆိုပါပေါက်ကွဲမှုကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရှိရသည်။(ယာပုံ)





CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ အနေဖြင့် ရဟန်း၊ သံဃာတော်များအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ သီတင်းသုံးဆောင်ရာ ဘုန်းတော်ကြီးကျောင်းများကို မီးရှို့ဖျက်ဆီးခြင်းများကို လုပ်ဆောင်လျက်ရှိသည့်အပြင် ယခုကဲ့သို့ ပြည်သူတစ်ရပ်လုံး၏ အထွတ်အမြတ်ထား ပူဇော်လျက်ရှိသော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးပါမကျန် သာသနာတော်ညှိုးနွမ်းပျက်စီးစေရန်နှင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန် လုပ်ဆောင်ခဲ့မှုအပေါ် ပြည်သူတစ်ရပ်လုံးက ရွံ့ရှာမုန်းတီးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


# အကြမ်းဖက်သောင်းကျန်းသူများက လွိုင်ကော်မြို့အတွင်း အကြမ်းဖက်မှုလုပ်ငန်းများ လုပ်ဆောင်နေမှုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထုထိခိုက်မှုမရှိစေရေး လုံခြုံရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

တပ်မတော်အနေဖြင့် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေအဖြစ် ကြေညာ၍ နိုင်ငံတော်၏တာဝန် အရပ်ရပ်အား ရယူပြီးနောက် နိုင်ငံတစ်ဝန်းလုံးတွင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ ဆောင်ရွက်နေသည့်အပေါ် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သောCRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ အကြမ်းဖက်သမားများဖြစ်သော PDF အမည်ခံ သောင်းကျန်းသူများက နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုများ သေကျေပျက်စီး၍ အထိတ်တလန့် ဖြစ်ပွားကာ အစိုးရအပေါ် ယုံကြည်မှု ပျက်ပြားလာစေရန် မြို့၊ ရွာများတွင် အကြမ်းဖက် လုပ်ငန်းများကို နည်းမျိုးစုံဖြင့် တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်မှုများကို လုပ်ဆောင် လျက်ရှိရာတွင် ယနေ့မွန်းလွဲပိုင်းက ကယားပြည်နယ် လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက်အတွင်းရှိ ပြည်သူလူထု၏ နေအိမ်အဆောက်အဦများတွင် အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်ခိုအောင်း၍ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်ရန် ပြင်ဆင်စုဖွဲ့လျက်ရှိကြောင်း သတင်းအရ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထု၏ အသက်အိုးအိမ်နှင့် နေအိမ်အဆောက်အဦများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် လုံခြုံရေးကိစ္စရပ်များကို စနစ်တကျဝင်ရောက်ဆောင်ရွက်ခဲ့သည်။ ထိုကဲ့သို့ နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်မှုကို အကြမ်းဖက်သောင်းကျန်းသူများက ပြည်သူလူထုပိုင် နေအိမ်အဆောက်အဦများအား အကာအကွယ်ပြု၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ယနေ့မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်မှ ၂ နာရီခွဲအထိ ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ၎င်းအပြင် လွိုင်ကော်မြို့နယ် နန်းမယ်ခုံမြို့အတွင်း ခိုအောင်းရောက်ရှိလျက်ရှိသော အကြမ်းဖက် သောင်းကျန်းသူခေါင်းဆောင်များက အင်အားဖြည့် လက်နက်၊ ခဲယမ်းများကို ဖြန့်ဝေ၍ လွိုင်ကော်မြို့အတွင်းသို့ အကြမ်းဖက်သူများ ထပ်မံဖြည့်တင်းရန် နန်းမယ်ခုံမြို့အတွင်း စုဝေးလျက်ရှိပြီး အချို့အင်အားစုများမှာ လွိုင်ကော်မြို့အတွင်း အကြမ်းဖက်မှုလုပ်ငန်းများ အရှိန်မြှင့် လုပ်ဆောင်နိုင်ရန် ယာဉ်များဖြင့် ထွက်ခွာလာကြောင်း တည်ငြိမ် အေးချမ်းမှုကို လိုလားသည့် တာဝန်သိပြည်သူများက သတင်းပေးပို့လာသဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နိုင်မှု မရှိစေရေး သောင်းကျန်းသူများ၏ စစ်ကူပစ်ကူများအား တပ်မတော်က လေကြောင်းနှင့် အမြောက်တို့ဖြင့် ပိုင်းဖြတ်ပစ်ခတ်၍ ထိန်းချုပ်ဆောင်ရွက်ခဲ့သည်။

လွိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်အတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲဖြစ်ပွားသည့် နေရာပြမြေပုံ




ထိုသို့ အကြမ်းဖက်သမားများ၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထု သေကျေထိခိုက်စေရန် ရည်ရွယ် လုပ်ဆောင်နေမှုများကို တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုကိုမလိုလားသော ပြည်သူလူထုနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကလေးကို ရိုက်သည့်ကိစ္စနှင့်ပတ်သက်၍ စကားများရာက လူသတ်မှုဖြစ်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ဇန်နဝါရီ ၁၄ ရက်က ကလေးကိုရိုက်သည့် ကိစ္စနှင့်ပတ်သက်၍ စကားများရာမှ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ည ၁၁ နာရီခွဲခန့်တွင် ဒလမြို့နယ် စံပြကျေးရွာနေ ဒေါ်ခင်သီတာထွေး (၃၈)နှစ်နှင့် တစ်ရွာတည်းနေ ကျော်သူအောင်(ခ)ဘယ်ကျော်(၂၃)နှစ်၊ ဇော်ဇော်အောင်(၂၄)နှစ်တို့ ကလေးကိုရိုက်သည့် ကိစ္စနှင့်ပတ်သက်၍ စကားများကြစဉ် ကျော်သူအောင်(ခ)ဘယ်ကျော်က ဒေါ်ခင်သီတာထွေးကို အရှည် တစ် ပေခန့်ရှိ ဓားဖြင့်ထိုးခဲ့ရာ ဒေါ်ခင်သီတာထွေးတွင် လည်ပင်း၊ ရင်ညွန့်၊ ဝမ်းဗိုက်၊ ခြေထောက်ထိုးသွင်းပြတ်ရှဒဏ်ရာများရရှိ သေဆုံးသွားသောကြောင့် ကျော်သူအောင် (ခ)ဘယ်ကျော်နှင့် ဇော်ဇော်အောင်တို့အား ပျော်ဘွယ်ကြီးနယ်မြေရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၁၁၄ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## မိုးကုတ်မြို့နယ်၌ ကျောက်တွင်းဟောင်းပြိုကျ နှစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်၌ ဇန်နဝါရီ ၁၅ ရက်က ကျောက်တွင်းဟောင်း ပြိုကျမှုကြောင့် အမျိုးသား နှစ်ဦး သေဆုံးပြီး အမျိုးသား တစ်ဦး ဒဏ်ရာရရှိသည်။

ဖြစ်စဉ်မှာ နံနက် ၄ နာရီတွင် မိုးကုတ်မြို့နယ် ဘောလုံးကြီးကျေးရွာအဝင် "ဒွေးပိုင်" ကုမ္ပဏီ ကျောက်မျက်တူးဖော်ရေး လုပ်ကွက်ဟောင်းရှိ ကျောက်တွင်းဟောင်း၌ မိုးကုတ်မြို့ ရန်ကင်းရပ်ကွက်နေ သိန်းဌေး(၃၈)နှစ်၊ ညောင်ပင်ကြီး ရပ်ကွက်နေ ဇင်မျိုးသူ (၂၆)နှစ်နှင့် ပန်းမပတ္တမြား သျှိုရပ်ကွက်နေ သိန်းလှိုင်(၃၃)နှစ်တို့ ကျောက်ရှာဖွေနေစဉ် မျက်နှာကြက်ပေါ်မှ ကျောက်တုံးများ ပြိုကျခဲ့သဖြင့် သိန်းဌေးနှင့် ဇင်မျိုးသူတို့ ဒဏ်ရာများရရှိကာသေဆုံးသွားခဲ့ပြီး သိန်းလှိုင်မှာ ဒဏ်ရများ ရရှိခဲ့သောကြောင့် သိန်းဌေးနှင့် ဇင်မျိုးသူတို့ နှစ်ဦး သေဆုံးမှုနှင့် ပတ်သက်၍ ကျပ်ပြင်နယ်မြေရဲစခန်း၌ သေမှုသေခင်းရေးဖွင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# တရားမဝင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဖမ်းဆီးရမိ



**နေပြည်တော် ဇန်နဝါရီ ၁၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှဦးဆောင်၍ ညောင်ခါးရှည်နှင့် ဒိုက်ဦးအကြား ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ရာ လမ်းမိုင်တိုင် (၁၉/၆)မိုင်ခန့်တွင် (Toyota Hiace) ခရီးသည်တင်ယာဉ်နှစ်စီးပေါ်မှ စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော FUFENG အမှတ်တံဆိပ် အချိုမှုန့် ၂၅ ကီလိုဂရမ်အထုပ် ၃၀(ယာပုံ)၊ LIPO Vitan–D ၇၅ ဖာ၊ Lactasoy ဖာ ၈၀ နှင့် Sue Sat အမှတ်တံဆိပ် ဆပ်ပြာမှုန့် ၂၉ ဖာ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၈၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ဒလ-ရန်ကုန်(ဝါးတန်း)ကားကူးဇက်ဖြင့် နေ့စဉ်ကားစီးရေ ၃၅၀ ကျော် ပို့ဆောင်ပေးလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၆**

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ဒလ-ရန်ကုန် (ဝါးတန်း) ကားကူးဇက်ဖြင့် နေ့စဉ် ကားစီးရေ ၃၅၀ကျော် ဖြတ်သန်းပို့ဆောင်ပေးလျက်ရှိကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ သိရသည်။



ဒလ–ရန်ကုန် (ဝါးတန်း) ကားကူးဇက် ပြေးဆွဲနေစဉ်။ ဓာတ်ပုံ– တင်စိုး

"ကိုဗစ်–၁၉ ရောဂါကာလ ထက်စာရင် ကားသွားလာမှုများလာကြတယ်။ ကားများ နှောင့်နှေးကြန့်ကြာမှုနည်းပါးစေဖို့ အကူရေယာဉ် တစ်စင်းနဲ့လည်း ပြေးဆွဲပေးနေပါတယ်။ ကားသေးဆို အစီးရေ ၃၀ ကျော် ဆံ့တယ်။ ကားကြီးဆို ၂၀ လောက်ပဲဆံ့တယ်။ လှိုင်သာယာ ဘက်ကသွားရင် တစ်နာရီကျော် ကြာပါတယ်။ လမ်းပန်းဆက်သွယ်ရေး ချောမွေ့လာတော့ ကားများရင်များသလို ဆွဲပေးပါတယ်"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အကြီးတန်းစာရေး ဦးကျော်နိုင်ဦးက ပြောသည်။

"ကျွန်တော်တို့ လူမှုရေးကိစ္စနဲ့ ဖျာပုံကိုသွားမှာပါ။ လှိုင်သာယာ ဘက်ကသွားရင် သုံးနာရီကျော် ကြာပါတယ်။ ဒလကို ကားကူးဇက်နဲ့ဖြတ်သွားတော့ မိနစ်၂၀လောက်ပဲ ကြာတယ်။ ဖျာပုံကို နှစ်နာရီကျော်လောက်ပဲ မောင်းရမှာပါ" ဟု ရန်ကင်းမြို့နယ်မှ ဦးမောင်မောင်ဦးက ပြောသည်။

အဆိုပါ ကားကူးဇက်သည် ဒလဆိပ်ကမ်းမှ နံနက် ၆ နာရီမှ ညနေ ၆ နာရီ ၄၅ မိနစ်အထိ (နောက်ဆုံးခေါက်)၊ ရန်ကုန် (ဝါးတန်း)ဆိပ်ကမ်းမှ နံနက် ၇ နာရီမှ ညနေ ၆ နာရီ ၄၅ မိနစ်အထိ (နောက်ဆုံးခေါက်)ရောက်ထွက်စနစ်ဖြင့် ခေါက်ရေနှင့်အချိန်များ ပိုမိုတိုးချဲ့ပြေးဆွဲပေးနေကြောင်း၊ ယာဉ်အမျိုးအစားအလိုက် ငွေကျပ် ၁၀၀၀ မှ ၆၀၀၀ အထိ လည်းကောင်း၊ စက်ဘီးငွေကျပ် ၁၀၀၊ ဆိုက်ကားငွေကျပ်၂၀၀၊ ဆိုင်ကယ်ငွေကျပ် ၅၀၀ နှုန်းများ သတ်မှတ်ထားကြောင်းသိရသည်။ စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ ဝင်ထွက်သွားလာရာတွင် ဒလမြို့နယ် ဒေသခံအပါအဝင် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ အနယ်နယ်အရပ်ရပ် ပြည်သူများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စများ ဆောင်ရွက်ရန်အတွက် ကားကူးဇက်ဖြင့် နေ့စဉ် သွားလာလျက်ရှိကြောင်း သိရသည်။

**အာကာစိုး**

# ကျောက်တံခါးမြို့၌ ယာဉ်တိုက်မှုဖြစ်ပွား အမျိုးသမီးတစ်ဦးသေဆုံး၊ နှစ်ဦးပြင်းထန်ဒဏ်ရာရရှိ

**ကျောက်တံခါး ဇန်နဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် ရင်းတိုက်ကုန်းကျေးရွာအုပ်စု ကျွန်းကုန်းကျေးရွာအနီး ရန်ကုန်–မန္တလေး(ကားလမ်းဟောင်း) မိုင်တိုင်အမှတ် ၁၀၃/၃ နှင့် ၄ အကြားတွင် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်ပွားရာ အမျိုးသမီးတစ်ဦးနေရာတွင် သေဆုံးပြီး နှစ်ဦးပြင်းထန်ဒဏ်ရာများ ရရှိခဲ့သည်။

ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ တာဝန်မှူးဒုရဲအုပ်ကျော်ခိုင်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်အရပ်သို့ ရောက်ရှိစစ်ဆေးရာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ သက်ရှည်(၃၈နှစ်) သူဌေးကုန်းကျေးရွာ ကျောက်တံခါးမြို့နေသူ မောင်းနှင်လာသော MDY–7M/-----နံပါတ်ပါ FORLAND ခြောက်ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ မစောနန်းဝေ (၃၆နှစ်) သူဌေးကုန်းကျေးရွာနေသူမောင်းနှင်ပြီး နောက်တွင် မနွယ်နီ (၂၉နှစ် ) ကျွဲတဲရပ်ကွက် ရွှေကျင်မြို့နေသူနှင့် မောင်ထက်အာကာဝင်း(၈)နှစ် ခင်တိုကျေးရွာနေသူ လိုက်ပါလာသော နံပါတ်မပါ DAYANG –110 ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိရာ မစောနန်းဝေသည် ကိုယ်ဝန်ခုနစ်လခန့်ရှိပြီး ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးကာ မနွယ်နီနှင့် မောင်ထက်အာကာဝင်း (အတွင်းလူနာ/စိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လူများအား ထိခိုက်ဒဏ်ရာရရှိ၍ သေဆုံးအောင် မောင်းနှင်သူ သက်ရှည်အား ကျောက်တံခါးမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ကျောက်ဆည်မြို့နယ်၌ ငွေကျပ် ၁၉ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်းများ) ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၆

**မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ငွေကျပ် ၁၉ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်းများ) ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။**



စိုးမြင့်၊ ထွန်းလင်း၊ ရှိုင်းကိုကိုနှင့် ဝမ်လောက်စီ(ခ)ကွယ်ရုံ(ခ) တာကော တို့ကို သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း) များနှင့်အတူ တွေ့ရစဉ်။

**မူးယစ်ဆေးဝါးများသယ်ဆောင်**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရန်ကုန်–မန္တလေးသွားကားလမ်း ဇလဲကျေးရွာအနီးတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်လာကြောင်း သတင်းရရှိထားသူ စိုးမြင့်နှင့် ထွန်းလင်းတို့ကို DONG FENG ၂၂ ဘီး တွဲကား မော်တော်ယာဉ်နှင့် လည်းကောင်း၊ ပူးပေါင်းပါဝင်သည့် ရှိုင်းကိုကိုနှင့် ဝမ်လောက်စီ(ခ) ကွယ်ရုံ(ခ) တာကောတို့ကို ဆိုင်ကယ်ဖြင့် လည်းကောင်း အတူတွေ့ရှိရသဖြင့် စစ်ဆေးရှာဖွေရာ တွဲကားယာဉ်ပေါ်တွင် ဒေသကာလတန်ဖိုး ငွေကျပ် ၁၉ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၉၉၀ ကီလိုနှင့် မြန်မာငွေကျပ် ၂၂ သိန်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

**ဆက်လက်စစ်ဆေးဖော်ထုတ်**

စစ်ဆေး ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း) များကို ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့လေးဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း နှစ်ရှည်သီးနှံပင်ဖြစ်သည့် ပိုးစာပင် စိုက်ဧက ၁၅၃ ဒသမ ၅ ဧက စိုက်ပျိုးထားရှိ

**ပြင်ဦးလွင် ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီးအတွင်းတွင် နှစ်ရှည်သီးနှံပင်ဖြစ်သည့် ပိုးစာပင်စိုက်ဧက ၁၅၃ ဒသမ ၅ ဧက စိုက်ပျိုးထားရှိကြောင်း ပြင်ဦးလွင်မြို့ ပိုးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဗဟိုဌာန၏ တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးဝင်းက ပြောကြားသည်။

တိုင်းဒေသကြီးအတွင်း ပိုးချည်ဌာန၏ ဌာနပိုင်ခြံ ငါးခြံရှိကြောင်း၊ အဆိုပါခြံများသည် ပိုးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဗဟိုဌာန၊ ပိုးအိမ်ထုတ်ပိုးစာခြံ၊ ပိုးချည်စက်ရုံနှင့် ပိုးစာသုတေသနခြံ၊ ဒိုးကွင်ပိုးစာခြံနှင့် ထုံးဘိုပိုးစာခြံတို့ဖြစ်ပြီး၊ ပုဂ္ဂလိကအနေဖြင့် ကောင်းမြန်မာအောင်ကုမ္ပဏီမှလည်း စိုက်ပျိုးထားပြီး တိုင်းဒေသကြီးအတွင်း စုစုပေါင်း ပိုးစာပင်စိုက်ဧက ၁၅၃ဒသမ ၅ ဧက စိုက်ပျိုးထားရှိကာ ယင်းခြံများမှ ပိုးဥကတ်ကို ၁၁၅ ကတ်မွေးပြီး ပိုးအိမ်ပေါင် ၆၀၀၀ ကျော်ကို နှစ်စဉ်ထုတ်ပေးနိုင်ကြောင်း သိရသည်။

"ပိုးစာပင်က နှစ်ရှည်ပင်ဖြစ်ပါတယ်။ မိုးတွင်း



ကာလ မေလနဲ့ ဇွန်လမှာ အပြီးစိုက်ပျိုးလေ့ရှိပါတယ်။ ပိုးစာက တစ်ခါစိုက်ပြီးရင် နှစ် ၂၀ လောက်အထိ သုံးလို့ရတဲ့ နှစ်ရှည်ပင်ဖြစ်ပါတယ်။ အဝတ်အထည်ရက်လုပ်တဲ့နေရာမှာ အသုံးပြုတဲ့ ပိုးချည်ရရှိဖို့ ရည်ရွယ်ပြီး ပိုးမွေးမြူဖို့အတွက် ပိုးကောင်လေးတွေရဲ့အစာအဖြစ်ပိုးစာပင်ကို စိုက်ပျိုးကြတာဖြစ်သလို အခုနောက်ပိုင်းမှာ ပိုးစာပင်က ပိုးမွေးဖို့တစ်ခုတည်း မဟုတ်ဘဲ လူတွေရဲ့ကျန်းမာရေးကိုအထောက်အကူပြုတဲ့အတွက် ပိုးစာသီးကို ဒီအတိုင်းစားကြသလို ပိုးစာသီးဝိုင်၊ ပိုးစာသီးယို၊ ပိုးစာရွက်လက်ဖက်ခြောက်တို့ကိုလည်း ပြုလုပ်လာကြပါတယ်။ ပိုးမွေးပြီးရှိလာတဲ့ပိုးအိမ်များမှာ ကော်လာဂျင်များစွာပါဝင်တဲ့အတွက်လည်း အလှကုန်ပစ္စည်းများ၊ ဆပ်ပြာများ ခေါင်းလျှော်ရည်များထုတ်လုပ်ကြပါတယ်။ ပိုးစာပင်ကို စိုက်စနစ်အမျိုးမျိုးနဲ့ စိုက်ပျိုးလို့ရပါတယ်။ ဌာနပိုင်ခြံအနေနဲ့ များသောအားဖြင့်( ၅ ပေx ၂ ပေ) (၆ပေx၂ပေ) စိုက်စနစ်တွေနဲ့ စိုက်ကြတယ်။ ခုနောက်ပိုင်းမှာ တောင်သူတွေက တစ်ဧကရဲ့အထွက်နှုန်းကို တိုးတက်ချင်တာကြောင့် တစ်ဧက အပင်ရေများများ ဝင်ဆံ့တဲ့ (၃ ပေ x ၁ ပေ) စိုက်စနစ်တွေနဲ့လည်း စိုက်ပျိုးလာကြပါတယ်"ဟု ၎င်းက ရှင်းပြသည်။

ပိုးစာပင်မျိုး အမျိုးအစားများစွာရှိပြီး လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၌ ပိုးစာပင်မျိုး ၁၄ မျိုးကို ထိန်းသိမ်းထားရှိရာ ယခုနောက်ပိုင်းတွင် တရုတ်နိုင်ငံမှ တင်သွင်းလာသည့် စပ်မျိုးများကိုလည်း စိုက်ပျိုးလာကြကြောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင် ပိုးစာပင်စိုက်ပျိုးဧက ၅၆၀၀ ကျော်ရှိပြီး၊ ပိုးဥကတ် ၁၅၀၀၀ ကျော် မွေးမြူကြကာ ပိုးအိမ်ပေါင် ခုနစ်သိန်းခွဲ နီးပါးထွက်ရှိကြောင်း၊ ပိုးချည်အနေဖြင့် ဌာနပိုင် ပိုးချည်စက်ရုံနှစ်ရုံမှ တစ်နှစ်ကို ပိုးချည် ပေါင် ၆၀၀ ကျော်ထွက်ရှိပြီး၊ တောင်သူများမှ ထုတ်လုပ်သည့် ပိုးအိမ်များကိုတော့ ပြည်ပသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**



# ကျောက်ပန်းတောင်းမြို့နယ် ဆောင်းကြက်သွန်စိုက်တောင်သူများ ကြက်သွန်ပြန်လည်စိုက်ပျိုးချိန်အထိ ဈေးနှုန်းကျဆင်းမှုဖြင့် တွေ့ကြုံနေ

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဆောင်းကြက်သွန်စိုက်ပျိုး တောင်သူများအနေဖြင့် ဆောင်းကြက်သွန်နီ ပြန်လည်စိုက်ပျိုးချိန်အထိ ဈေးနှုန်းကျဆင်းနေခြင်းကြောင့် တောင်သူများလက်ထဲမှ ကြက်သွန်များ အချိန်မလွန်ခင်ရသည့် ဈေးနှုန်းဖြင့် ရောင်းချရနိုင်ကြောင်း ကျောက်ပန်းတောင်းမြို့ ဦးစိန်ပွဲရုံမှ ဦးထွန်းရှိန်က ပြောကြားသည်။

ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင် ကျေးရွာများသည် ဆောင်းကြက်သွန်နီခေါ် လှောင်ကြက်သွန်များကို အမြောက်အမြား စိုက်ပျိုးကြသည့် ကျေးရွာများဖြစ်ကာ ယခုနှစ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် သာရေး/နာရေးပွဲများနှင့် ပြည်ပထွက်ပေါက်မရှိခြင်းများက ကြက်သွန်စိုက်တောင်သူများကို အထိနာစေခဲ့ကြောင်း ကြက်သွန်စိုက်တောင်သူများက ရှင်းပြသည်။ ဆောင်းကြက်သွန်တစ်သီး စိုက်ပျိုးချိန် ကြက်သွန်စင်ပေါ် ရောက်သည်အထိ အချိန်နှစ်ပတ်လည် ကြာမြင့်ကြောင်း၊ ကြက်သွန်ပျိုးထောင်ခြင်းများကို သီတင်းကျွတ်၊ တန်ဆောင်မုန်းလတို့တွင် စတင်ပျိုးထောင်ကြပြီး ကြက်သွန်ပျိုးသက် ၄၅ ရက်တွင် စိုက်မည့်အခင်းထဲ ရွှေ့ပြောင်းစိုက်ပျိုးကြကာ ချောင်းကြက်သွန်ခင်းများ နံနက်/ည ရေနှစ်ကြိမ်ဖျန်းလောင်းရပြီး ကုန်းကြက်သွန်စိုက်ပျိုးသူများ မြောင်းဖြင့်ရေသွင်းစိုက်ပျိုးပါက ငါးရက်တစ်ကြိမ်ရေသွင်းကြောင်း၊ ရေဖျန်းပါက နှစ်ရက်တစ်ကြိမ်ဖျန်းပေးရကြောင်း သိရသည်။ ကြက်သွန်စိုက်ပျိုးချိန် စရိတ်စက အလွန်ကြီးမြင့်ကာ နွားတစ်ရှဉ်းထွန်ယက် တစ်မနက် ငွေကျပ်တစ်သောင်း၊ ထွန်စက်ထွန်ခ တစ်နာရီငွေကျပ် နှစ်သောင်းနှစ်ထောင်၊ ကြက်သွန်စိုက်သမ တစ်ဦး တစ်နာရီ ငွေကျပ် တစ်ထောင်(မိမိစိုက်နိုင်သလောက် နာရီဖြင့်တွက်ပေး)၊ လုပ်သား တစ်ဦး ငွေကျပ်ရှစ်ထောင်၊ မြေဆီ နွားချေး ထော်လာဂျီတစ်စီး ငွေကျပ် သုံးသောင်းငါးထောင်၊ ကြက်သွန်မျိုးစေ့တစ်ပြည် ငွေကျပ် လေးသောင်း၊ ငုံးချေး၊ ကြက်ချေး မြေဆီတစ်တင်းခွဲဆံ့ တစ်အိတ် ငွေကျပ်လေးထောင်၊ နှမ်းဖတ် အမှုန့်ကြဲပက်ခြင်း၊ စက်ဆီဖိုး၊ ရွက်ဖျန်းဆေး၊ ကြက်သွန်နုတ်သိမ်းချိန် နုတ်ခ၊ သယ်ယူခနှင့် လုပ်အားခပေါင်းပါက ကြက်သွန် တစ်ဧကစိုက်ပျိုးစရိတ် လှောင်စင်ပေါ်ရောက်သည်အထိ ငွေကျပ် သိန်း ၂၀ ခန့် ကုန်ကျစရိတ်ရှိကြောင်း လဲဝွကျေးရွာ ကြက်သွန်စိုက်တောင်သူ ဦးတင်ထွန်းအောင်က ရှင်းပြသည်။

ကျောက်ပန်းတောင်းမြို့နယ် ကြက်သွန်စိုက်ပျိုးတောင်သူများသည် ယခုနှစ်တွင် ကြက်သွန် တစ်ပိဿာ ငွေကျပ် ၃၀၀ သာ အများဆုံးရောင်းချခဲ့ရပြီး ယခုဈေးနှုန်း ကြက်သွန်တစ်ပိဿာ ငွေကျပ် ၃၅၀မှ ၄၀၀ သာ ရောင်းချနေရခြင်းကြောင့် ကြက်သွန်စိုက်တောင်သူများ အရင်းအနှီးပင် ခက်ခဲသည့် နှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း မုန့်ကုန်းကျေးရွာ ကြက်သွန်စိုက်တောင်သူ ဦးနန်းတင်က ပြောသည်။ ဆောင်းကြက်သွန်မျိုး (ပျိုး)ထောင်ပြီးချိန်အထိ ကြက်သွန်ဈေးနှုန်း ကျဆင်းနေခြင်းကြောင့် အရှုံးများသည့် နှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း ဦးတင်ထွန်းအောင်က ပြောသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**

# ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့၌ ရွှေပဲသီးပင်ဈေးကွက် အောင်မြင်ဖြစ်ထွန်းမှုရှိနေ

**ပင်းတယ ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့၌ ရွှေပဲသီးပင်ဈေးကွက်အောင်မြင်ဖြစ်ထွန်းမှုရှိနေကြောင်း ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများထံမှ သိရသည်။

"ရွှေပဲသီးပင်ကို စီးပွားဖြစ်စတင်စိုက်ဖြစ်တာတော့ နှစ်နှစ်လောက်ရှိပါပြီ။ ရှမ်းပြည်နယ်တောင်ပိုင်းရဲ့ ရာသီဥတုနဲ့ကိုက်ညီပြီး၊ ဈေးကွက်လည်း ပုံမှန်ရှိတာကြောင့် စိုက်ပျိုးဖြစ်ခဲ့တာပါ။ ဒီပင်းတယဒေသအနီးတစ်ဝိုက်မှာတော့ ရွှေပဲသီးပင်စီးပွားဖြစ်စိုက်ပျိုးသူ များပြားတယ်။ နှစ်စဉ် စိုက်ပျိုးချိန်ရောက်တိုင်း စိုက်ပျိုးကြပါတယ်။ ဈေးကွက်က ကျွန်တော်တို့ ရှမ်းတောင်မှာဆိုရင်တော့ အောင်ပန်းက ရွှေပဲသီးပွဲရုံကို တင်ပို့ရောင်းချပါတယ်"ဟု ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့နယ်မှ ရွှေပဲသီးပင်စိုက်ပျိုးသူ ကိုသက်လင်းဦးက ပြောသည်။

**အောက်တိုဘာလတွင်စိုက်ပျိုး**

ရှမ်းပြည်နယ်တောင်ပိုင်းဒေသများတွင် ရွှေပဲသီးပင်ကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးလေ့ရှိပြီး ရက် ၆၀ ဝန်းကျင်အကြာ ဒီဇင်ဘာလ၌ အသီးခူးဆွတ်ကြသည်။

"ဒီနှစ်မှာတော့ ရွှေပဲသီးပေါ်ခါစမှာ တစ်ပိဿာကို ငွေကျပ် ၄၅၀၀ ပေါက်ဈေး ရရှိပါတယ်။ နှစ်စဉ်လေ့လာကြည့်သလောက်ဆိုရင် ရွှေပဲသီး ဝယ်ယူတဲ့ ပွဲရုံက ရွှေပဲသီးအဝင် အနည်းအများအပေါ်မူတည်ပြီး ဈေးဖြတ်ပေးတာကို တွေ့ရပါတယ်။ ရွှေပဲသီး အထွက်နှုန်းနည်းတဲ့အချိန် စိုက်ပျိုးသူနည်းပါးတဲ့ အချိန်မှာဆိုရင် ဈေးပိုရတတ်ပါတယ်။ ဈေးကွက်တင်ပို့ရာမှာတော့ အခက်အခဲအများကြီးမရှိပါဘူး။ အောင်ပန်းကို တင်ပို့တဲ့အခါ မိုးမလင်းခင်အရောက် ပို့ပေးရပါတယ်။ အောင်ပန်းမှာက မနက် ၈ နာရီ၊ ၉ နာရီဆိုရင် တချို့ဈေးကွက်တွေက မရှိတော့ဘူးဆိုတော့ အချိန်အခါကြည့်ပြီးတော့ မနက်ပိုင်းစောစော တင်ပို့ပေးရပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

**တစ်ဧကစိုက်စရိတ်**

မျိုးဖိုး၊ တိုင်ဖိုး၊ ပိုက်ဖိုး၊ ဆေးဖိုး၊ စက်ထယ်ခစသည့် အထွေထွေစိုက်ပျိုးစရိတ်များကို ပျမ်းမျှတွက်ချက်ကြည့်ပါက ရွှေပဲသီးပင် တစ်ဧကစိုက်ပျိုးစရိတ် စုစုပေါင်းမှာ ငွေကျပ် ရှစ်သိန်းကျပ်မှ ၁၀ သိန်းကျပ်ဝန်းကျင် ကုန်ကျနိုင်ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

### ဖခင်အမည်မှန်

ကျုံပျော်မြို့နယ်၊ အထောင် အထက(၁) နဝမတန်းမှ မောင်ထက်မြက်အောင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းအောင် ၆/ထဝန(နိုင်)၁၃၄၄၄၂ ဖြစ်ပါကြောင်း။

ဦးမျိုးမင်းအောင်




ကလေးနာမည်ပေး ဆရာကြီး

ရာဇာဇော်ဝင်း

(LL.B.)(WIPO,DL-101Switzerland)

ကလေးနာမည်ပေးကင်ပွန်းတပ်အိမ်ရောင်းထွက်ဖို့ထီပေါက်မပေါက်

01-399426,01-394727,09-73009994,09-5152521

လူကြီးလိုရာမေးကိုယ်ဝန်ဆောင်ရက်ရွေး တိုက်အမှတ်(၉)၃ထပ်၊ဧဂုလမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့



မလိုအပ်သော

မီးများကို

ပိတ်ထားခြင်းဖြင့်

လျှပ်စစ်ကို

ချွေတာပါ။


### အများပြည်သူ သိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများက ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ မြေကွက် အမှတ် ၄၊ မြေရိယာ ဝဒသမ ဝ၅၁ ဧက အကျယ်အဝန်းရှိ နှစ်(၉၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် ၁၁၉၊ သီရိလမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့် နှစ်ခန်းတွဲ (၃)ထပ်တိုက်အဆောက်အအုံ၏ ပထမထပ်(တောင်ဘက် ခြမ်း၊ ခေါင်းရင်းခန်း)၊ (အခန်းအမှတ် -A)၊ (အလျား ၁၆ပေ Xအနံ ၅၀ ပေ) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်း အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမည်ပေါက် ပိုင်ဆိုင်သူများဖြစ်ကြသော ဦးသန့်နိုင်(ဘ)ဦးခင်မောင်ငြိမ်း ၁၂/မရက(နိုင်)ဝဝ၃၅၆၂ နှင့် မခင်မာချို(ဘ)ဦးသိန်းထွန်း ၁၂/အစန(နိုင်)ဝ၇၇၄၈၄၊ အမှတ် ၁၁၉၊ သီရိလမ်း၊ ပိန္နဲကုန်း ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နေသူများထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအား အရောင်းအဝယ် ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက အဆိုပါ တိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL) | ဒေါ်ခင်မြတ်သူ(H.G.P, LL.B, D.M.L) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅) |
| အမှတ် ၁၂၂၊ ၂လမ်း၊ အရှေ့ကြို့ကုန်း | အမှတ် ၁၂၂၊ ၂လမ်း၊ အရှေ့ကြို့ကုန်း |
| အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ဖုန်း-၀၉-၅၁၇၁၄၃၃ | ဖုန်း-၀၉-၈၆၃၅၁၂၂၊ ၀၉-၂၅၄၄၈၈၃၃၀ |

## သက်ကြီးဘိုးဘွားများအား စားသောက်ဖွယ်နှင့် အလှူငွေပေးအပ်

**မန္တလေး ဇန်နဝါရီ ၁၆**

ကြံ့တိုင်းအောင် သက်ကြီးရွယ်အိုထောက်ပံ့ရေးအသင်း၏ ပဋ္ဌမအကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက ညောင်တွဲရင်း (၃)လမ်း ကြံ့တိုင်းအောင်စာကြည့်တိုက်ရှေ့၌ ပြုလုပ်သည်။

ရှေးဦးစွာအသင်းဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ပဋ္ဌမအကြိမ် သက်ကြီးရွယ်အို ကူညီထောက်ပံ့ပြုလုပ်ရခြင်း ရှင်းလင်းတင်ပြပြီး အဘိုး၊ အဘွား ၁၁၆ ဦးတို့အား ကန်တော့ကြရာ အသက်(၁၀၂)နှစ်ရှိ ဒေါ်ညိမ်၊ အဘိုးများကိုယ်စား ဦးကျော်ငြိမ်းတို့က ဆုံးမမေတ္တာစကား ချီးမြှင့်သည်။

ထို့နောက် အဘိုး၊ အဘွားတစ်ဦးအား အသင်းမှ ငွေကျပ်တစ်သောင်းနှင့် အလှူရှင် ၁၀ ဦးတို့မှ ငွေ၊ ဆန်၊ ဆီ၊ သကြား၊ အမွှေးတိုင်၊ ကြက်သွန်နီ၊ ကျန်းမာရေးတိုင်းရင်းဆေးများဖြင့် ကန်တော့ကြောင်း သိရသည်။

**ထွဏ်းလှအောင်(မန္တလေး)**

## ဂီနီယာဘစ်ဆောအသင်းကို အနိုင်ရရှိခဲ့သောကြောင့် နောက်တစ်ဆင့်တက်ရေး မျှော်လင့်နိုင်ခဲ့သည့် အီဂျစ်အသင်း

အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲကို ကင်မရွန်းနိုင်ငံက လက်ခံကျင်းပလျက်ရှိရာ အုပ်စုပွဲစဉ် (၂) အဖြစ် အုပ်စု (D)မှ ဂီနီယာဘစ်ဆောအသင်းနှင့် အီဂျစ်အသင်းတို့ ပွဲစဉ်ကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အီဂျစ်အသင်းက ပွဲချိန် ၆၉ မိနစ်တွင် ရရှိခဲ့သော ဆာလာ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် ဂီနီယာဘစ်ဆောအသင်းကို အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် အီဂျစ်အသင်းသည် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ အုပ်စု (D) တွင် နှစ်ပွဲယှဉ်ပြိုင်ကစားထားပြီး တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်သုံးမှတ်ဖြင့် အုပ်စု ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

အီဂျစ် အသင်းသည် အဆိုပါအုပ်စုတွင် နိုင်ဂျီးရီးယား၊ ဂီနီယာဘစ်ဆော၊ ဆူဒန်အသင်းတို့နှင့် အတူ ကျရောက်နေပြီး နိုင်ဂျီးရီးယားအသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် ၁၆ သင်း အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် အီဂျစ်အသင်းသည် နိုင်ဂျီးရီးယား အသင်းနှင့်အတူ ၁၆ သင်းအဆင့်သို့ တက်ရောက်နိုင်ရန်အတွက် ဇန်နဝါရီ ၂၀ ရက်တွင် ဆူဒန်အသင်းနှင့်ပွဲစဉ်ကို ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ အီဂျစ်အသင်းသည် အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် နိုင်ဂျီးရီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။

ဆာလာ၊ အယ်နီနီတို့ ဦးဆောင်လာသည့် အီဂျစ်အသင်းသည် ပြိုင်ဘက် ဂီနီယာဘစ်ဆောအသင်းကို ပွဲချိန်တစ်လျှောက် ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးကန်သွင်းမှုအများအပြားပြုလုပ်နိုင်ခဲ့သည်။ ဂီနီယာဘစ်ဆောအသင်းက အီဂျစ်အသင်းထက် ဂိုးကန်သွင်းမှု အနည်းငယ်သာ ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးပေါက်တည့်မတ်မှု သုံးကြိမ်အထိရှိခဲ့သည်။ သို့သော်လည်း အီဂျစ်ဂိုးသမား ရှီနာဝီ လက်စွမ်းပြကာကွယ်ထားနိုင်မှုကြောင့် လိုအပ်နေသည့် ချေပဂိုးနှင့် ဝေးကွာခဲ့ရပြီး ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ဂီနီယာဘစ်ဆောအသင်းသည် အုပ်စုနှစ်ပွဲကစားပြီးချိန်တွင် နိုင်ပွဲမရသေးဘဲ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ်တစ်မှတ်ဖြင့် အုပ်စုတတိယနေရာတွင် ရပ်တည်နေသည်။ ဂီနီယာဘစ်ဆော အသင်းသည် ဇန်နဝါရီ ၂၀ ရက်တွင် ယှဉ်ပြိုင်ကစားမည့် အုပ်စုနောက်ဆုံးပွဲစဉ်တွင် ပြိုင်ဘက် နိုင်ဂျီးရီးယားအသင်းကို အနိုင်ရရှိခဲ့ပါက နောက်တစ်ဆင့် တက်ရောက်ရန် မျှော်လင့်ချက် ရှိနေသေးသည်။

**အောင်ဇော်**

### ပြန်ကြားရေးဝန်ကြီးဌာန
### ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
### စက်ပစ္စည်းအဟောင်း(၂၁)မျိုးကိုရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ နှစ်ကာလကြာမြင့်ပြီး ဟောင်းနွမ်းနေသည့် စက်ပစ္စည်း(၂၁)မျိုး၊ အရေအတွက် (၄၉၂) လုံးကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၇-၁-၂၀၂၂ရက်မှ ၁၆-၂-၂၀၂၂ရက်အထိ ရုံးဖွင့်ချိန် ၀၉:၃၀နာရီမှ ၁၆:၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် တင်ဒါပုံစံများကို တစ်စောင်လျှင် ငွေကျပ်(၂၀၀၀/-) နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၆-၂-၂၀၂၂ရက် ၀၉:၃၀နာရီမှ ၁၆:၃၀နာရီအတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလ ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၆၂၄၊ ၀၆၇-၃၄၁၂၂၀၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ | တင်ဒါတင်သွင်းရန်လိပ်စာ |
|---|---|
| ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | ပြည်တွင်း/ပြည်ပ<br>ပစ္စည်းများဝယ်ယူရေးနှင့်<br>ထုခွဲရောင်းချရေးကော်မတီ<br>ပြန်ကြားရေးဝန်ကြီးဌာန |
| - ရုံးအမှတ်(၇)၊ နေပြည်တော်<br>ဖုန်း-၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၆၂၄၊ ၀၆၇-၃၄၁၂၂၀၉ | -ရုံးအမှတ်(၇)၊ နေပြည်တော်<br>ဖုန်း-၀၆၇-၃၄၁၂၃၉၀ |

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
### တိုင်းဒေသကြီး/ ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ကျောင်းနှင့်ဌာနများတွင် လစ်လပ်လျက်ရှိသော အမှုထမ်းရာထူးနေရာများအတွက်
### လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်းနှင့် ဌာနများအတွက် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံပြီး လျှောက်ထားလိုသူများသည် လျှောက်လွှာများကို နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းများတွင် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး၊ လစာနှုန်း | ပညာအရည်အချင်း | ခန့်အပ်မည့်ဦးရေ |
|---|---|---|---|
| (က) | စက်မှုကျွမ်းကျင်(၅)<br>(၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | GTHS(BT, EcT, ET, AMT, MT, MPT, IT, RACT) သင်တန်းဆင်း/ ITC လက်မှတ်ရရှိသူ | (၁၀၀ )ဦး |

၂။ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသူများအား အလုပ်လျှောက်လွှာခေါ်ယူသွားမည်ဖြစ်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) (၃၁-၁-၂၀၂၂)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)ထက် မကျော်သူဖြစ်ရမည်။

( ဂ ) လုပ်ငန်းလိုအပ်ချက်အရ တိုင်းရင်းသားဒေသခံများကို ဦးစားပေးရွေးချယ်ခန့်ထားမည်။

(ဃ) ဝန်ထမ်းအဖြစ်ခန့်ထားခြင်းခံရပါက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနတွင် တစ်ဆက်တည်း လုပ်သက်အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

( င ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

( စ ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

(ဆ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)နှင့် နီးစပ်ရာ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့်ဌာနများတွင် ထုတ်ယူ၍ လျှောက်လွှာများကို (၁၅-၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထားပြီး အောက်ဖော်ပြပါ စာရွက်စာတမ်းများပူးတွဲလျက် နီးစပ်ရာကျောင်းများသို့ တိုက်ရိုက်တင်သွင်းလျှောက်ထားရမည်-

(က) GTHS(BT, EcT, ET, AMT, MT, MPT, IT, RACT)သင်တန်းဆင်းလက်မှတ်နှင့် ဒုတိယနှစ် အမှတ်စာရင်းမိတ္တူ / ITC သင်တန်းဆင်းလက်မှတ်နှင့် အမှတ်စာရင်း မိတ္တူ။

( ခ ) (၆)လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊ အသက်အထောက်အထားအတွက် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။

( ဂ ) (၁)နှစ်အတွင်း ပြုလုပ်ထားသော သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်မိတ္တူ။

(ဃ) (၁)လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ မူရင်း။

( င ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း။

( စ ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်မူရင်း။

၄။ အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသည့် လျှောက်ထားလာသူ GTHS (BT, EcT, ET, AMT, MT, MPT, IT, RACT)သင်တန်းဆင်းများ/ ITC လက်မှတ်ရရှိသူများအား မိမိလျှောက်လွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် လူတွေ့စစ်ဆေးမှု ပြုလုပ်မည်ဖြစ်ပါသည်။

၅။ လူတွေ့စစ်ဆေးချိန်တွင် (GTHS သင်တန်းဆင်းလက်မှတ်၊ ဒုတိယနှစ် အမှတ်စာရင်း၊ ITC သင်တန်းဆင်းလက်မှတ်၊ အမှတ်စာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အလုပ်သမားမှတ်ပုံတင်)မူရင်းများ တင်ပြနိုင်ရမည်။

၆။ လူတွေ့အောင်မြင်သူစာရင်းနှင့် ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရသူများစာရင်းအား နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများတွင် ကြေညာသွားမည် ဖြစ်ပါသည်။

၇။ လျှောက်လွှာနှင့်စပ်လျဉ်း၍ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို (လုံးဝ)လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ လူတွေ့ဖြေဆိုခွင့် ကတ်ပြားများကို (၁၆-၂-၂၀၂၂) ရက်နေ့နှင့် (၁၇-၂-၂၀၂၂) ရက်နေ့များတွင် မိမိတို့ လျှောက်ထားခဲ့သည့် ကျောင်းနှင့် ဌာနများ၌ ရုံးချိန်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်အတူ ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

၉။ လူတွေ့စစ်ဆေးခြင်းကို (၁၉-၂-၂၀၂၂)ရက်နေ့၊ နံနက်(၉:၀၀)နာရီအချိန်တွင် ကျင်းပဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၀။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မိမိလျှောက်ထားသည့် သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
### မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲ (၂၀၂၂)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းကျင်းပပြုလုပ်သော မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲ (၂၀၂၂)ကို **တို့တွေအနာဂတ်ကောင်းမွန်ဖို့ မွေးမြူထုတ်လုပ်ကြပါစို့ ''Livestock Production for Better Future''** ဆောင်ပုဒ်နှင့်အညီ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ပုဗ္ဗသီရိမြို့နယ်၊ ကိုးရွာသပြေကုန်းရွာအနီး စက်စက်ယိုကွင်း၌ ၂၉-၁-၂၀၂၂ရက် (စနေနေ့)နှင့် ၃၀-၁-၂၀၂၂ရက် (တနင်္ဂနွေနေ့)များတွင် ကိုဗစ်-၁၉ စည်းကမ်းချက်၊ ညွှန်ကြားချက်များအတိုင်း လိုက်နာ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ စိတ်ပါဝင်စား သူများအနေဖြင့် (https://www.moali.gov.mm နှင့် https://www.lbvd.gov.mm) တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်သည့်အပြင် အောက်ဖော်ပြပါပုဂ္ဂိုလ်များနှင့် နီးစပ်ရာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | |
|---|---|
| ဒေါက်တာ သန်းနိုင်ထွန်း | ဖုန်း-၀၉-၄၃၀၃၈၁၂၃၊ ၀၆၇-၄၀၈၄၆၅ |
| ဒေါက်တာ ကျော်သူ | ဖုန်း-၀၉-၄၂၈၇၀၀၃၃၇၊ ၀၆၇-၃၄၁၈၃၅၆ |
| ဒေါက်တာ မြင့်သိန်းဝင်း | ဖုန်း-၀၉-၄၀၀၅၀၉၂၅၉၊ ၀၆၇-၃၄၀၈၄၆၄ |
| ဦးသောင်းသိန်းမြတ် | ဖုန်း-၀၉-၄၃၀၃၈၂၅၅၊ ၀၆၇-၃၄၀၈၄၇၈ |

ပြပွဲ၊ ပြိုင်ပွဲကျင်းပပြုလုပ်ရေးလုပ်ငန်းကော်မတီ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

### ကျန်းမာရေးဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### ဆေးရုံအုပ်ကြီးရုံး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့တွင် တက်ရောက်ကုသမှုခံယူသည့် လူနာများအတွက် (FDA အသိအမှတ်ပြု) ဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ၊ ဆေးရုံသုံးပစ္စည်းများ(Consumables)များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **လျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၁၇-၁-၂၀၂၂ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၁-၁-၂၀၂၂ရက်၊ ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကိုသိရှိလိုပါက ရုံးချိန်အတွင်း ပြည်နယ်ပြည်သူ့ဆေးရုံကြီး ဘားအံမြို့ ဖုန်း-၀၅၈-၂၁၂၅၁ တွင် စုံစမ်းနိုင်ပါသည်။

**ဆေးနှင့်ဆေးပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

### အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်အုံး ၁၂/စခန(နိုင်)၀၁၈၄၉၃ ၏ ပြောဆိုလွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊သာစုအနောက်ရပ်ကွက်၊ စလင်းလမ်း၊ တိုက်အမှတ်(၄၈)၊ အခန်းအမှတ်(အေ-၃)၊ (၃)လွှာ၊အကျယ်အဝန်း(အလျား၁၅ပေXအနံ ၅၀ပေ)ရှိ တိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်အုံးမှ တရားဝင်ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ဒေါ်တင်အုံးက မည်သူတစ်ဦးတစ်ယောက်ထံမှ ရောင်းချရန်အတွက် စရန်ငွေရယူထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းများ လုံးဝမပြုလုပ်ထားကြောင်း အသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်အုံးပိုင်ဆိုင်သော အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်တင်အုံးသိရှိသဘောတူခြင်းမရှိဘဲ မည်သူ တစ်ဦးတစ်ယောက်ကမျှ ရောင်းချရန်အတွက် စရန်ငွေရယူခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်းများ လုံးဝမပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ပြောဆိုလွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်ချယ်ရီအောင်
LL.B, D.B.L, D.I.L, D.M.L, DL(101)IP, W.I.P.O(SWITZERLAND)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၀၁)
အမှတ်(၈)၊ (၅)လွှာ၊ နေသိဒ္ဓိလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၄၆၆၅၀၊ ၀၉-၂၆၄၁၂၆၉၀၀

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ရွာမရပ်ကွက်၊ ကွင်းအမှတ် ၅၂၇/အေ၊ ဦးပိုင်အမှတ်(၄၄)၊ နှစ်ကာလကြာရှည်စွာ လက်ရှိလက်ဝယ်စဉ်ဆက်မပြတ် ပိုင်ဆိုင်လုပ်ကိုင်လာခဲ့ပြီး ခြံစည်းရိုးကျောက်တိုင်ကာရံထားသည့် မြေနေရာအတွင်းရှိ ဧရိယာ ၃ ဒသမ ၃ ဧကရှိသည့် လယ်မြေအမျိုးအစား မြေကွက်အား အဆက်အစပ်စာချုပ်စာတမ်းများဖြင့် စဉ်ဆက်မပြတ်လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးစိန်လှဝင်း ၉/မမန(နိုင်)၀၁၀၂၄၇ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန်းသန်း
B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၂)
အမှတ် ၄၀၈၊ ဗညားဒလလမ်း၊ ဗျိုင်းရေအိုးစင်ကွက်သစ်
တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၉၉၀၂

### ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၁၂)၊ ဖတ(၉၅)နေ ဦးထွန်းရွှေ၏သမီးဖြစ်သူ ကျွန်မ ဒေါ်ခိုင်ခိုင်မြင့် ၁၃/တကန(နိုင်)၂၉၂၅၇၅ နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ လွယ်အံအုပ်စု၊ ကြေးကုန်းရွာနေ ဦးခင်ဇော်၏သား မောင်အောင်မြတ်ဟိန်း(ခ)မင်းခေတ် ၁၃/ကလန(နိုင်)၁၂၇၄၅၆ သည် ၁၈-၂-၂၀၂၀ ရက် (အင်္ဂါနေ့)တွင် တရားဝင်ထိမ်းမြားထားသော်လည်း ယခုအခါ စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ခင်ပွန်းအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို (လုံးဝ)တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခိုင်ခိုင်မြင့်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဉက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၁၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်8L/9380 Khaing Khaing Sanda Truck L/T, Pikup (4x2)(L) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကြည် ၁၂/ဒဂတ(နိုင်)၀၃၂၈၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အထက(၃) အဌမတန်း-A မှ မမေသူအောင် ဖခင်အမည်မှန်မှာ ဦးဟံဝင်းမောင် ၇/လပတ(နိုင်)၁၂၉၁၅၄ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/4014 Suzuki Smash 110 ယာဉ် လက်ဝယ်ရှိသူ ဦးအောင်မျိုးကျော် ၇/ပခန(နိုင်) ၃၄၁၂၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၆၂ယ/၇၈၄၄၃ Honda Wave 110 ယာဉ်အမည်ပေါက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး ရွှေကျင်မြို့က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/80344 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဦး ၇/သနပ(နိုင်)၁၃၀၉၅၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂/တောင်၊ မြေကွက်အမှတ် ၇၈၁/က၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာ အမှတ် (၇၈၁/က)၊ မာန်ပြေ(၁)လမ်းအရှေ့၊ (၂/တောင်)ရပ်ကွက်၊ သာကေတမြို့နယ် ဦးစိန်သောင်း ၁၂/သကတ(နိုင်)၀၁၂၁၈၁ အမည်ပေါက်နှစ် (၆၀)ဂရန် မြေအား အမည်ပေါက်ဖြစ်သူ ဦးစိန်သောင်း(ဖခင်)နှင့် ဒေါ်သန်းသန်းအေး(ခ)ဒေါ်ကျည်းတန်(မိခင်) တို့ကွယ်လွန်သဖြင့် သမီးများဖြစ်သော ဒေါ်ခင်ပပအောင် ၁၂/သကတ(နိုင်)၁၂၂၀၀၁၊ ဒေါ်လဲ့ရည်ဝင်း ၁၂/သကတ(နိုင်)၁၅၄၀၄၀၊ ဒေါ်ဝေဖြိုးအောင် ၁၂/သကတ(နိုင်)၁၆၇၅၇၄ တို့ထံမှ GP အမှတ် ၈၄၂၅/၂၀၂၁(၂-၁၁-၂၀၂၁)ရသူ ဒေါ်သဲသဲဦး ၁၂/ဒဂတ(နိုင်) ၀၇၈၈၁၅ မှ ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်းများ၊ ဂရန်မူရင်းတို့ တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် ကန့်ကွက်ရန် ရှိပါက တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၇ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## မြေများဝယ်ယူရန်ဖိတ်ခေါ်ခြင်း

၁။ ဆေးဝါးစက်ရုံ(အင်းစိန်)တွင် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန်အတွက် ရန်ကုန်၊ မန္တလေး၊ ဧရာဝတီ၊ မကွေး၊ ပဲခူး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဖမ်းဆီးရမိသော မြွေပွေး(၆၀၀)ကောင်နှင့် မြွေဟောက် (၁၀၀)ကောင် ဝယ်ယူလိုပါသည်-

၂။ ဝယ်ယူမည့်မြွေများမှာ တစ်ကောင်လျှင် ငါးဆယ်ကျပ်သားနှင့် အထက်ရှိရမည်ဖြစ်ပြီး တန်ဖိုးမှာ (၈၀၀၀)ကျပ်နှုန်းဖြင့် စက်ရုံသို့ အရောက်ပေးပို့ရမည် ဖြစ်ပါသည်။

၃။ ရောင်းချလိုသည့် အရေအတွက်အလိုက် လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူသွားမည်။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးဝါးစက်ရုံ(အင်းစိန်)**
**ဆေးဝါးစက်ရုံလမ်း၊ ကြို့ကုန်းအနောက်ရပ်ကွက်**
**အင်းစိန်မြို့နယ်၊ ဖုန်း-၀၁-၆၄၆၂၇၃/၆၄၆၂၈၃**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးနှင့် ဆေးပစ္စည်း၊ ဓာတ်ခွဲ၊ ဓာတ်မှန်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ စည်းကမ်းအသေးစိတ်နှင့် တင်သွင်းရမည့် ဆေးဝါးစာရင်းကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| ၃။ | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - ၁၀-၁-၂၀၂၂ (တနင်္လာနေ့) |
| | တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် | - ၄-၂-၂၀၂၂ (သောကြာနေ့) ညနေ(၄:၀၀)နာရီ |
| ၄။ | အိတ်ဖွင့်တင်ဒါပြုလုပ်မည့်ရက် | - ၈-၂-၂၀၂၂ (အင်္ဂါနေ့) နံနက် (၁၀:၀၀)နာရီ |

**(တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ)**
**အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး**
**စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၆၄၅၇၅၆၊ ၀၁-၆၄၅၇၅၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီးများနှင့် ဆေးခန်းများတွင် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများကို အလုပ်သမားဆေးရုံကြီးများတွင် ဆေးဆိုင်ဖွင့်လှစ်၍လည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးသိုလှောင်ရေးဌာန၊ အလုပ်သမားဆေးရုံကြီးများနှင့် လူမှုဖူလုံရေးဆေးခန်းများနှင့် စာချုပ်ချုပ်ဆိုထားသော ဆေးရုံ၊ ဆေးခန်းများသို့ အရောက်ပေးပို့၍လည်းကောင်း တာဝန်ယူရောင်းချပေးခြင်းလုပ်ငန်းကို လုပ်ဆောင်နိုင်သော ဆေးကုမ္ပဏီများအား အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများအနေဖြင့် တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန်ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၁၉-၁-၂၀၂၂ရက်မှ ၁-၂-၂၀၂၂ရက်ထိ |
| (ခ) | **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်နေ့ရက်၊ အချိန်** | - ၁၈-၂-၂၀၂၂ရက်၊ ၁၆:၃၀နာရီ |
| (ဂ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - လူမှုဖူလုံရေးရုံးချုပ်၊ အမှတ်-၃/၇၇၊ ရွှေတောင်သီရိလမ်း၊ ဇဝနသီဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် |

၂။ တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၅၀,၀၀၀/- (ကျပ်ငါးသောင်းတိတိ)နှုန်းဖြင့် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး တင်ဒါအဆိုပြုလွှာများကိုတင်သွင်းရာတွင် သတ်မှတ်ချိန်ထက် နောက်ကျတင်သွင်းခြင်း၊ ချိပ်ပိတ်စာအိတ်များ ပေါက်ပြဲ/စုတ်ပြဲနေခြင်းနှင့် e-mail ဖြင့် လျှောက်လွှာတင်သွင်းခြင်းများကို လုံးဝ(လုံးဝ) လက်ခံမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အလုပ်သမားဝန်ကြီးဌာန၏ www.mol.gov.mm Website တွင် လေ့လာနိုင်ပြီး ဖုန်း-၀၆၇-၃၄၁၇၉၁၈၊ ၀၆၇-၃၄၁၇၉၅၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝန်ကြီးဌာနတင်ဒါကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀
## မကွေးခရိုင်တရားရုံးတော်၌
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၁၁၃

| | | |
|---|---|---|
| အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်(ကျောက်ပန်းတောင်းဘဏ်ခွဲ) (၎င်းဘဏ်ကိုယ်စား ဒေါ်မေကြူကြူအောင်၊ ဘဏ်ခွဲတာဝန်ခံ) | နှင့် | ၁။ ဦးသင့်ဦး ၂။ ဒေါ်စန်းစန်းအေး |
| **တရားလို** | | **တရားပြိုင်များ** |

မကွေးမြို့၊ ကန်သာ(ဘီ)ရပ်ကွက်၊ (၅)လမ်း၊ အမှတ်-B၈၈နေ (၂)တရားပြိုင် ဒေါ်စန်းစန်းအေး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက အပေါင်ပစ္စည်းများကို ထုခွဲရောင်းချခွင့်နှင့် ငွေပေါင်း (၂၁၄၂၁၅၆၀၆ကျပ်နှင့် ၅၂ပြား)အတွက် အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၃ရက် (၁၃၈၃ခုနှစ် တပို့တွဲလဆန်း ၃ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဝင်းထိန်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မကွေးခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## သမဝါယမဦးစီးဌာန
## နေပြည်တော်
## စာမေးပွဲဖြေဆိုရန် အသိပေးကြော်ငြာခြင်း

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၏ ၁၉-၁၂-၂၀၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် အလုပ်လျှောက်လွှာခေါ်ယူခဲ့သည့်နည်းပြ၊ အငယ်တန်းအင်ဂျင်နီယာ(၂)၊ အငယ်တန်းစာရေး၊ စာရင်းကိုင်(၄)၊ လျှပ်စစ်ကျွမ်းကျင်(၄)ရာထူးနေရာများအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို သက်ဆိုင်ရာ သမဝါယမကောလိပ်(ဖောင်ကြီး၊ မန္တလေး)နှင့် ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင် အောက်ပါအတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ရေးဖြေစာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို ၂၆-၁-၂၀၂၂ ရက်မှစတင်၍ စာမေးပွဲဖြေဆိုရမည့် စာစစ်ဌာနတည်ရှိရာ သမဝါယမကောလိပ်(ဖောင်ကြီး၊ မန္တလေး)နှင့် ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင် ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | **စာမေးပွဲဖြေဆိုရမည့်ရက်** | - ၂၉-၁-၂၀၂၂ ရက်(စနေနေ့) |
| (ခ) | **ဖြေဆိုရမည့်ဘာသာရပ်များ** | - နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ မြန်မာစာ+အင်္ဂလိပ်စာ<br>မွန်းလွဲ ၁၃:၀၀နာရီမှ ၁၅:၀၀ နာရီအထိ အထွေထွေဗဟုသုတ |

၂။ အမှုတွဲထိန်း၊ စက်မှုကျွမ်းကျင်(၅)၊ လုပ်သားမှူး၊ သန့်ရှင်းရေး၊ စာကူးစက်လှည့်အကူ၊ ရုံးအကူ၊ အစောင့်၊ သန့်ရှင်းရေး(အကူ)၊ လုပ်သား(အထွေထွေ)၊ စာပို့လုပ်သား(ဥယျာဉ်)၊ လုပ်သား(လုံခြုံရေး)ရာထူးများအတွက် လူတွေ့စစ်ဆေးခြင်းကို ၁-၂-၂၀၂၂ ရက်မှစတင်၍လည်းကောင်း၊ ယာဉ်မောင်း(၅)/ယာဉ်မောင်းစက်ပြင်(၅) ရာထူးအတွက် လက်တွေ့နှင့် လူတွေ့စစ်ဆေးခြင်းကို ၄-၂-၂၀၂၂ ရက်မှစတင်၍လည်းကောင်း၊ သက်ဆိုင်ရာ သမဝါယမကောလိပ်(ဖောင်ကြီး၊ မန္တလေး)နှင့် ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင် ဆောင်ရွက်သွားမည်ဖြစ်၍ စစ်ဆေးမည့်ရက်မတိုင်မီ သက်ဆိုင်ရာဌာနသို့ သတင်းပေးပို့ရန်ဖြစ်ပါသည်။

၃။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြား လာရောက်ထုတ်ယူချိန်နှင့် ကျန်ရာထူးများအတွက် လက်တွေ့နှင့် လူတွေ့စစ်ဆေးခြင်း ဖြေဆိုရန် သတင်းပေးပို့ချိန်တွင် လျှောက်လွှာနှင့် ပူးတွဲတင်ပြခဲ့သည့် အထောက်အထားမူရင်းများကို တစ်ပါတည်းယူဆောင်လာရမည်။ စာမေးပွဲခန်းမအတွင်းသို့ အချိန်နောက်ကျရောက်ရှိလာသူများအား စာမေးပွဲဖြေဆိုခွင့်ပြုမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**သမဝါယမဦးစီးဌာန**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
## မီးခံဘိလပ်မြေပြားစက်ရုံ(မှော်ဘီ)
## Public Private Partnership (PPP) အတွက်
## စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာ
## (Expression of Interest -EoI) ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ မီးခံဘိလပ်မြေပြားစက်ရုံ(မှော်ဘီ)အား ပြည်တွင်း/ပြည်ပမှ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် Public Private Partnership (PPP) ပုံစံဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် စိတ်ပါဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာ(Expression of Interest-EoI) ခေါ်ယူသွားမည်ဖြစ်ပါသည်။

၂။ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပ ကုမ္ပဏီများသည် ၎င်းတို့၏ စိတ်ဝင်စားမှုအဆိုပြုလွှာကို စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ နည်းပညာဖွံ့ဖြိုးရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့လိပ်မူ၍ ၂-၂-၂၀၂၂ရက်၊ ညနေ ၃:၀၀နာရီ (မြန်မာစံတော်ချိန်)အရောက် ပေးပို့တင်ပြရမည်ဖြစ်ပါသည်။

၃။ အဆိုပြုလွှာပုံစံနှင့် အခြားသက်ဆိုင်ရာစာရွက်စာတမ်းများကို အောက်ပါကုမ္ပဏီဆိုင်ရာအထောက်အထားများတင်ပြ၍ အထက်ပါလိပ်စာတွင် ၃-၁-၂၀၂၂ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်-

(က) လုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားကြောင်းကိုတိကျသေချာစွာ ဖော်ပြထားသည့် အကြောင်းကြားစာ
(ခ) သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်
(ဂ) ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း/စည်းမျဉ်း
(ဃ) နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီအချက်အလက်များ
(င) ရင်းနှီးမြှုပ်နှံလိုသူ၏ လုပ်ကိုင်မည့်လုပ်ငန်းအတွက် အတွေ့အကြုံ
(စ) ကုမ္ပဏီနှင့်ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် Contact Person ၏ အမည်၊ ရာထူး၊ လိပ်စာ၊ ဖုန်း၊ Email

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၈၆၇၈၊ ၀၆၇-၃၄၀၈၆၇၉)

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀
## မကွေးခရိုင်တရားရုံးတော်၌
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၄၉

| | | |
|---|---|---|
| အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်(ကျောက်ပန်းတောင်းဘဏ်ခွဲ) (၎င်းဘဏ်ကိုယ်စား ဦးဝင်းနိုင်၊ လက်ထောက်မန်နေဂျာ) | နှင့် | ၁။ ဦးသိန်းဝင်း ၂။ ဒေါ်မာလာသော် ၃။ ဒေါ်ရီ |
| **တရားလို** | | **တရားပြိုင်များ** |

မကွေးမြို့၊ ဆားစည်ရပ်၊ မြသလွန်ဘုရားလမ်း၊ အမှတ်(၁၆၅)၊ (သီးနှံမျိုးစုံရောင်းဝယ်ရေးလုပ်ငန်း)နေ တရားပြိုင်များ ဦးသိန်းဝင်း၊ ဒေါ်မာလာသော်၊ ဒေါ်ရီ(ယခုနေရပ်လိပ်စာမသိသူတို့) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အပေါင်ပစ္စည်းများကို ထုခွဲရောင်းချရန်ခွင့်နှင့်ငွေပေါင်း (၁၉၆၁၇၀၃၂၉ ကျပ်နှင့် ၇ ပြား)အတွက် အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၃ရက် (၁၃၈၃ခုနှစ် တပို့တွဲလဆန်း ၃ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၁၃ရက် တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းဝင်းထိန်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မကွေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ သီလ(၁၁)လမ်း၊ မြေကွက်အမှတ်(၉၀၈)ရှိ မြေရှင် ဦးခင်မောင်ဝင်းနှင့် ကန်ထရိုက်တာ ဦးညီညီလတ်တို့ အခန်းပေး အခန်းယူဆောက်လုပ်ထားသော ခြောက်ထပ်တိုက် ရင်ခွဲတိုက်ခန်းများအနက်မှ ယခုရောင်းချသည့် ပဉ္စမထပ်(၆)လွှာ၊ ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း(၁၄x၃၀)ပေ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ယခုပိုင်ဆိုင်သူ ဦးခင်စိုးမှာ ရပ်ဝေးရောက်နေသည့်အတွက် မြေးဖြစ်သူ ဒေါ်ခိုင်ရည်မွန် ၁၂/မဂဒ(နိုင်) ၁၅၁၇၆၄ မှ တာဝန်ယူပြီးရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြိုးဖြိုးအောင် ၁၂/ဒဂတ(နိုင်)၀၈၄၃၅၁က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ဖြိုးဖြိုးအောင်** | **ဒေါ်စုစုအောင်(LL.B)** |
| **၁၂/ဒဂတ(နိုင်)၀၈၄၃၅၁** | **(စဉ်-၁၃၄၉၈/၂၀၁၇)** |
| | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၉၉၉)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၇၇၈၉၄၀၂၀၆**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ၂၈ (အောက်လမ်း)၊ အမှတ်(၃၅-အေ)၊ ပထမထပ်အခန်းတွင် နေထိုင်သူ ဒေါ်ခင်ခင် ၁၂/ပဘတ(နိုင်) ၀၁၃၀၅၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးညွှန့်သန်း ၁၂/ပဘတ(နိုင်)၀၀၉၈၀၃နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဖိုလ်မှူးဘသန်း(ငြိမ်း)နှင့် ဒေါ်ခင်ခင်တို့တွင် သားသမီး(၅)ဦးမွေးဖွားခဲ့ရာတွင် ဦးညွှန့်သန်းမှာ သားတစ်ဦးဖြစ်ပါသည်။ ဖခင်ဗိုလ်မှူးဘသန်း(ငြိမ်း)ကွယ်လွန်ပြီး နောက်ပိုင်းတွင် မိခင်ဒေါ်ခင်ခင်က မိဘဝတ္တရားနှင့်အညီ သား ဦးညွှန့်သန်းအပါအဝင် ကျန်သားသမီးအားလုံးတို့ကို အမွေပစ္စည်းများအား အသီးသီးခွဲဝေပေးခဲ့ပြီးဖြစ်ပါသည်။ ထိုသို့အမွေပစ္စည်းများကို ခွဲဝေပေးပြီးဖြစ်သော်လည်း သားဖြစ်သူ ဦးညွှန့်သန်းသည် မိခင်ကြီး ဒေါ်ခင်ခင်အပေါ် သားသမီးဝတ္တရားကျေပွန်ခြင်းမရှိသည့်အပြင် မိခင်ကြီး စိတ်ဆင်းရဲဒုက္ခရောက်စေရန် အမျိုးမျိုးပြုမူဆောင်ရွက်ပြောဆိုလာသဖြင့် မိခင်ကြီး ဒေါ်ခင်ခင်အနေဖြင့် ကြီးစွာသောစိတ်ဆင်းရဲဒုက္ခ ခံစားခဲ့ရပါသည်။

ထို့အတွက် မိခင် ဒေါ်ခင်ခင်က သားဖြစ်သူ ဦးညွှန့်သန်းအား သားတစ်ဦးအဖြစ်ပင် အသိအမှတ်ပြုချစ်ခင်လိုသောဆန္ဒမရှိတော့သဖြင့် ဤကြော်ငြာသည့်ရက်မှစတင်ပြီး မိခင်ဒေါ်ခင်ခင်က ယုံကြည်လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းကြောင်းနှင့် ဦးညွှန့်သန်းတစ်ဦးတည်းသဘောဖြင့် လုပ်ကိုင်ဆောင်ရွက်မှုများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခင်ခင်** | **ဦးသန့်ဇင်ဝင်း(LL.B)** |
| **၁၂/ပဘတ(နိုင်)၀၁၃၀၅၀** | **တရားလွှတ်တော်ရှေ့နေ** |
| | **စဉ်-၁၇၇၀၇(၂၁-၁၂-၂၀၂၁)** |
| | **အမှတ်-၂၁၊ ဥဿဖယားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊** |
| | **ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး** |
| | **ဖုန်း-၀၉-၂၅၄၃၄၆၅၂၈** |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀
## ပခုက္ကူမြို့နယ်တရားရုံးတော်
## ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၁၂

| | | |
|---|---|---|
| ဒေါ်ဇင်နီနီထွေး | **နှင့်** | ဦးအောင်ဇော်မင်း |
| **တရားလို** | | **တရားပြိုင်** |

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ ငြိမ်းချမ်းရေးလမ်းနေ တရားပြိုင် ဦးအောင်ဇော်မင်း (ဘ) ဦးမောင်မောင်စိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဇင်နီနီထွေး က"လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁၁ရက် (၁၃၈၃ခုနှစ် တပို့တွဲလဆန်း ၁၁ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇာနည်အောင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ပခုက္ကူမြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၄၅ နှင့် ဆက်နွယ်သည့်
## ၂၀၂၀ ခုနှစ် တရားမဇာရီမှုအမှတ် - ၆၈ ။

| | | |
|---|---|---|
| ဦးသန်းဆွေ | နှင့် | ဦးမောင်မောင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အခန်းအမှတ်(၃၉/၄၀)၊ လေးမျက်နှာတိုက်ခန်း၊ (၅၆x၅၇)လမ်းကြား၊ မနော်ဟရီလမ်းတောင်ဘက်နေ ဦးမောင်မောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၄၅တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် (၁၃၈၃ ခုနှစ် တပို့တွဲလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူသွယ်အောင်)**
**တွံ့ဖက်မြို့နယ်တရားသူကြီး(၃)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**



ရွှေစက်တော်မန်းချောင်း ဆင်စခန်းရှိ အပန်းဖြေတည်းခိုရိပ်သာများကို တွေ့ရစဉ်။

# ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းကို မန်းရွှေစက်တော်ဘုရားပွဲတော်ချိန်အမီ ပြန်လည်ဖွင့်လှစ်မည်

**မင်းဘူး ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၊ မန်းရွှေစက်တော်ဘုရားကြီးအနီး ပဒေါင်း-ပျော်ဘွယ် ကြိုးပြင်ကာကွယ်တောအတွင်း၌ တောတောင်ရေမြေနှင့် သဘာဝရှုခင်းအလှများကိုအခြေခံပြီး ပြည်တွင်း/ပြည်ပ ခရီးသွားများအား ဆွဲဆောင်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ထားသည့် ရွှေစက်တော်မန်းချောင်းအပန်းဖြေ ဆင်စခန်းကို မန်းရွှေစက်တော် ဘုရားပွဲတော်ချိန်အမီ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့သစ်လုပ်ငန်း၊ မင်းဘူး သစ်ထုတ်ရေးဒေသ၊ ဆင်ထိန်းသိမ်း စောင့်ရှောက်ရေးအခြေပြု ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ် မတ် ၂၅ ရက်မှ ယနေ့အချိန်အထိ ယာယီပိတ်ထားခဲ့ရကြောင်း၊ ယခုအခါ မန်းရွှေစက်တော်ဘုရားပွဲတော် ဖွင့်ပွဲနှင့်အတူ ပြန်လည် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဆင်စခန်းတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးလှသန်း ထံမှ သိရသည်။ *စာမျက်နှာ ၂၄ ကော်လံ ၁* ◆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်း အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၁၆**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့် ယှဉ်ပြိုင်ရန် ယနေ့နံနက်ပိုင်းက အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားသည်။

၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်းစုစုပေါင်း ၁၂ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် အိမ်ရှင်အိန္ဒိယ၊ တရုတ်၊ တရုတ်တိုင်ပေ၊ အီရန်၊ အုပ်စု (ခ) တွင် ဩစတြေးလျ၊ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ အုပ်စု (ဂ) တွင် လက်ရှိချန်ပီယံဂျပန်၊ တောင်ကိုရီးယား၊ ဗီယက်နမ်နှင့် မြန်မာအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် *စာမျက်နှာ ၂၄ ကော်လံ ၅* ❂

# မြဝတီမြို့မှ LP Gas အရည်များသယ်ဆောင်လာသည့် မော်တော်ယာဉ်များကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်၊ မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၁၆**

ကရင်ပြည်နယ် မြဝတီမြို့မှ ထင်းအစားထိုး လောင်စာဆီအဖြစ် အသုံးပြုသည့် ရေနံဓာတ်ငွေ့ရည် (LP Gas) များ သယ်ဆောင်လာသည့် မော်တော်ယာဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩရကုမ္ပဏီမှ Fuso အမျိုးအစား ၁၂ ဘီး မော်တော်ယာဉ်သည် ရေးမြို့သို့ *စာမျက်နှာ ၂၀ ကော်လံ ၄* ❄



အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်မီးရှို့မှုကြောင့် မီးလောင်မှုဖြစ်ပွားနေသော ရေနံဓာတ်ငွေ့ရည် သယ်ဆောင်သည့်ယာဉ်ကို မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေစဉ်။

ယနေ့ သတင်း အညွှန်း

PDF အမည်ခံ အကြမ်းဖက်သမားများက မန္တလေးမြို့ရှိမဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အနီး သာသနာ ၂၅၀၀ ဝင်းအတွင်း လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖောက်ခွဲ

ပြည်တွင်း သတင်း စာ - ၂၅

အကြမ်းဖက်သောင်းကျန်းသူများက လှိုင်ကော်မြို့အတွင်း အကြမ်းဖက်မှု လုပ်ငန်းများ လုပ်ဆောင်နေမှုကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြည်သူလူထုထိခိုက်မှုမရှိစေရေး လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ